www.burmeseclassic.com



တက္ကသိုလ်

# နေလင်းအောင်

# ချစ်စောင်းသံရှင် သိုင်းဝိညာဉ်

ဝမ်အင်း၏ ရှေဂက်ထုံကျင်းဟူ

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

# ဗျပ်ခေါင်းသံရှင်သိုင်းဝိညာဉ်

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



မဟူရာည....

ယွန်မြစ်တစ်လျှောက် အမှောင်ထုကြီးစိုးလျက်ရှိသည်။

မြစ်တွင်းရှိဝါးဖောင်တစ်ခုပေါ်တွင် သေသပ်စွာဆောက်လုပ်ထားသောတဲအိမ်ငယ်လေးတစ်လုံးရှိ၏။

တဲအိမ်ငယ်၏တံစက်မြိတ်အစွန်းနှစ်ဖက်တွင် ဖန်မီးအိမ်တစ်လုံးစီ ချိတ်ဆွဲထားလျက်ရှိရာ....

ဖန်မီးအိမ်မှမီးအလင်းရောင်သည် မြစ်တွင်းသို့ယှက်ဖြာ၍ကျရောက်လျက်ရှိနေပေသည်။

ထိုအလင်းရောင်ကြောင့်ပင်....

တဲအိမ်လေးရှေ့၌ စားပွဲတစ်လုံးနှင့်ထိုင်ခုံတစ်လုံးရှိနေသည်ကိုမြင်တွေ့ရသည်။

ထိုင်ခုံပေါ်တွင် မည်သည့်အရာမျှရှိမနေသော်လည်း စားပွဲပေါ်တွင်မူ အနီရောင်ကတ္တီပါစဖြင့် ဖုံးအုပ်ထားသောသေတ္တာငယ်တစ်လုံးရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်သည် သေတ္တာငယ်ကိုဖုံးအုပ်ထားသော ကတ္တီပါစအားဆွဲဖယ်လိုက်၏။

ထို့နောက် အလွန်တရာလှပသောလက်ကလေးနှစ်ဖက်သည် သေတ္တာအဖုံးကိုဖွင့်ကာ အတွင်းမှအရာဝတ္ထုတစ်ခုကို ညင်သာစွာထုတ်ယူလိုက်လေသည်။

ထိုအရာကား ဗျပ်စောင်းတစ်လက်ပင်ဖြစ်ပေသည်။

လက်ချောင်းကလေးများကို လှုပ်ရှားလိုက်သည့်အခါ ဗျပ်စောင်းထဲမှ အလွန်တရာဝမ်းနည်းကြေကွဲစရာကောင်းသောသံစဉ်တစ်ခု ပျံ့လွင့်ထွက်ပေါ်လာလေတော့၏။

၀၀၀၀



အလွန်ကြေကွဲဖွယ်ရာ သံစဉ်တစ်ခုသည် ဗျပ်စောင်းမှ ထွက်ပေါ်လာလေသည်။

ဗျပ်စောင်းကိုတီးခတ်နေသော မိန်းကလေး၏ မျက်နှာပေါ်တွင်လည်း ကြေကွဲဝမ်းနည်းသည့်အရိပ်အယောင်များကိုတွေ့မြင်နေရလေသည်။

သူမသည် ငြိမ်သက်နေသောယူနန်မြစ်ရေပြင်ကိုစိုက်ကြည့်ကာ ဗျပ်စောင်းကိုတီးခတ်နေ၏။

သူမ၏အသက်မှာ နှစ်ဆယ်ကျော်မျှသာ ရှိဦးမည်ဖြစ်သည်။

သူမ၏မျက်နှာသည် အလွန်တရာလှပသောမျက်နှာဖြစ်ပေသည်။ မည်သည့်ယောကျ်ားသားမဆို စွဲမက်ကြရမည့်မျက်နှာထားမျိုးဖြစ်လေသည်။

ရုတ်တရက် သူမ၏လှပသောမျက်နှာပေါ်တွင် အေးစက်စက်ဟန်မူရာမျိုးပေါ်ထွက်လာလေသည်။

ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



ဖျပ်စောင်းမှထွက်ပေါ်လာသောသံစဉ်မှာလည်း ခက်ထန်ကြမ်းတမ်းသည့်သံစဉ်သို့ ကူးပြောင်းသွားလေတော့သည်။

၀၀၀၀



မိန်းကလေးသည်....

ဖျပ်စောင်းအား ကြမ်းတမ်းစွာနေလေသည်။

ရုတ်တရက်....

ကန်ရေပြင်သည်လည်းလှုပ်ရှားလူးလွန့်လာ၏။

အိမ်ကလေး၏တံစက်မြိတ်အစွန်းနှစ်ဖက်၌ ချိတ်ဆွဲထားသော ဖန်မီးအိမ်နှစ်လုံး ပြင်းပြင်းထန်ထန်ခါယမ်းလှုပ်ရှားလာ၏။

ထိုစဉ်....

မိန်းကလေးသည် ဖျပ်စောင်းကိုတီးခတ်နေရာမှ....

ရုတ်တရက်ရပ်တန့်လိုက်၏။

ထို့ကြောင့် ဖျပ်စောင်းသံစဉ်များလည်း တိခနဲရပ်ဆိုင်းသွားလေတော့သည်။ မိန်းကလေး၏ကန်ရေပြင်အားစိုက်ကြည့်နေသော မျက်လုံးအစုံတွင် လူသတ်လိုသောဟန်အမူအရာများပေါ်လွင်ထင်ရှားနေသည်။

သူမသည် မျက်လုံးကိုစုံမှိတ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ၏မျက်လုံးထဲတွင် လွန်ခဲ့သောဆယ်နှစ်ဆီက အဖြစ်အပျက်များအား စိကာစဉ်ကာမြင်ယောင်နေလေတော့၏။

၀၀၀၀



ဤနေရာသည် ယူနန်နယ်စပ်ရှိလွင်ပြင်တစ်ခုဖြစ်၏။

လွင်ပြင်ထဲတွင် သစ်သားအိမ်လေးတစ်လုံးရှိနေသည်။

ထိုအိမ်ကလေးရှေ့တွင်....

အသက်ဆယ်နှစ်အရွယ်မိန်းကလေးတစ်ယောက်က အသက် ခုနစ်နှစ်အရွယ်ယောကျာ်းလေးတစ်ယောက်အား ရေမိုးချိုးပေးနေသည်။

ရေငါးခွက်ခန့်လောင်းပြီးသောအခါ...

ခုနစ်နှစ်အရွယ်ကလေးငယ်အား ချေးတွန်းဆပ်ပြာတိုက်ကာ ရေသုံးလေးခွက်ထပ်လောင်း၍အိမ်ပေါ်သို့တက်ခဲ့သည်။

ထို့နောက်....

သူမသည် မောင်လေးဖြစ်သူအတွက် အဝတ်အစားများလဲလှယ်ပေးနေ၏။

ထိုအချိန်တွင်....

အိမ်ရှေ့ဆီမှမိခင်ဖြစ်သူ၏အသံကိုကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုဖူချင်းလွေ... ရှင် ကျွန်မ့သားသမီးအတွက် ဘာမှ မစဉ်းစားတော့ဘူးလား"

ဖူချင်းလွေက....

"အို... မင်းဘယ်လိုပြောလိုက်တာလဲ၊ ငါကငါ့သားသမီးတွေ အတွက် မစဉ်းစားဘဲနေပါ့မလား"

ဟုပြန်ပြောသည်။

မိခင်ဖြစ်သူကျင်းမေက....

"ရှင် စဉ်းစားတယ်သာပြောတာ... တစ်နေ့တစ်နေ့ ဒီဗျပ် စောင်းကြီးရှေ့မှာပဲထိုင်ပြီး တစ်နေကုန်နှိုက်ချွတ်နေတာပဲ... နေပါဦး ဒီဗျပ်စောင်းကြီးကဘာများထူးခြားနေလို့လဲ"

ဟု အားမလိုအားမရလေသံဖြင့်ပြန်မေးလေသည်။

ဖူချင်းလွေက မိမိရှေ့ရှိဗျပ်စောင်းအားငုံ့ကြည့်ကာပြုံးလိုက် လေသည်။

သူ၏အပြုံးသည် အလွန်တရာအားရကျေနပ်သောအပြုံးမျိုး ဖြစ်ပေသည်။

"ကျင်းမေ... မင်းဟာ လက်နက်ပါရဂူတစ်ယောက်ရဲ့ဇနီး ဆိုတာမေ့နေပြီလား"

ကျင်းမေက မျက်လုံးပြူးကာပြန်ကြည့်လိုက်သည်။

သူမသည်....



ဗျပ်စောင်းကိုတစ်လှည့် ဖူချင်းလွေကိုတစ်လှည့်ကြည့်ကာ ားမလည်စွာဖြင့်မေးလိုက်လေသည်။

"ဘယ်လို... ရှင်က ဒီဗျပ်စောင်းကို လက်နက်တစ်ခုအဖြစ် န်တီးထားတယ်လို့ ဆိုလိုတာလား"

ဖူချင်းလွေကပြုံးကာ....

"ဆိုလိုတာမဟုတ်ဘူး... ဟုတ်ကိုဟုတ်တာကွ၊ ကျုပ်က ဒီ ပ်စောင်းကို အင်မတန်အစွမ်းထက်တဲ့လက်နက်တစ်မျိုးအဖြစ်ဖန် း‌တီထွင်ထားတာလေ"

ထိုစကားကြောင့်....

ကျင်းမေမှာ အလွန်အံ့သြသွားမိလေတော့သည်။

သူမသည် ဗျပ်စောင်းအားတစ်ချက်ဝှီးခတ်ကြည့်လိုက်၏။

ထို့နောက် ဖူချင်းလွေအားမော့ကြည့်ကာ....

"ရှင်ရဲ့ဗျပ်စောင်းက သာမန်ဗျပ်စောင်းတစ်လက်လိုပါပဲ း၊ ဘယ်မှာလက်နက်ဖြစ်လို့လဲ"

ဖူချင်းလွေကသဘောကျစွာရယ်မောလိုက်၏။

သူသည် ရယ်မောရင်းရှင်းပြလိုက်၏။

"ဟား... ဟား... ဟား... ဒီမှာကျင်းမေ မင်းဟာ သိုင်း ာကမှာလျှမ်းလျှမ်းတောက်ကျော်ကြားခဲ့တဲ့မိန်းကလေးပဲ ဦး ပြီး ညှံ့လှချည်လားကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းမေသည် ဖူချင်းလွေ၏စကားကြောင့် မင်ကျေမနပ်ဖြစ်သွားလေသည်။

သူမက ဖူချင်းလွေအားမျက်စောင်းတစ်ချက်ခဲကာ....

"ရှင်ကကော ကျွန်မကို ရှင်တီထွင်တဲ့လက်နက်အကြောင်းအရာများပြောခဲ့ဖူးလို့လဲ၊ တကယ်ဆိုရင် ကိုယ့်မိန်းမ ကိုယ်ပြောပြထားသင့်တာပေါ့ရှင့်"

ဖူချင်းလွေကပြုံးလိုက်သည်။

ပြီးနောက် ခေါင်းတညိတ်ညိတ်ဖြင့်....

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ ကျုပ်မင်းကိုမပြောပြခဲ့မိတာတော့ အပြစ်ရှိပါတယ်"

ကျင်းမေက သူ့အားမျက်လုံးပြူးကာကြည့်လိုက်သည်။

"ကဲ... ဒါဆိုရင် အခု ဒီဖျပ်စောင်းအကြောင်း ရှင်းပြတော့လေ"

ဖူချင်းလွေကပြုံး၍ ဖျပ်စောင်းအား အနီရောင်သေတ္တာထဲမှထုတ်ယူလိုက်သည်။

ထို့နောက် တယုတယပွတ်သပ်လိုက်ပြီး....

"ကျုပ်က ဒီဖျပ်စောင်းကို လက်နက်အဖြစ် အသုံးပြုလို့ရအောင် တီထွင်ထားတာလေ... ဒီဖျပ်စောင်းကိုကြည့်ရင် သာမန်ဖျပ်စောင်းလိုပဲ၊ ဒါပေမဲ့ ဒီဖျပ်စောင်းကို အတွင်းအားထည့်ပြီး ကြမ်းကြမ်းတမ်းတမ်းတီးခတ်မယ်ဆိုရင်... တီးခတ်သူရဲ့အတွင်းအား ကောင်းသလောက် အသံကြားရသူအတွက် နားစည်ကွဲပြီးသေဆုံးသွားစေနိုင်တယ်"



သူကဆက်ပြောသည်။

"နောက်ပြီး ဝန်းကျင်မှာရှိတဲ့အရာဝတ္ထုတွေတောင်မှ ဒီဖျပ်စောင်းကထွက်ပေါ်လာတဲ့ အတွင်းအားရဲ့ရိုက်ခတ်မှုကြောင့် ကျိုးပဲ့ကြေမွသွားနိုင်တယ်"

ထိုစကားကြောင့်....

ကျင်းမေ အလွန်အံ့ဩသွားလေသည်။

"ဟာ... ဒါဆို အင်မတန်ကြောက်စရာကောင်းနေတာပဲ"

ဖူချင်းလွေခေါင်းညိတ်လိုက်၏။

"ကျုပ်က ဒီဖျပ်စောင်းထဲမှာ အင်မတန်လျှို့ဝှက်တဲ့ပစ္စည်းတစ်ခုလဲထည့်သိမ်းထားသေးတယ်"

ကျင်းမေမျက်မှောင်ကုပ်သွား၏။

ပြီးနောက် စိတ်ဝင်တစားဖြင့်....

"ဘာလျှို့ဝှက်ချက်လဲဟင်"

ဟုမေးလိုက်သည်။

ဖူချင်းလွေက ဖျပ်စောင်းအား လက်ဖြင့်အသာအယာပွတ်သပ်ကာရှင်းပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီဗျပ်စောင်းထဲမှာ ဂိုဏ်းအသီးသီးကကျော်ကြားနေတဲ့ သိုင်းကွက်တွေကို ရေးသားဖော်ပြထားတယ်၊ နောက်ပြီး အဲဒီသိုင်းကွက်တွေရဲ့ဟာကွက်တွေကိုလဲ ဖော်ပြပေးထားတယ်"

ကျင်းမေ၏မျက်လုံးများ ပြူးကျယ်သွားရလေသည်။

"အို… ရှင်တကယ့်ကိုစိတ်ကူးကောင်းတာပဲကိုး၊ ဟုတ်တယ် သိုင်းကွက်တိုင်းမှာ ဟာကွက်ဆိုတာရှိနေစမြဲပဲ၊ ဒါကို ဘယ်သူကမှ ဂရုပြု မလေ့လာခဲ့ကြဘူး"

ဖူချင်းလွေ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ… တကယ်လို့သာ ဂိုဏ်းအသီးသီးက ဒီ ဟာကွက်တွေအကြောင်းကိုသိခဲ့မယ်ဆိုရင် ကိုယ့်ဂိုဏ်းရဲ့လိုအပ်ချက်ကိုပြုပြင်လို့ရတယ်၊ တစ်ခါ သူများဂိုဏ်းရဲ့အားနည်းချက်ကို အနိုင် ယူလို့ရတယ်"

ကျင်းမေ၏မျက်နှာပေါ်တွင် နားလည်သည့်လက္ခဏာများ ပေါ်လွင်လာလေသည်။

သူမသည် ဖူချင်းလွေကိုလှမ်းကြည့်လိုက်ပြီး….

"သြော်… ရှင်က ဒါကြောင့် ဒီဗျပ်စောင်းကိုတီထွင်ဖို့အတွက် လူသူမနီးတဲ့လွင်ပြင်ကိုထွက်လာခဲ့တာကိုး"

ဖူချင်းလွေခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"



ကျင်းမေ၏မျက်နှာပေါ်တွင် စိုးရိမ်သောဟန်မူရာများပေါ် လွင်လာလေသည်။

"ကျွန်မရင်ထဲမှာ ဒီဗျပ်စောင်းကိုကြည့်ပြီးစိုးရိမ်နေမိတယ်"

ဖူချင်းလွေက သူမအား နားမလည်နိုင်ဟန်ဖြင့်ကြည့်လိုက် လေသည်။

"နေပါဦး… မင်းကဘာဖြစ်လို့စိုးရိမ်ရတာလဲ"

ကျင်းမေသက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း… ရှင်သိတဲ့အတိုင်းပဲ သိုင်းလောကသားတွေဟာ သိုင်းပညာနဲ့ပတ်သက်လာရင် အလွန်လောဘရမ္မက်ကြီးတတ်ကြ တယ်၊ ဒါကြောင့် ရှင် ဒီဗျပ်စောင်းကိုတီထွင်ခဲ့တာကိုသာသိသွား ကြရင် သိုင်းလောကသားတွေ ကျွန်မတို့ဆီကို စုပြုံရောက်လာကြမှာ သေချာတယ်"

ဖူချင်းလွေ ခေါင်းခါယမ်းလိုက်သည်။

"ဒီကိစ္စအတွက် ဘာမှစိတ်မပူပါနဲ့… ကျုပ်က ဒီကိစ္စကိုသိလို့ ကြိုတင်စဉ်းစားပြီးသားပါ"

ကျင်းမေမျက်မှောင်ကြုတ်လိုက်ပြန်သည်။

"ရှင်ကဘယ်လိုစဉ်းစားထားတာလဲ"

ဖူချင်းလွေက သူမအားတစ်ချက်ကြည့်လိုက်၏။

ပြီးနောက်….

www.burmeseclassic.com

www.burmeseclassic.com



အတွင်းခန်းထဲမှထွက်လာသော သားနှင့်သမီးအား လှမ်းကြည့်လိုက်လေသည်။

"ငါ့ရဲ့သမီးနဲ့သားကို ဒီလိုလွင်ပြင်ထဲမှာတစ်သက်လုံး ထားလို့မဖြစ်ဘူးလေ၊ ဒါကြောင့် ဒီလက်နက် ဘုရင့်ဆီကိုဆက်သမယ်၊ ပြီးရင် ကျုပ်တို့မြို့ထဲမှာ ပြန်အခြေချပြီး သူတို့ကိုပညာသင်ပေးရမယ်"

ကျင်းမေ၏မျက်နှာပေါ်တွင် ကျေနပ်ဝမ်းသာသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

သူမကပြုံး၍သက်ပြင်းတစ်ချက်ချကာ....

"အင်း... ဒါမှလဲ ကျွန်မတို့မိသားစုအတွက် ဘာအန္တရာယ်မှစိုးရိမ်စရာမရှိတော့မှာ၊ နောက်ပြီး တိုင်းပြည်အတွက်လဲ ဘယ်လိုအန္တရာယ်မျိုးကမှလာပြီး အနှောင့်အယှက်ပေးလို့မရတော့ဘူး၊ ဒီတစ်ခါ ရှင့်ရဲ့ဆုံးဖြတ်ချက်ဟာ တကယ်မှန်မြတ်လှပါပေတယ်၊ ကျွန်မရှင့်အတွက်ဂုဏ်ယူပါတယ်"

ထိုအချိန်တွင် သမီးဖြစ်သူ အနီးသို့ကပ်လာကာ ဦးညွှတ်ဂါရဝပြု၏။

ပြီးနောက် ချိုငြင်သောအသံဖြင့်ပြောလိုက်၏။

"ဖေဖေ... သမီးကလဲ ဖေဖေလိုတိုင်းပြည်ကိုအကျိုးပြုပေးနေတဲ့လက်နက်ပါရဂူတစ်ယောက်ရဲ့သမီးဖြစ်ရတာကို အင်မတန်ပဲဂုဏ်ယူပါတယ်"



ဖူချင်းလွေ အားပါးတရရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား... ငါ့သမီးဖူယို့ဝှာကတော့ တကယ့်အာဂသမီးပါပဲ၊ ဒါနဲ့ ဖေဖေသင်ပေးတဲ့အတွင်းအားကိုကော လေ့ကျင့်ရဲ့လား"

ဖူယို့ဝှာကခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့... သမီး နေ့စဉ်မပြတ်လေ့ကျင့်ပါတယ်"

ကျင်းမေက သားဖြစ်သူအားပွေ့ချီလိုက်သည်။

"သားဖူနိုင်ဆင်း... မင်းကိုလဲ မေမေက မမအရွယ်ရောက်ရင် သိုင်းပညာသင်ပေးမယ်နော်"

ဖူနိုင်ဆင်းက ပြုံး၍ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့မေမေ"

ကျင်းမေသည် ရုတ်တရက်တစ်စုံတစ်ခုအားသတိရလာ၏။

သူမသည် ဗျူပ်စောင်းအားငုံ့ကြည့်ကာ....

"ဒါနဲ့ ရှင်က ဒီဗျူပ်စောင်းကို ဘယ်တော့ ဘုရင်မင်းမြတ်ဆီဆက်သမှာလဲ"

ဖူချင်းလွေက ပြုံးလိုက်သည်။

"ကျုပ်သာ ဒီဗျူပ်စောင်းကို ဘုရင်မင်းမြတ်ဆီသွားပြီး ဆက်သမယ်ဆိုရင် လမ်းခရီးမှာမလိုလားအပ်တဲ့ပြဿနာတွေ တစ်သီကြီးဝင်လာနိုင်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းမေက အနည်းငယ်စဉ်းစားကာခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်… ဒါဆိုရင် ရှင်ဘယ်လိုစီစဉ်မလဲ"

ဖူချင်းလွေကပြုံးနေသည်။ သူ၏အပြုံးမှာ အလွန်လျှို့ဝှက်သောအပြုံးမျိုးဖြစ်သည်။ ကျင်းမေက သူ့အား မျက်မှောင်ကြုတ်ကာကြည့်လိုက်ရင်း…

"ရှင့် ဘာတွေကျိတ်ပြီးကြံစည်နေပြန်ပြီလဲ"

ဖူချင်းလွေကခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ကြံစည်တဲ့အလုပ်မျိုးကိုဝါသနာမပါဘူး"

ကျင်းမေက မျက်ခုံးအစုံကိုပင့်ကာ…

"ဒါဖြင့်…"

ဖူချင်းလွေက…

"ကျုပ် နေပြည်တော်ကိုလူလွှတ်ပြီးအကြောင်းကြားနိုင်းလိုက်ပါပြီ၊ ဘုရင်မင်းမြတ်က ရဲမက်တော်တွေလွှတ်ပြီး ဒီဗျပ်စောင်းကိုလာယူကြလိမ့်မယ်"

သည်တော့မှ ကျင်းမေက…

"ကျွန်မသိပြီ… ဒါကြောင့် ဟိုတစ်နေ့က အိမ်တော်ထိန်းကြီးတုလျှံကိုနေပြည်တော်လွှတ်လိုက်တာကိုး"

ဖူချင်းလွေကပြုံး၍ခေါင်းညိတ်လိုက်သည်။

ပြီးမှ မျက်ခုံးပင့်ကာ ကျင်းမေအားကြည့်လိုက်သည်။



"နေပါဦး… တုလျှံခရီးထွက်သွားတာကို မင်းကဘယ်လိုမြင်လို့လဲ"

ကျင်းမေက ခပ်ထွေထွေလေးပြုံးကာ…

"အစကတော့ ကျွန်မစိတ်ထဲမှာ စားနပ်ရိက္ခာတွေသွားဝယ်တယ်လို့ပဲထင်မိတာပေါ့၊ ခုမှပဲ ဒီဗျပ်စောင်း ဘုရင်မင်းမြတ်ထံဆက်သဖို့ တုလျှံကိုသွားအကြောင်းကြားနိုင်းလိုက်တယ်ဆိုတာ သဘောပေါက်မိတာပါ"

"ဟား… ဟား… ဟား ငါ့မိန်းမက တကယ်ဉာဏ်ကောင်းတာပဲကိုး"

ကျင်းမေပြုံးလိုက်သည်။

ထို့နောက်… ပြတင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့လှမ်းကြည့်ကာ…

"ကဲ… နေတောင် အတော်မြင့်နေပြီ၊ ကျွန်မတို့ထမင်းစားကြမယ်"

ဖူယို့ဝှာက ကမန်းကတန်းထလိုက်ပြီး…

"ဖေဖေနဲ့မေမေ… သမီးထမင်းပွဲပြင်လိုက်ပါဦးမယ်"

ဖူနိုင်ဆင်းလည်းထရပ်ကာ…

"မမ… ကျွန်တော်လဲ မမနဲ့ထမင်းဝိုင်းခူးပေးမယ်"

ဖူယို့ဝှာက သူ၏ပါးကိုဆွဲလိမ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးက တကယ်လိမ္မာတာပဲကိုး… လာ မမနဲ့အတူ ထမင်းပွဲပြင်ကြမယ်"

ဖူချင်းလွှေနှင့် ကျင်းမေတို့သည်လိမ္မာရေးခြားရှိသော သားနှင့်သမီးတို့ကိုကြည့်ကာ ကြည်နူးစွာပြုံးလိုက်လေသည်။

ဝဝဝဝ



ဖူယို့ဟွာသည် ဖူနိုင်ဆင်း၏လက်ကိုဆွဲကာ နောက်ဘက် အဆောင်ခန်းထဲသို့ဝင်ရန်ဟန်ပြင်လိုက်၏။

ပြီးမှ တစ်စုံတစ်ခုကိုသတိရဟန်ဖြင့် ဖခင်ဖြစ်သူအား လှည့်ကြည့်လိုက်သည်။

"ဖေဖေ… သမီးကို ဖေဖေ့ဗျပ်စောင်းက ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ ပြရမယ်နော်"

ဖူချင်းလွှေကရယ်မောလိုက်သည်။

ပြီးနောက် ခေါင်းတညိတ်ညိတ်ဖြင့်….

"အေးပါသမီးရယ်… ဖေဖေပြပါ့မယ်"

ကျင်းမေကခေါင်းခါယမ်းလိုက်၏။

"သမီးကတော့ဖအေလိုပဲ… လက်နက်ဆန်းဆိုရင် တကယ်ဝါသနာပါတာပဲ"

"ဟုတ်တယ်… ငါ့သမီးဟာငါ့လိုလျှမ်းလျှမ်းတောက်တဲ့သိုင်း ပညာရှင်တစ်ယောက်ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းမေကပြုံး၍ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ်... သူက တစ်နေ့တစ်နေ့ ရှင်သင်ပေးထားတဲ့ အတွင်းအားလေ့ကျင့်တဲ့ပညာကို အချိန်ရှိသမျှလေ့ကျင့်နေတော့တာ ပါပဲရှင်”

ဖူချင်းလွေက အလွန်ကျေနပ်စွာပြုံးရင်း....

“ကောင်းတယ်... သူက အခုလိုဆက်ပြီးလေ့ကျင့်သွားမယ်ဆိုရင် တစ်နေ့မှာ ပြိုင်ဘက်ကင်းတဲ့သိုင်းသမားတစ်ယောက် ဖြစ်လာလိမ့်မယ်”

ကျင်းမေက တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်စဉ်....

ဖူယို့ဂှာက အိမ်အပြင်ဘက်သို့ထွက်လာကာ ဤသို့ပြော လိုက်လေသည်။

“ဖေဖေနဲ့မေမေ ထမင်းစားကြစို့... အဆင်သင့်ဖြစ်နေပါပြီ”

ထို့နောက် သူတို့မိသားစုသည် နံနက်စာထမင်းကို တပျော် တပါးစားသောက်ကြလေတော့သည်။

၀၀၀၀



မွန်းတည့်ချိန်ဖြစ်သည်။

နေမင်းသည် ကောင်းကင်၏အလယ်ဗဟိုသို့ရောက်ရှိနေပြီ ဖြစ်သည်။

ယင်းကြောင့် တစ်နေ့တာ၏အပူဆုံးအချိန်သို့ရောက်နေပြီ ဖြစ်၏။

ဝန်းကျင်တစ်ခုလုံးမှာ သစ်ပင်အနည်းငယ်မျှသာရှိပြီး ကျိုးတိုးကျဲတဲပေါက်ရောက်လျက်ရှိပြီး ကွေ့ကောက်သောလမ်းကလေး၏အဆုံးတွင် လွင်ပြင်တစ်ခုရှိနေသည်။

လွင်ပြင်ထဲတွင် သေသပ်စွာဆောက်ထားသည့် အိမ်လေး တစ်လုံးရှိပြီး....

အိမ်ရှေ့တွင် လူလေးယောက်ရပ်တန့်နေ၏။

အမျိုးသားတစ်ယောက်....

အမျိုးသမီးတစ်ယောက်နှင့် ကလေးနှစ်ယောက်တို့ဖြစ်ကြ လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကား တခြားလူများမဟုတ်ကြပါချေ။

ဖူချင်းလွေတို့မိသားစုပင်ဖြစ်ပေသည်။

ယခု သူတို့သည်….

ထမင်းစားသောက်ပြီးနောက်….

သမီးဖြစ်သူ ဖူယို့ဂွာ၏တောင်းဆိုချက်အရ….

ဖူချင်းလွေက ဗျပ်စောင်း၏အစွမ်းကိုပြသရန် အိမ်ရှေ့သို့ ထွက်လာခဲ့ခြင်းဖြစ်လေသည်။

၀၀၀၀



ဖူယို့ဂွာသည် သမီးဖြစ်သူရှေ့တွင်ချထားသောဗျပ်စောင်းကို စိတ်ဝင်စားစွာကြည့်နေ၏။

သူမ မမှိတ်မသုန်ကြည့်နေစဉ်မှာပင်….

ဖူချင်းလွေကဗျပ်စောင်းကိုစတင်တီးခတ်လိုက်၏။

ဗျပ်စောင်းကို စတင်တီးခတ်လိုက်သည်နှင့်….

ငြိမ့်ညောင်းသာယာသောသံစဉ်များ ဝန်းကျင်တစ်ခုလုံး အားပျံ့နှံ့သွားလေသည်။

ဖူယို့ဂွာနှင့်ဖူနိုင်ဆင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး လက်ခုပ်လက်ဝါးတီး၍အားပေးလိုက်ကြလေသည်။

"ဟေး… ဗျပ်စောင်းသံက အရမ်းကောင်းတာပဲ"

ထိုအချိန်တွင်….

ဖူချင်းလွေ၏လက်ချောင်းလေးများက ဗျပ်စောင်းကို လျှင်မြန်စွာတီးခတ်လိုက်၏။

ယင်းသို့တီးရင်း ကျင်းမေအားလှမ်းကြည့်ကာ….

www.burmeseclassic.com

www.burmeseclassic.com



"ကျင်းမေ... ကလေးတွေကို အနည်းဆုံးဝါးတစ်ရိုက်အကွာ ကိုခေါ်သွားစမ်း"

ကျင်းမေ ခေါင်းညိတ်လိုက်သည်။

သူမသည် ဖူချင်းလေ့က အတွင်းအားကိုအသုံးပြုကာ ဗျပ်စောင်းကိုတီးခတ်လိုက်လျှင်...

အသက်အရွယ်ငယ်ရွယ်သော ကလေးနှစ်ယောက်အနေဖြင့် ခံနိုင်ရည်ရှိမည်မဟုတ်မှန်းသိသဖြင့်....

ယခုကဲ့သို့ စိုးရိမ်တကြီးပြောလိုက်ခြင်းပင်ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ထို့ကြောင့်....

ကျင်းမေသည် ကလေးနှစ်ယောက်နှင့်အတူ ဝါးတစ်ရိုက်အကွာသို့ဆုတ်ခွာခဲ့လေသည်။

ယင်းအချိန်မှာပင်....

ဖူချင်းလေ့၏ဗျပ်စောင်းမှထွက်ပေါ်လာသော သံစဉ်များသည် သာယာငြိမ့်ညောင်းသောသံစဉ်မှ ပြင်းထန်ကြမ်းတမ်းသောသံစဉ်အဖြစ်ပြောင်းလဲထွက်ပေါ်လာ၏။

ထိုကဒင်အချိန်လေးမှာပင် ကျိုးတိုးကျဲတဲပေါက်နေသော အပင်များပေါ်မှသစ်ရွက်လေးများသည် ပြင်းပြင်းထန်ထန် လေတိုက်ခတ်ခံရကာ ကြွေကျလာလေသည်။



ထို့နောက် ရုတ်ချည်းဆိုသလိုပင် သစ်ပင်များ ယိမ်းထိုးလှုပ်ရှားလာပြီး....

"ဝုန်း... ဝုန်း... ဝုန်း"

သစ်ပင်သုံးပင် ပြိုလဲကျသွားတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ဖူယို့ဗွာနှင့်ဖူနိုင်ဆင်းတို့ မောင်နှမနှစ်ယောက် ထိတ်လန့်သွားကြလေသည်။

ကျင်းမေသည် ဗျပ်စောင်းအား တချွေသရဲတစ်ကောင်ပမာ မျက်လုံးပြူး၍စိုက်ကြည့်နေလေသည်။

သူမ၏မျက်နှာပေါ်တွင် အံ့ဩထိတ်လန့်သည့်ဟန်မူရာများ ပေါ်လွင်နေလေသည်။

ဖူချင်းလွေက ဗျပ်စောင်းကို ဆက်လက်တီးခတ်ခြင်းမပြုတော့ဘဲ ချက်ချင်းပင်ရပ်တန့်လိုက်လေသည်။

သူသည် မျက်လုံးမျက်ဆံပြူးဖြင့် ဗျပ်စောင်းအားကြည့်နေကြသည့် ကျင်းမေတို့သားအမိသုံးယောက်အားကြည့်ကာ ပြုံးလိုက်လေသည်။

ပြီးနောက်....

"ကဲ... ဒီဗျပ်စောင်းရဲ့အစွမ်းကိုတွေ့ကြပြီမဟုတ်လား"

ဟုဂုဏ်ယူဝင့်ကြွားသံဖြင့် ပြောလိုက်လေသည်။



ထိုစဉ်....

ကျင်းမေသည် ပတ်ဝန်းကျင်အား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်၏။

သူမ၏မျက်နှာပေါ်တွင် စိုးရိမ်ပူပန်ခြင်းနှင့်အတူ ထိတ်လန့်တုန်လှုပ်ခြင်းစသည့်ဟန်မူရာများပေါ်လွင်နေသည်။

သူမသည် ဖူချင်းလွေထံ ကမန်းတန်းလျှောက်လာကာ....

"ဖူချင်းလွေ... ရှင် ဒီလောက်အစွမ်းထက်တဲ့ဗျပ်စောင်းကို တီးခတ်နိုင်တာချီးကျူးစရာပါပဲ... ဒါပေမဲ့...."

ဖူချင်းလွေက လက်ကာပြလိုက်၏။

သူက သူမအားစိုက်ကြည့်ကာ....

"မင်းက ဒီဗျပ်စောင်းရဲ့လျှို့ဝှက်ချက်ကို လူတွေသိသွားမှာ စိုးရိမ်နေတယ်မဟုတ်လား"

ကျင်းမေက ခေါင်းကိုလေးလေးကြီးညိတ်လိုက်ရင်း....

"ဟုတ်ပါတယ်"

ဟုပြောလိုက်လေသည်။

ထိုအခါ....

ဖူချင်းလွေက ခေါင်းခါယမ်းလိုက်၏။

ပြီးနောက်....

"မပူပါနဲ့ကွာ... ကျုပ်က ကျုပ်တီးခတ်ထားတဲ့လက်ရာတွေ

www.burmeseclassic.com

www.burmeseclassic.com



သတင်းပေါက်ကြားမှာစိုးလို့ အခုလို ဒီလွင်ပြင်မှာလာပြီး ဒုက္ခခံနေတာပေါ့"

သူကစကားဆက်လိုက်ပြန်သည်။

"နောက်ပြီး မကြာခင်မှာပဲ တုလျှံပြန်ရောက်လာတော့မယ်လေ၊ သူနဲ့အတူ ဘုရင့်ရဲမက်တွေလဲပါလာလိမ့်မယ်၊ ကျုပ်တို့က ဒီဖျပ်စောင်းကို သူတို့နဲ့အတူထည့်ပေးလိုက်ရုံပါပဲ"

ကျင်းမေသက်ပြင်းတစ်ချက်ချလိုက်၏။

သူမသည် ဖျပ်စောင်းကိုကြည့်ကာ...

အဘယ်ကြောင့်မှန်းမသိရဘဲ ရင်ထဲ၌အလိုလိုလေးလံလာမိလေတော့သည်။

ထို့ကြောင့်... ဖူချင်းလွေကို မိမိ၏ခံစားချက်အားပြောပြလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ်... ကျွန်မကတော့ ဒီဖျပ်စောင်းကိုကြည့်ပြီး ရင်ထဲမှာစိုးရိမ်နေမိတာအမှန်ပဲ"

ဖူချင်းလွေ ဘဝင်မကျဖြစ်သွား၏။

ကျင်းမေအားမျက်မှောင်ကုပ်၍ကြည့်ကာ...

"နေပါဦး... မင်းကဘာကိုစိုးရိမ်နေရတာလဲ"

ဟု အားမလိုအားမရမေးလိုက်သည်။

ကျင်းမက ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။



"ဘယ်လိုဖြစ်မှန်းမသိပါဘူးရှင်... ကျွန်မ ဒီဖျပ်စောင်းကိုကြည့်ပြီး မကောင်းတဲ့နိမိတ်ဆိုးတွေကိုခံစားနေရသလိုမျိုးပဲ"

ထိုစကားကြောင့် ဖူချင်းလွေ၏ရင်ထဲတွင်ထိတ်ခနဲဖြစ်သွားမိလေသည်။

သူသည် ကျင်းမေနှင့်ပေါင်းသင်းလာခဲ့သည်မှာ ဆယ့်သုံးနှစ်ရှိခဲ့ပြီဖြစ်လေသည်။

ကျင်းမေအကြောင်းကို သူကောင်းကောင်းသိသည်။

ဇနီးဖြစ်သူကျင်းမေသည် အလွန်တရာသတ္တိကောင်းသူဖြစ်၏။ မည်သည့်အခါမျှ စိုးရွံ့ထိတ်လန့်ခြင်းမရှိခဲ့ဘူးပါ။

ယခုမူ...

သူမသည် ဤဖျပ်စောင်းကိုကြည့်ကာစိုးရိမ်ပူပန်နေမိခြင်းဖြစ်သည်။

ဖူချင်းလွေက ကျင်းမေ၏ပခုံးအားသိုင်းဖက်ကာ နှစ်သိမ့်လိုက်ရလေသည်။

"ကျင်းမေရယ်... ဘာမှမစိုးရိမ်ပါနဲ့၊ တုလျှံကနောက်နှစ်ရက်ဆိုရင်ပြန်ရောက်လာမှာပါ၊ အဲဒီအခါကျရင် မင်းဒီဖျပ်စောင်းအတွက်စိုးရိမ်စရာမရှိတော့တဲ့အပြင် ဘုရင်မင်းမြတ်ရဲ့ကောင်းချီးပေးမှုကိုပါ ရရှိဦးမှာပါ"

ကျင်းမေ ဘာစကားမှဆက်မပြောတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သားနှင့်သမီးကိုပခုံးဖက်ကာ အိမ်ပေါ်သို့တက်ခဲ့လေသည်။

ဖူချင်းလွေကလည်း သူမတို့သားအမိနောက်မှ ဗျပ်စောင်းထည့်ထားသောအနီရောင်သေတ္တာရှည်လေးကိုပိုက်ကာ အိမ်ပေါ်သို့တက်လိုက်ခဲ့လေတော့သည်။

၀၀၀၀



ညဉ့်နက်လှပြီဖြစ်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

ဝါကျင့်ကျင့်မီးရောင်သည် အိမ်ကလေးထဲမှာ မပီဝိုးတဝါးအလင်းကိုပေးနေလေသည်။

ဖူချင်းလွေ၊ ဖူယို့ဗွာနှင့်ဖူနိုင်ဆင်းတို့သည် နှစ်ခြိုက်စွာ အိပ်ပျော်နေကြပြီဖြစ်သည်။

သို့သော် ကျင်းမေတစ်ယောက်ကမူ အိပ်စက်နိုင်ခြင်းမရှိသေးပါချေ။

သူမသည် ဘယ်ညာလူးလှိမ့်ကာ တွေဝေစဉ်းစားနေ၏။

အမှန်တွင် သူမသည် ဗျပ်စောင်းအတွက် စိုးရိမ်ပူပန်နေမိခြင်းပင်ဖြစ်သည်။

ထို့ပြင်... ယနေ့ည သူမ၏ရင်ထဲတွင် မကောင်းသောနိမိတ်ဆိုးများကိုသာ ခံစားနေမိလေသည်။

သူမသည် သတ္တိနည်းသောမိန်းမတစ်ယောက်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်.... သမီးနှင့်သားလေးတို့မှာ အရွယ်မရောက်သေးသဖြင့် ယခုကဲ့သို့စိုးရိမ်နေမိခြင်းဖြစ်လေသည်။

ထို့ကြောင့် မနက်လင်းသည်နှင့်မောင်နှမနှစ်ယောက်အား ယောက်မဖြစ်သူ ဖူကျုံးပင်းထံတွင် သွားရောက်အပ်နှံထားမည်ဟု ဆုံးဖြတ်ထား၏။

ဖူကျုံးပင်းသည် ဖူချင်းလွေကဲ့သို့ပင် လက်နက်ပါရဂူတစ်ယောက်ဖြစ်၏။

သိုင်းပညာအလွန်အဆင့်မြင့်သူလည်းဖြစ်သည်။

သို့သော်....

သူမသည် မောင်ဖြစ်သူဖူချင်းလွေကဲ့သို့ သိုင်းလောကနှင့် ရောထွေးယှက်တင်ပတ်သက်ခြင်းမပြုဘဲ ထိုက်ကျုံးမြို့ပြင်ရှိ ဝါးရုံတောထဲတွင် တစ်ယောက်တည်းနေထိုင်လေသည်။

ကျင်းမေအနေဖြင့်.... သူမထံသို့ ကလေးနှစ်ယောက်ကိုပို့ဆောင်ထားပြီးပါက ဘာမျှစိတ်ပူရန်မလိုတော့ချေ။ မည်သည့်ရန်သူကိုမျှ ဂရုစိုက်စရာမလိုတော့။

ကျင်းမေသည ယင်းသို့ဆုံးဖြတ်လိုက်သည်နှင့် စိတ်ထဲ၌ အနည်းငယ်သက်သာရာရသွားလေသည်။

ထို့ကြောင့် နံနက်စောစောခရီးထွက်နိုင်ရန်အတွက် အိပ်စက်ထားရန်လိုသည်ဟုနားလည်လိုက်၏။



သူမသည် ယင်းသို့နားလည်မိသည်နှင့်တစ်ပြိုင်နက် မျက်လုံးကိုစုံမှိတ်ကာ အိပ်စက်ရန်ကြိုးစားလိုက်လေ၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် ရုတ်တရက် မြင်းခွာသံများ ရုတ်တရက်ထွက်ပေါ်လာလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com





"ဖျောင်း… ဖျောင်း… ဖျောင်း… ဖျောင်း"

မြင်းခွာသံများ ရုတ်တရက်ထွက်ပေါ်လာသည်။

ထိုမြင်းခွာများသံသည် အဝေးမှထွက်ပေါ်လာခြင်းဖြစ်ပါသည်။

ကျင်းမေ မျက်မှောင်ကြုတ်လိုက်၏။

သူမသည် ဤနေရာတွင်နေထိုင်ခဲ့သည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်သည်။

သည်ပတ်ဝန်းကျင်တစ်ဝိုက်တွင် ခရီးသွားလာသူ မရှိသလောက်ရှားပါးကြောင်းနားလည်ထားသည်။

အထူးသဖြင့်….

ယခုကဲ့သို့ အကာလညအချိန်တွင် ခရီးသွားလာသူပိုမိုရှားပါးသည်။

ထို့ကြောင့်…. မြင်းခွာသံများထွက်ပေါ်လာသည်ကို သူမ အံ့သြနေမိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မျက်မှောင်ကြုတ်ကာနားစွင့်နေစဉ်မှာပင်....

မြင်းခွာသံများသည် ဝို၍ဝို၍နီးကပ်လာပြီး မိမိတို့အိမ်ရှေ့တွင် ရပ်တန့်သွားသည်ကိုသတိပြုမိလိုက်၏။

တစ်ဆက်တည်းမှာပင်....

လူတစ်ယောက်ပြေးလွှားလာသံ၊ တံခါးဆီသို့ချဉ်းကပ်လာသံကိုဆက်တိုက်ဆိုသလိုကြားလိုက်ရပြီးနောက် တံခါးကိုထုရိုက်သံများထွက်ပေါ်လာလေတော့သည်။

"ဒုန်း... ဒုန်း... ဒုန်း"

ကျင်းမေ ရင်ထိတ်သွား၏။ သူမသည် ဖူချင်းလွေကို လှည့်ကြည့်လိုက်၏။ ဖူချင်းလွေကမျက်လုံးဖွင့်ကာ နားစွင့်နေသည်ကိုတွေ့မြင်ရသည်။

"ဒုန်း... ဒုန်း... ဒုန်း"

တံခါးကိုထုရိုက်သံမှာ အဆက်မပြတ်ထွက်ပေါ်နေ၏။

ဖူချင်းလွေ ငေါက်ခနဲထထိုင်လိုက်သည်။ တံခါးပေါက်ဆီမျက်မှောင်ကြုတ်ကာလှမ်းကြည့်ရင်း....

"ဘယ်သူလဲ"

သူမေးလိုက်၏။

သူ့အသံက ပကတိတည်ငြိမ်နေသည်။ တံခါးအပြင်ဘက်မှ လူတစ်ယာက်၏အသံထွက်ပေါ်လာသည်။



"သခင်ကြီး... သခင်ကြီး ကျွပ် တုလျှံပါ၊ တံခါးအမြန်ဖွင့်ပေးပါ... သိပ်အရေးကြီးနေတယ်"

တုလျှံ၏အသံသည် ထိတ်လန့်ခြင်း၊ စိုးရိမ်ပူပန်ခြင်းစသည့်ခံစားမှုများရောယှက်နေသည်။

ဖူချင်းလွေသည် တွေဝေနေရာမှ ထပ်မံစဉ်းစားခြင်းပင် မပြုတော့ဘဲ အိပ်ရာမှလူးလဲထကာ အိပ်ခန်းထဲမှပြေးထွက်လာ၏။

သူနှင့်အတူ ကျင်းမေကလည်းလိုက်ပါလာသည်။

ထိုအချိန်တွင်....

သမီးဖြစ်သူဖူယို့ဇာသည် ဆူဆူညံညံအသံကြောင့် အိပ်ရာမှနိုးလာကာ လူးလဲထ၍ အခန်းဝသို့ထွက်၍အခြေအနေကိုအကဲခတ်ကြည့်လေသည်။

ယင်းသို့ကြည့်နေချိန်မှာပင်....

ဖခင်ဖြစ်သူဖူချင်းလွေက တံခါးကိုဆွဲဖွင့်လိုက်သည်။

သူတံခါးဆွဲဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် လူတစ်ယောက်သူ့ဘက်ကိုလဲပြိုကျလာသည်ကိုတွေ့မြင်လိုက်ရ၏။

ဖူချင်းလွေ ကမန်းကတန်းဆီးကြိုပွေ့ဖက်ထားလိုက်ရ၏။

ထိုလူသည် ဗျပ်စောင်းလက်နက်ဆန်းကိုဘုရင်မင်းမြတ်ထံဆက်သရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် သွားရောက်တွေ့ဆုံနိုင်းလိုက်သည့် အိမ်တော်ထိန်းကြီးတုလျှံပင်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထုလှျံ၏ရင်ဝတွင် ဓားဒဏ်ရာတစ်ချက်ရရှိထားသည့်အပြင် ဝမ်းဗိုက်တွင်လည်း ဓားမြှောင်တစ်လက်စိုက်ဝင်နေသည်ကိုတွေ့မြင်ရလေသည်။

ထို့ပြင် ကျောပြင်တွင်လည်း ကန့်လန့်ဖြတ်ဓားဒဏ်ရာတစ်ချက်ရှိနေသေးသည်။

သူသည် ဖြူဖပ်ဖြူလျော်မျက်နှာဖြင့် ဖူချင်းလွှေအား မော့ကြည့်သည်။

သူ၏မျက်လုံးအိမ်တွင် မျက်ရည်များရစ်ဝဲ နေလေသည်။

ဖူချင်းလွှေနှင့်ကျင်းမေတို့သည် အတွေ့အကြုံရင့်ကျက်သောသိုင်းသမားများဖြစ်ကြသည်။

ထို့ကြောင့်....

တုလှျံသည် ရန်သူများ၏တိုက်ခိုက်ခြင်းကို ခံခဲ့ရကြောင်း နားလည်လိုက်လေသည်။

ဖူချင်းလွှေက သူ့အားပွေ့ချီထားရင်း....

"တုလှျံ... ခင်ဗျားဘယ်လိုဖြစ်လာတာလဲ"

ဟုစိုးရိမ်တကြီးမေးလိုက်လေသည်။

တုလှျံ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသောဟန်မူရာများပေါ်လွင်နေလေသည်။

သူသည် ဖူချင်းလွှေအား ကြိုးစား၍ဂါရဝပြုလိုက်ရင်း....



"သ... သခင်ကြီး... ကျုပ်ကိုသတ်ပြီး ဒီနေရာကအမြန်ဆုံးထွက်ပြေးကြပါ"

ထိုစကားကြောင့် ကျင်းမေ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူမသည် ဖူချင်းလွှေအားလှမ်းကြည့်လိုက်၏။

ဖူချင်းလွှေက တုလှျံအားကြည့်ကာ ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။

"မဟုတ်သေးပါဘူး... ခင်ဗျား ဘာဖြစ်လာတယ်ဆိုတာကို အရင်ဆုံးပြောပြစမ်းပါဦး"

တုလှျံ၏မျက်လုံးအိမ်မှမျက်ရည်များ သွင်သွင်ကျဆင်းလာလေသည်။

သူသည် ဒဏ်ရာမှနာကျင်မှုကိုပင် ဂရုမစိုက်နိုင်ဘဲ ကြမ်းပြင်နှင့်နဖူးပြင်အား အကြိမ်ကြိမ်ဦးတိုက်ချလိုက်လေသည်။

ထိုအခါ ဝမ်းဗိုက်မှနီရဲသောသွေးများက ပို၍ပို၍စီးကျလာလေတော့သည်။

ဖူချင်းလွှေက ကမန်းကတန်းဟန့်တားလိုက်၏။

သူသည် တုလှျံအားဆွဲထူကာ...

"တုလှျံ... ရှင်းရှင်းပြောစမ်း"

ဟုမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တုလျှံကခေါင်းငုံ့ထားလိုက်သည်။

ထို့နောက် မငံ့မရဲဖြင့်ပြောလိုက်လေသည်။

"ကျွန်... ကျွန်တော် လောင်းကစားမက်မိလို့ သခင်ကြီးရဲ့ ဖျပ်စောင်းလက်နက်ဆန်းသတင်းကို ငွေတစ်ထောင်နဲ့သတင်းရောင်း သမားဆီမှာ ရောင်းစားခဲ့မိပါတယ်၊ ဒါကြောင့် အခု ဂိုဏ်းအသီးသီးက လူတွေ ဒီသတင်းကိုရပြီး ကျွန်တော့်ကိုနှုတ်ပိတ်ဖို့ကြိုးစားလာကြ ပါတယ်"

သူက ခေါင်းတွင်တွင်ခါယမ်းရင်း စကားဆက်သည်။

"ကျွန်... ကျွန်တော့်ရဲ့ အသုံးမကျမှုကြောင့် မကြာခင် သူတို့ ဒီကိုရောက်လာကြတော့မယ်၊ ဒါကြောင့် ကျွန်တော့်ကိုသတ်ပြီး သခင် ကြီးတို့ထွက်ပြေးကြပါ"

သူ၏စကားကြောင့် ကျင်းမေမှာ အကြီးအကျယ်ထိတ်လန့် တုန်လှုပ်သွားမိလေသည်။

သူမသည် တုလျှံအားဒေါသတကြီးဖြင့်.....

"ရှင်... ရှင်... ခွေး... ရှင်ဏခွေးလေခွေးလွှင့်"

သူမက ယင်းသို့ပြောပြီး တုလျှံအားလက်ဝါးဖြင့်ရိုက်ချရန် ဟန်ပြင်လိုက်၏။

ဖူချင်းလွေက ကမန်းကတန်းဆွဲထားလိုက်ရ၏။

"မလုပ်နဲ့"



ကျင်းမေ၏မျက်နှာတစ်ခုလုံးမှာ ဒေါသကြောင့် နီရဲလာလေ သည်။ သူမသည် ဖူချင်းလွေအားစိုက်ကြည့်ကာ...

"ဒီလောက်မိုက်မဲတဲ့လူတစ်ယောက်ကိုသတ်ရင် ဘာဖြစ် သွားမှာမို့လဲ"

ဖူချင်းလွေကခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူး... သူက သူ့အမှားကိုသိလို့ သေလုမျော ပါးဒဏ်ရာရနေတဲ့ကြားက အခုလိုလာပြီးသတင်းပို့ခဲ့တယ်၊ ငါတို့ သူ့ကို မရက်စက်သင့်ပါဘူးကွာ"

ကျင်းမေ မချိပြုံးပြုံးလိုက်သည်။

သူမသည် ခင်ပွန်းဖြစ်သူ၏စကားကို လက်မခံလိုသော် လည်း အငြင်းအခုံမလုပ်တော့ချေ။

ခင်ပွန်းဖြစ်သူအား မျက်မှောင်ကုပ်၍ကြည့်ကာ...

"ကောင်းပြီ... ကျွန်မ ရှင့်တပည့်ကိုမသတ်တော့ဘူး၊ အခု ရှင်ဘာဆက်လုပ်မလဲ"

ဖူချင်းလွေသည် စဉ်းစားခြင်းပင်မပြုတော့ပါ။

ကျင်းမေအား တည်ငြိမ်အေးဆေးသောလေသံဖြင့်

"ကျင်းမေ... သမီးနဲ့သားကိုနှိုးလိုက်"

ကျင်းမေက အခန်းထဲသို့ပြေးဝင်ရန်ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

www.burmeseclassic.com

www.burmeseclassic.com



ဖူယို့ဝှာတို့မောင်နှမနှစ်ယောက်သည် အခန်းထဲမှ အသီးသီး ထွက်လာကြသည်ကိုတွေ့မြင်လိုက်ရလေသည်။

ဖူယို့ဝှာကလှမ်းပြောလိုက်၏။

"ဖေဖေ... သမီးတို့မောင်နှမ နိုးနေကြပါပြီ"

ဖူချင်းလွေ့ ခေါင်းညိတ်လိုက်၏။

သူက ကျင်းမေအားကြည့်ကာ...

"ကျင်းမေ... မင်းက သမီးနဲ့သားကိုခေါ်ပြီး မြင်းရထားပေါ် တက်နှင့်ပါ"

ကျင်းမေ မျက်မှောင်ကုပ်လိုက်သည်။

သူမက ဖူချင်းလွေ့အားကြည့်ကာစိုးရိမ်စွာဖြင့်...

"ရှင်ကကော"

ဖူချင်းလွေ့က တုလျှံ့အားငုံ့ကြည့်လိုက်သည်။

တုလျှံ့သည် ဝေဒနာပြင်းထန်လွန်းသဖြင့် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေလေသည်။

ဖူချင်းလွေ့က သူ့အားပြုံးပြလိုက်၏။

အားပေးနှစ်သိမ့်သော...

ကြင်နာသနားသောအပြုံးမျိုးဖြစ်သည်။

"ငါ တုလျှံ့ကိုခေါ်ပြီးလိုက်ခဲ့မယ်"

သူ၏စကားကြောင့်...



တုလျှံ့၏မျက်နှာပေါ်တွင် ပြင်းပြင်းထန်ထန်ဝေဒနာခံစားရသည့်ဟန်များပေါ်လွင်လာလေသည်။

သူသည် ရရှိထားသောဒဏ်ရာများထက် ရင်ထဲတွင်ဖြစ်ပေါ်လာသောဝေဒနာက ပို၍ပြင်းထန်နေ၏။

အကြောင်းကား...

သူသည် လွန်စွာမိုက်မဲခဲ့သည်။

ခွင့်မလွှတ်နိုင်လောက်သည့် ကြီးမားလှသော အပြစ်ကြီးကို ကျူးလွန်ခဲ့သည်။

ဤသည်ကိုပင်...

သခင်ဖြစ်သူဖူချင်းလွေ့က သူ့အပေါ်ပြစ်တင်စကားတစ်ခွန်းမျှပင်မပြောဘဲ သူ့အားကယ်တင်နိုင်ရန် ကြိုးစားနေသည်မဟုတ်ပါလော။

တုလျှံ့ ခေါင်းတွင်တွင်ခါယမ်းလိုက်သည်။

"ကျွန်တော့်ကို ဂရုမစိုက်ပါနဲ့... ကျွန်တော့်ကိုဂရုမစိုက်ပါနဲ့"

ဖူချင်းလွေ့က တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်၏။

သို့သော် သူ၏မျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများ ပေါ်လွင်လာလေသည်။

အကြောင်းကား အဝေးမှပြေးလွှားလာနေကြသောမြင်းခွာ သံများကိုကြားလိုက်ရပြီမဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



မြင်းတစ်ကောင်တည်း၏ခွာသံမျိုး မဟုတ်ချေ။

မြင်းအကောင်ပေါင်းများစွာပြေးလွှားလာနေသော ခွာသံများဖြစ်သည်။

ဖူချင်းလွေ၏မျက်နှာ ကွက်ခနဲပျက်သွား၏။

ရင်ထဲတွင်လည်း ထိတ်ခနဲဖြစ်သွားလေသည်။

သူသည် အခြေအနေကို ကောင်းစွာသဘောပေါက်လိုက်ပြီဖြစ်သည်။ ထို့ကြောင့် အိမ်ခန်းထဲသို့ ကမန်းကတန်းပြေးဝင်သွားလေသည်။

ယင်းနောက်... ဖျပ်စောင်းထည့်ထားသောသေတ္တာနီလေးအား မ,လာကာ အိမ်ရှေ့တွင်ချ၍သေတ္တာအဖုံးကိုဖွင့်လိုက်၏။

ကျင်းမေကမူ ဖူယို့ဗ္ဗာနှင့်ဖူနိုင်ဆင်းတို့မောင်နှမအား တစ်လှည့်စီကြည့်လိုက်သည်။

"သမီး... မောင်လေးကိုလက်တွဲထား"

ဖူယို့ဗ္ဗာကခေါင်းညိတ်ကာ ဖူနိုင်ဆင်း၏လက်ကလေးအားဆုပ်ကိုင်ထားလိုက်လေသည်။

ဖူချင်းလွေက တံခါးကိုပိတ်ကာ မင်းတုပ်ချထားလိုက်၏။

ထို့နောက် ကျင်းမေအားလှည့်ကြည့်ကာ...

"ကျင်းမေ.. မင်း ကလေးတွေခေါ်ပြီး နောက်ဘက်က မြင်းလှည်းဆီကိုသွားသင့်ပြီ"



ကျင်းမေ ခေါင်းခါယမ်းလိုက်သည်။

ဖူချင်းလွေအားကြည့်ကာ မချိပြုံးပြုံးပြလိုက်၏။

"ရှင်နဲ့ကျွန်မ သေအတူရှင်မကွဲနေကြမယ်လို့သစ္စာဆိုခဲ့ကြတယ်မဟုတ်လား။ ဒါကြောင့် ရှင့်ကို ကျွန်မခွဲခွာသွားစရာ အကြောင်းမရှိပါဘူး"

ဖူချင်းလွေက ခေါင်းခါယမ်းလိုက်ရင်း...

"မဟုတ်သေးဘူး... ကလေးတွေကို ငါတို့ငဲ့ညှာရလိမ့်မယ်၊ ငါတို့အတွက်သေတာမဆန်းပေမယ့် သူတို့ကငယ်ကြသေးတယ်လေ၊ နောက်ပြီး...."

ကျင်းမေကလက်ကာပြလိုက်သည်။

ပြီးနောက် ဖူချင်းလွေအားကြည့်ကာ...

"ရှင် ကလေးတွေအတွက် စိတ်ပူတယ်ဆိုရင် ကလေးတွေနဲ့အတူထွက်ပြေးပါ"

ဖူချင်းလွေ သက်ပြင်းတစ်ချက်ချလိုက်သည်။

ကျင်းမေကစကားဆက်လိုက်၏။

"ဖူအစ်ကိုကြီး... ရှင့်မှာလဲဖျပ်စောင်းလက်နက်ရှိနေတာပဲ၊ ဘာဖြစ်လို့ ရန်သူကိုဂရုစိုက်ရမှာလဲ"

ဖူချင်းလွေကခေါင်းခါယမ်းလိုက်ပြန်သည်။

ပြီးနောက် အခြေအနေကိုရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခုလာနေတဲ့လူတွေဟာ ဂိုဏ်းအသီးသီးက ထိပ်သီးသိုင်းသမားတွေဖြစ်လိမ့်မယ်နော်၊ နောက်ပြီး အင်အားလဲသေးမှာမဟုတ်ဘူး၊ ဒါကြောင့် ငါတို့ နိုင်မနိုင်ဆိုတာမကျိန်းသေဘူး"

သူ၏စကားကြောင့် ကျင်းမေတွေဝေသွားလေသည်။

သူမသည် ခင်ပွန်းသည်အား တစ်ယောက်တည်းမထားခဲ့နိုင်ပါ။ ထားလည်း မထားရက်နိုင်ပါ။

ထို့အတူ လူမမယ် ကလေးနှစ်ယောက်ကိုလည်း အဆုံးရှုံးမခံနိုင်ပါ။

ယင်းကြောင့်... သူမသည် ဖူချင်းလွေအား စိုးရိမ်စွာဖြင့်ကြည့်ကာအကြံပြုလိုက်လေသည်။

"ဒီလိုလုပ်ကြရအောင်... ကျွန်မတို့အားလုံး ထွက်ပြေးကြမယ်လေ"

ဖူချင်းလွေက ခေါင်းတွင်တွင်ခါယမ်းလိုက်၏။

ထို့နောက် တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်သည်။

သို့သော် ထိုအချိန်မှာပင် ရုတ်တရက် မြင်းခွာသံများက ဗို၍ဗို၍နီးကပ်လာပြီး မနီးမဝေးတွင်ရပ်တန့်သွားသည်ကိုသိလိုက်ရ၏။

ဖူချင်းလွေက မီးအိမ်ကို ကမန်းကတန်းငြိမ်းသတ်လိုက်၏။ မီးငြိမ်းသွားသဖြင့် အိမ်ကလေးထဲ၌ မှောင်နှင့်မည်းမည်းဖြစ်သွားလေသည်။



ဖူချင်းလွေက ပြတင်းပေါက်သို့ပြေးလွှားသွားပြီး စက္ကူအားလက်ညှိုးကိုတံတွေးစွတ်ကာထိုးဖောက်လိုက်သည်။ ယင်းနောက် အပေါက်မှတစ်ဆင့် အပြင်သို့ချောင်းကြည့်လိုက်လေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com





ညဥ့်သည် ပိုရှုပိုရှုနက်ရှိုင်းနေသည်။

သို့သော် လဝန်း၏အလင်းရောင်ကြောင့် ဝန်းကျင်တစ်ခုလုံးအား ထင်ရှားစွာတွေ့မြင်နေရလေသည်။

ယခု အိမ်ကလေး၏ပတ်ပတ်လည်တွင် ဂိုဏ်းအသီးသီးမှလူများကဝိုင်းရံထားကြလေသည်။

သူတို့သည် မြားနှင့်လေးတို့က ဖူချင်းလွေတို့၏အိမ်ကလေးအား ပုံသဏ္ဌာန်အမျိုးမျိုးနှင့်ချိန်ရွယ်ကာ အခြေအနေကိုစောင့်ကြည့်နေကြကုန်၏။

သူတို့၏ပုံဟန်မှာ မိမိတို့ဂိုဏ်းချုပ်ကြီးထံမှအမိန့်ကိုစောင့်ဆိုင်းနေကြဟန်တူသည်။

အမိန့်ရသည်နှင့် ချက်ချင်းလွှပ်ရှားရန် အသင့်ပြင်ထားကြပုံမျိုးဖြစ်သည်။

သူတို့၏ဂိုဏ်းချုပ်ကြီးဖြစ်ဟန်တူသူက ထိုလူများရှေ့တွင်ရပ်တန့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဂိုဏ်းချုပ်ကြီး၏မျက်နှာအား ညအချိန်၌တွေ့မြင်မိခဲ့လျှင် မည်သူမဆို ထိတ်လန့်တုန်လှုပ်သွားကြမည်သာဖြစ်လေသည်။

အကြောင်းကား....

ထိုလူသည် ခန္ဓာကိုယ်တစ်ခုလုံး အနက်ရောင်ဝတ်ဆင်ထားသော်လည်း....

မျက်နှာမှာမူ လူသေကောင်တစ်ကောင်၏မျက်နှာအလား သွေးရောင်မရှိဘဲဖြူဖွေးနေလေသည်။

သူ၏နံဘေးတွင်မူ ခန္ဓာကိုယ်တစ်ခုလုံး အနက်ရောင်ဝတ်ဆင်ထားသောအမျိုးသမီးတစ်ယောက်က ရပ်နေသည်။

သူမ၏လက်ထဲတွင် အလွန်ရှည်လျားလှသောကျာပွတ်တစ်ချောင်းကိုကိုင်ဆောင်ထားလေသည်။

သူမသည် ရက်စက်ကြမ်းကြုတ်သည့်မျက်လုံးအစုံဖြင့် ဖူချင်းလွေတို့၏အိမ်ကလေးအား စိုက်ကြည့်နေလေသည်။

ဖူချင်းလွေသည် ထိုလူနှစ်ယောက်အားတွေ့မြင်လိုက်သည်နှင့် ရင်ထဲထိတ်ခနဲဖြစ်သွားမိလေသည်။

နှုတ်မှလည်း....

"ဝိညာဉ်ဖြူဂိုဏ်း"

ဟုလွှတ်ခနဲရေရွတ်လိုက်မိလေသည်။

သူ၏အသံမှာ တိုးညင်းလှပေသည်။



သို့သော် ကျင်းမေကကောင်းစွာကြားလိုက်မိလေသည်။

ထိုစကားသံကြောင့် သူမ၏မျက်နှာလည်း ကွက်ခနဲပျက်သွားရလေသည်။

"ဘာ... ဝိညာဉ်ဖြူဂိုဏ်းဟုတ်လား"

ကျင်းမေသည် ယင်းသို့ပြောပြီး ပြတင်းပေါက်ဆီသို့ ပြေးလွှားလာသည်။

ထို့နောက်.... ပြတင်းပေါက်စက္ကူအား လက်ညှိုးဖြင့်ထိုးဖောက်ကာ အပြင်သို့လှမ်းကြည့်လိုက်လေသည်။

ထိုအခါ ....

အနီရောင်ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက်ကို တွေ့မြင်လိုက်ရ၏။

သူ၏လက်ထဲတွင် သံတောင်ဝှေးတစ်ချောင်းကိုကိုင်ဆောင်ထားပြီး တောင်ဝှေးထိပ်တွင် သံဘုလုံးကြီးတစ်လုံးပါရှိလေသည်။

ယင်းတောင်ဝှေးကိုကြည့်သည်နှင့်....

အလွန်လေးလံကာ ပိဿာချိန်တစ်ဆယ်ခန့်ရှိလိမ့်မည်ဖြစ်ကြောင်းခန့်မှန်းသိရှိနိုင်၏။

ထို့ကြောင့်....

ဤတောင်ဝှေးကိုင်ဆောင်ထားသူသည် အလွန် အတွင်းအားကောင်းမှသာလျှင် ကိုင်ဆောင်၍ရမည်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းမေသည်....

ထိုအဘိုးအိုအားတွေ့မြင်သည်နှင့်တစ်ပြိုင်နက်...

မျက်နှာပေါ်တွင် စိုးထိတ်သောဟန်မူရာများပေါ်လွင်လာလေသည်။

"ဟင်... မီးလျှံဂိုဏ်းချုပ်ကြီးနဲ့ဂိုဏ်းသားတွေလဲ ပါလာကြပါလား"

ဖူချင်းလေ့ကခေါင်းညိတ်ပြလိုက်၏။

ထို့နောက် သူသည် ပြတင်းပေါက်မှတစ်ဆင့် ဝန်းကျင်ကိုမျက်လုံးဝှေ့ကြည့်ကာ...

"ကျူးဟိုင်မင်လဲရောက်နေတယ်"

ဖူချင်းလေ့၏စကားကြောင့် ကျင်းမေ၏မျက်နှာတစ်ခုလုံးဖြူဖပ်ဖြူရော်ဖြစ်သွားလေတော့သည်။

၀၀၀၀



ကျင်းမေသည် ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး...

"သိုင်းလောကရဲ့သတင်းပျံ့နှံ့မှုက တကယ်မြန်တာပဲကိုး။ မြောင်နယ်ခြားကနေပြီး ကျူးဟိုင်မင် ပြည်မထဲရောက်လာတာကိုပဲကြည့်တော့"

ဖူချင်းလေ့ကခေါင်းညိတ်ရင်း ဆက်လက်အကဲခတ်ကြည့်လိုက်သည်။

ယင်းသို့ကြည့်နေရင်း မျက်မှောင်ကြုတ်သွား၏။

နှုတ်မှလည်း....

"တကယ်အံ့ဩစရာပဲ"

ဟုလွှတ်ခနဲရေရွတ်လိုက်သည်။

ကျင်းမေမျက်မှောင်ကြုတ်သွားသည်။

"ဘာကိုလဲ"

ဖူချင်းလေ့က နားမလည်နိုင်ဟန်ဖြင့် ခေါင်းခါယမ်းသည်။

"သူတို့ ဒီလောက်တောင်လူစုံနေကြပြီပဲ၊ ဘာဖြစ်လို့ငါတို့

www.burmeseclassic.com

www.burmeseclassic.com



ကိုမတိုက်ခိုက်သေးတာလဲ၊ ဒါကိုငါနားမလည်နိုင်တာ”

ကျင်းမေ အနည်းငယ်စဉ်းစားလိုက်၏။

စဉ်းစားရင်း တစ်စုံတစ်ခုကိုတွေးမိကာ သူမ၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။

“ဒါဆိုရင် သူတို့က နောက်ထပ်ရောက်လာမယ့်အင်အားကို စောင့်နေကြတာများလား”

ယင်းသို့ပြောရင်း ကျင်းမေ၏ရင်ထဲ၌လေးလံလာမိလေ တော့သည်။

ဖူချင်းလေ့လည်း ကျင်းမေကဲ့သို့တွေးမိကာ ခေါင်းညိတ် လိုက်လေသည်။

“အင်း.... ဖြစ်နိုင်ပါတယ်”

ယင်းအချိန်မှာပင်....

နောက်ထပ်မြင်းခွာသံများကြားလိုက်ရသည်။

မရှေးမနှောင်းမှာပင် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော လူတစ်ယောက်ရောက်ရှိလာ၏။

ထိုသူသည် ရောက်လျှင်ရောက်ချင်းပင် မြင်းပေါ်မှခုန်ဆင်း ပြီး ဝိညာဉ်ဖြူတို့ဇနီးမောင်နှံဆီသို့လျှောက်သွားလေသည်။

“ကျုပ်တို့က ဂိုဏ်းသားတစ်ယောက်ရဲ့ဒဏ်ရာကို ပြုစုနေ ရလို့ နောက်ကျသွားတယ်”



ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးကအေးစက်စက်လေသံဖြင့်....

“ခင်ဗျားက လိပ်ကြီးရဲ့ညီမပဲ... ဒီလောက်တော့ နောက်ကျ မှာပေါ့”

ဟု ခပ်ရွဲ့ရွဲ့ပြောလိုက်ရာ ထိုလူကပြုံးလိုက်လေသည်။

“ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုကလဲဗျာ... ကျုပ်က တကယ့်ကိုဂိုဏ်းသားတစ်ယောက်ကိုပြုစုနေရလို့ပါ”

ယင်းအချိန်တွင်....

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီး၏ဇနီးအဆိပ် ကျာပွတ်မယ်ကွမ်း စုစုသည် ပတ်ဝန်းကျင်အား မျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်လေ သည်။

“ဒါနဲ့ ရှင်တို့ဂိုဏ်းကလူတွေကော မပါတော့ဘူးလားကုဝေ”

ဝတ်စုံဖြူနှင့်လူ၏အမည်မှာစွန်းကုဝေဖြစ်၏။

စွန်းကုဝေကခေါင်းညိတ်ပြရင်း လက်တစ်ချက်ဂေ့ယမ်း လိုက်လေသည်။

“ကျုပ်တို့ ရွှေမြားဂိုဏ်းထဲက သိုင်းပညာထိပ်သီးအဆင့်ရှိတဲ့ လူဆယ်ယောက်တော့ ပါလာပါတယ်”.

ဝိညာဉ်ဖြူလောကျင်းစုသည် ကျေနပ်သွားဟန်ဖြင့် ခေါင်း ညိတ်လိုက်၏။

ထို့နောက် တစ်စုံတစ်ခုကိုသတိရဟန်ဖြင့်....

www.burmeseclassic.com

www.burmeseclassic.com



“ဒါနဲ့ ခင်ဗျားရဲ့အစ်ကို ဂိုဏ်းချုပ်ကြီးစွန်းပုချူးကော”

စွန်းကုဝေကခေါင်းညိတ်လိုက်သည်။

“သူလဲရောက်လာပါလိမ့်မယ်”

ထိုအချိန်တွင် မီးလျှံဂိုဏ်းချုပ်သံတောင်ဇေ့အိုရန်းတာ့က ရယ်မောလိုက်၏။

ပြီးနောက် လက်တစ်ချက်ဝှေ့ယမ်းကာ....

“ဟေ့... စွန်းပုချူးကိုတော့ မစပါနဲ့ သူက အမြဲပဲနောက်ကျတတ်လို့ လိပ်ကြီးစွန်းပုချူးလို့နာမည်ကျော်ကြားနေတာပဲ မဟုတ်လား”

ယင်းအချိန်တွင်....

ရွှေမြားဂိုဏ်းမှလူဆယ်ယောက်တို့သည် မြင်းကိုယ်စီဖြင့် ထပ်မံရောက်ရှိလာကြပြန်လေသည်။

အားလုံးသောလူများက ဂိုဏ်းချုပ်ကြီးစွန်းကုဝေအား ဂါရဝပြုလိုက်၏။ စွန်းကုဝေက ထိုလူစုအားလက်တစ်ချက်ဝှေ့ယမ်းပြလိုက်ပြီး....

“အားလုံး အိမ်ကလေးကိုဝိုင်းထားလိုက်”

ထို့အတူ... ဝိညာဉ်ဖြူ၏ဇနီး အဆိပ်ကျားသွတ်မယ် ကွမ်းစုစုကလည်း လက်ထဲမှကျားသွတ်အား တရှမ်းရှမ်းမြည်အောင် လှည့်ပတ်ကစားလိုက်၏။



“ဝိုး...”

“ဝှစ်... ဝှစ်... ဝှစ်...”

သူမ၏ကျားသွတ်သည် မြွေဆိုးတစ်ကောင်ပမာ လေထဲတွင် ဝှေ့ယမ်းနေလေသည်။

သူမကစူးရှအေးစက်သောလေသံဖြင့်....

“ကဲ... အားလုံးလူစုံနေပြီ၊ ဖူချင်းလွေတို့အိမ်ကို အလုကြည့်နေကြမှာလား”

ဟုအော်ငေါက်လိုက်၏။

ဝိညာဉ်ဖြူလောကျင်းစု ခေါင်းညိတ်လိုက်၏။

သူသည် အိမ်ကလေးအား စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။

ထိုအခါ... အိမ်လေးထဲမှချောင်းကြည့်နေကြသော ဖူချင်းလွေတို့ ဇနီးမောင်နှံသည် ဝိညာဉ်ဖြူလောကျင်းစုက မိမိတို့နှစ်ယောက်အား စိုက်ကြည့်နေသကဲ့သို့ခံစားလိုက်ရလေသည်။

ဖူချင်းလွေက အသံတိုးတိုးဖြင့် ကျင်းမေအား သတိပေးလိုက်၏။

“ကျင်းမေ... ကျုပ်က သူတို့ကိုရင်ဆိုင်မယ်... မင်းက သားနဲ့သမီးကိုခေါ်ပြီး မမဖူကျူးပင်းဆီကိုအရောက်သွားပါ၊ ကျုပ် နောက်ကလိုက်ခဲ့ပါ့မယ်”

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမေကအံ့ကိုတင်းတင်းကြိတ်လိုက်သည်။

သူမသည် ဖူချင်းလွေအားစိတ်မချဟန်ဖြင့်....

"ဒီလိုလုပ်မယ်... ကျွန်မတို့လင်မယားနှစ်ယောက် သူတို့ကို တိုက်ပြီးဖောက်ထွက်ကြမယ်"

ဖူချင်းလွေက သူမသည် မိမိမပါဘဲ မည်သည့်နည်းနှင့် ထွက်ခွာသွားမည်မဟုတ်ကြောင်း သိရှိလိုက်သဖြင့် ခေါင်းညိတ်လိုက် လေသည်။

"ကောင်းပြီ"

ယင်းအချိန်မှာပင် အပြင်ဘက်ဆီမှ ဝိညာဉ်ဖြူဂိုဏ်းချုပ် ရွှေရှနက်နဲ့သောအော်ဟစ်အမိန့်ပေးသံကြီး ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့၏။

၀၀၀၀



"လက်နက်ပါရဂူကြီးဖူချင်းလွေ... ခင်ဗျားတို့မိသားစုရဲ့အသက်တွေကိုတန်ဖိုးထားတယ်ဆိုရင် ဖျပ်စောင်းလက်နက်ဆန်းကို ကျုပ်တို့လက်ထဲအပ်ပါ"

ဝိညာဉ်ဖြူလောကကျောင်းစု၏အသံသည် ရွှေရှနက်နဲ့စွာထွက် ပေါ်လာလေသည်။

ဖူချင်းလွေက အဝင်တံခါးပေါက်ဆီသို့ပြန်လျှောက်လာ၏။ ကျောင်းမေက သူ့အား အကဲခတ်ကြည့်နေလေသည်။

ဖူယို့ဝှာတို့မောင်နှမကမူ မိခင်နှင့်ဖခင်တို့အား အကဲခတ် ကြည့်နေကြ၏။

ဖူချင်းလွေသည်တုံ့ပြန်စကားမဆိုဘဲကတ္တီပါသေတ္တာထဲမှ ဖျပ်စောင်းကိုယူကာ စတင်တီးခတ်လိုက်လေသည်။

ဖျပ်စောင်းသံသည် ငြိမ့်ညောင်းသာယာစွာ စတင်ထွက်ပေါ် လာလေသည်။ ဝိညာဉ်ဖြူလောကကျောင်းစုက အိမ်ကလေးထဲမှထွက် ပေါ်လာသောဖျပ်စောင်းသံကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကုပ်ကာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

သို့သော် ချက်ချင်းပင် သတိပြန်ဝင်ကာ လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

"ဟော့... အားလုံးနေရာယူပစ်ကြစမ်း"

သူ၏အမိန့်ပေးသံဆုံးသွားသည်နှင့်တစ်ပြိုင်နက် မြားတံများသည် နေရာအသီးသီးမှအိမ်ကလေးထဲသို့စုပြုံရောက်ရှိလာကြလေတော့၏။

သို့သော်... အိမ်ကလေးဆီမှ ဗျပ်စောင်းသံက တိတ်ဆိတ်သွားခြင်းမရှိပါ။

အဆိပ်ကျာပွတ်မယ်ကွမ်းစုစုမှာ စိတ်မရှည်နိုင်အောင်ဖြစ်သွားသည်။ သူမသည် ရှည်လျားလှသောကျာပွတ်ကို တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ဗွီး...."

"ဝှစ်... ဝှစ်... ဝှစ်..."

ကျာပွတ်သည် အဆိပ်ပြင်းသောမြွေဆိုးတစ်ကောင်အလားတံခါး၏လက်ကိုင်ဆီသို့ ဝှစ်ခနဲလွင့်ပျံရစ်ပတ်သွားလေသည်။

အဆိပ်ကျာပွတ်မယ်ကွမ်းစုစုက အေးစက်စက်မျက်နှာထားဖြင့် တံခါးရွက်ကိုစိုက်ကြည့်ကာ....

"ဟော့... ဖူချင်းလွေ၊ ရှင်တို့က လိပ်တွေလို ဘာဖြစ်လို့ခေါင်း



ဝှက်နေရတာလဲ၊ အသက်မသေချင်ရင် ဗျပ်စောင်းကိုအသာတကြည်ထုတ်ပေးပါ"

တုံ့ပြန်သံ မကြားရပါ။ သို့သော် ဗျပ်စောင်းသံကမူ အနည်းငယ်ကြမ်းတမ်းခက်ထန်လာ၏။ အဆိပ်ကျာပွတ်မယ်ကွမ်းစုစုမှာ စိတ်မရှည်နိုင်အောင်ဖြစ်လာလေသည်။

သူမသည် ကျာပွတ်ကိုတစ်ချက်လှုပ်ယမ်းလိုက်သည်။ ထိုအခါ ဖူချင်းလွေတို့အိမ်၏တံခါးရွက်နှစ်ခုသည် ပြင်းထန်စွာ လှုပ်ခါလာလေသည်။

အဆိပ်ကျာပွတ်မယ်ကွမ်းစုစုက ဗိုမိုအားစိုက်၍ အဆက်မပြတ်လှုပ်ရှားလိုက်သည့်အခါ...

"ဝုန်း..."

ကျယ်လောင်သောမြည်ဟည်းသံနှင့်အတူ တံခါးရွက်သည် ကျိုးပဲ့သွားလေတော့၏။

oooo

www.burmeseclassic.com

www.burmeseclassic.com



တံခါးရွက်မှာ ကျိုးပဲ့သွားပြီဖြစ်၏။

တံခါးရွက်ကျိုးပဲ့သွားသည်နှင့်တစ်ပြိုင်နက်…

"ဝှစ်…"

"ဝှစ်…"

"ဝှစ်…"

မြားတံများက အိမ်ကလေးထဲသို့ အဆက်မပြတ်ပစ်လွှင့်ဝင်ရောက်သွားလေတော့၏။

၀၀၀၀



"ဝှစ်…."

"ဝှစ်…."

"ဝှစ်…."

ဝှစ်…."

မြားတံများ အဆက်မပြတ်ပစ်လွှင့်လာသည်။

ဖူချင်းလှေက လက်တစ်ချက်ဝှေ့ယမ်းကာ ဗျပ်စောင်းကိုပြင်းပြင်းထန်ထန်တီးခတ်လိုက်လေသည်။

"ဒေါင်…."

"ထန်း… ထန်း… ထန်း"

မြားတံများသည် ဗျပ်စောင်းထဲမှထွက်ပေါ်လာသော လေ၏တုန်ခါမှုကြောင့် မြေပြင်သို့ပြုတ်ကျကုန်၏။

အဆိပ်ကျာပွတ်မယ်သည် မဲ့ပြုံးပြုံးကာ လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ဟော့… ဝိုင်းတိုက်ကြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ကျာပွတ်မယ်၏အမိန့်ပေးသံ ထွက်ပေါ်လာသည်နှင့် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့်လူနှစ်ယောက်သည်...

"ယား..."

မာန်သွင်းအော်ဟစ်ကာ ဖူချင်းလွေ၏အိမ်ကလေးဆီသို့ တစ်ဟုန်ထိုးပြေးဝင်လာကြလေသည်။

ဖူချင်းလွေကမဲ့ပြုံးပြုံးကာ ဗျပ်စောင်းအား ပြင်းပြင်းထန်ထန်တီးခတ်လိုက်သည်။

"ထန်း... ထန်း... ထန်း"

"ထန်း... ထန်း... ထန်း..."

စူးရှကျယ်လောင်သောသံစဉ်များ နားကွဲမတတ်ထွက်ပေါ်လာလေသည်။

ထိုအခါ ခုန်ဝင်လာကြသော အနက်ရောင်ဝတ်စုံနှင့်လူနှစ်ဆယ်တို့သည် ရုတ်တရက် အလွန်ပြင်းထန်သောအင်အားတစ်ခု၏ တွန်းထုတ်ခြင်းခံရသကဲ့သို့ခံစားလိုက်ရပြီး တဝုန်းဝုန်းလွင့်စဉ်သွားကြကုန်လေသည်။

ယင်းနောက်.... သွေးများပွက်ခနဲအန်ကာ လဲကျငြိမ်သက်သွားကြလေသည်။

ထိုအခြင်းအရာကြောင့် အားလုံးသောလူများမှာ ထိတ်လန့်တုန်လှုပ်သွားကြလေသည်။



ဝိဉာဉ်ဖြူလောကျင်းစု၏မျက်နှာမှာ ပို၍ခက်ထန်တင်းမာလာလေသည်။

သူသည် မီးလျှံဂိုဏ်းချုပ်ကြီး သံတောင်ဝေ့အိုရန်းတာ့အား လှမ်းကြည့်လိုက်ပြီး...

"ဒီတစ်ခါ ခင်ဗျားတို့အလှည့်ပဲ"

ဟုပြောလိုက်၏။

ဂိုဏ်းချုပ်ကြီးသံတောင်ဝေ့အိုရန်းတာ့က ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက်... သူသည် သူ၏လူများဘက်သို့လှည့်ကာ လက်တစ်ချက်ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ အနီရောင်ဝတ်ဆင်ထားကြသောလူနှစ်ဆယ်ခန့်သည် ဖူချင်းလွေ၏အိမ်ကလေးဆီသို့ ခုန်ဝင်သွားကြ၏။

"ဒေါင်... ဒေါင်... ဒေါင်"

ရုတ်တရက် ကျယ်လောင်လှသောဗျပ်စောင်းသံများ ထွက်ပေါ်လာသည်။

တစ်ဆက်တည်းမှာပင်....

"အား..."

"အမယ်လေး..."

အနီရောင်ဝတ်ဆင်ထားသောလူနှစ်ဆယ်ခန့်တို့သည် စူးရှစွာအော်ဟစ်လျက်....

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း..."

"ဝုန်း..."

"ဝုန်း..."

အရုပ်ကြိုးပြတ်လဲကျကာ သေဆုံးသွားကုန်ကြလေတော့သည်။

၀၀၀၀



သံတောင်ဝှေးအိုရန်းတာ့၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။ သူသည် မိမိအဖွဲ့သားများ၏အဖြစ်ကိုကြည့်ကာ ခံပြင်းဒေါသထွက်သွား၏။

သံမဏိတောင်ဝှေးဖြင့် မြေပေါ်တစ်ချက်ဆောင့်ချလိုက်၏။ သံမဏိတောင်ဝှေးသည် မြေတွင် တစ်ဝက်ခန့်နစ်မြုပ်သွားလေသည်။

သူတို့သည် ဗျပ်စောင်းကဲ့သို့ အနုပညာတူရိယာလက်နက်က ယခုကဲ့သို့လူအမြောက်အမြားကိုတိုက်ခိုက်သတ်ဖြတ်နိုင်ကြောင်း တွေ့မြင်ရသည့်အခါ အလွန်အံ့သြတုန်လှုပ်သွားမိကြလေသည်။

ထို့အတူ... အဆိုပါတူရိယာလက်နက်ကိုလည်း ပိုင်ဆိုင်လိုချင်မက်မောလာမိကြလေသည်။

ထိုစဉ်....

ရွှေမြားဂိုဏ်းမှဒုဂိုဏ်းချုပ်ကြီးစွန်းကုဝေက မိမိအဖွဲ့သားများအား တစ်ချက်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အဖွဲ့သား လက်ရွေးစင်ဆယ်ယောက်တို့သည် ဓား များကိုပြိုင်တူဝှေ့ယမ်းကာ ဖူချင်းလွေ၏အိမ်ကလေးဆီသို့ ပြေးသွား ကြသည်ကိုတွေ့ရသည်။

ယင်းအခိုက်မှာပင် ဗျပ်စောင်းသံသည် ရုတ်တရက် ပို၍ပို၍ ကြမ်းတမ်းခက်ထန်လာလေသည်။

တစ်ဆက်တည်းမှာပင်…

"ဝုန်း…"

ကျယ်လောင်သောအသံနှင့်အတူ အဖြူရောင်လူရိပ်များ သည် ကောက်ပင်များကိုလှီးဖြတ်ခံလိုက်ရသည်အလား ဖရိုဖရဲလွင့် စဉ်လဲကျသွားကြကုန်လေသည်။

ထိုအခါ လူတစ်ယောက်၏အလောင်းက အိမ်ခေါင်မိုးပေါ် ကျသွားရာ ခေါင်မိုးပေါက်ပြီး အိမ်ထဲသို့ရောက်ရှိသွားလေသည်။

ယင်းအဖြစ်အပျက်ကိုတွေ့မြင်လိုက်သည့် ဂိုဏ်းချုပ်ကြီး အိုရန်းတာ့သည် ရုတ်တရက်အကြံတစ်ခုရရှိလိုက်၏။

"ဟော့… ကျုပ်တို့ ဒီအတိုင်းဆက်တိုက်နေရင် ကျုပ်တို့လူ တွေ အလဟဿအသက်ဆုံးရှုံးရလိမ့်မယ်"

ရွှေမြားဂိုဏ်းချုပ်ဗွန်းကုဝေက သူ့အားကြည့်ကာ မျက် မှောင်ကုပ်လိုက်သည်။

"ခင်ဗျားမှာ အကြံကောင်းတစ်ခုရှိနေပြီထင်တယ်"



အိုရန်းတာ့ ခေါင်းညိတ်လိုက်၏။

ထို့နောက် ဖူချင်းလွေ၏အိမ်ကလေးဆီသို့ တစ်ချက်လှမ်း ကြည့်ကာ….

"အခု ကျုပ်တို့ကအလင်းထဲမှာဖြစ်နေတယ်… သူတို့က အ မှောင်ထဲမှာ… ဒါကြောင့် ကျုပ်တို့ရဲ့လှုပ်ရှားမှုအားလုံးကို သူတို့က မြင်နေရတယ်"

သူကစကားဆက်လိုက်သည်။

"ဒါကြောင့် ကျုပ်တို့ရဲ့လက်အောက်ငယ်သားတွေ အဆုံးရှုံး မခံရအောင် ကျုပ်တို့ငါးယောက်ဝင်ကြမယ်"

လက်နက်ပါရဂူကျူးဟိုင်မင် မျက်မှောင်ကုပ်သွား၏။

သူသည် သေဆုံးနေသောအလောင်းများအား မျက်လုံးတစ် ချက်ဝေ့ကြည့်လိုက်သည်။

"အိမ်ကလေးနားကိုတောင် ကပ်ခွင့်မရတာဘဲ… ကျုပ်တို့ ဘယ်လိုဝင်ကြမလဲ"

အိုရန်းတာ့က သူ့အားပြုံးစေ့စေ့ဖြင့်ကြည့်လိုက်၏။

"မြောင်နယ်ကလက်နက်ပါရဂူကြီးကလဲဗျာ… ဒီလောက် တောင် ဉာဏ်ရည်နည်းရသလား၊ စောစောကအလောင်းတစ် လောင်း ခေါင်မိုးပေါ်ကတစ်ဆင့် အိမ်ထဲကိုရောက်သွားတာ မတွေ့ လိုက်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် ကျူးဟိုင်မင်၏မျက်လုံးအစုံတစ်ချက်ဝင်း လက်တောက်ပသွားသည်။

ဆတ်ခနဲခေါင်းညိတ်ကာ....

"ဟုတ်ပြီ... သဘောပေါက်ပြီ၊ ကျုပ်တို့ခေါင်းဆောင်ငါး ယောက်က ဒီခေါင်မိုးတွေကတစ်ဆင့်ဝင်တိုက်မယ်ပေါ့ဟုတ်လား"

အိုရန်းတာ့၏မျက်နှာတစ်ခုလုံးရှုံ့မဲ့သွားလေသည်။

"ဟာ... ကျုပ်တို့အားလုံး ခေါင်မိုးကစုပြုဝင်သွားရင် အကုန် သေကုန်ကြမှာပေါ့.... သူ့ရဲ့ဖျပ်စောင်းက လူစုလူဝေးနဲ့လာရင် ပိုပြီး သဘောကျတယ်လေ"

ဝိဇ္ဇာဦဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုသည် အိုယန်းတာ့၏ စကားအဓိပ္ပာယ်ကို ကောင်းစွာသဘောပေါက်လိုက်သည်။

"ကျုပ်သဘောပေါက်ပြီ... ရှေ့ဘက်မှာ လူတစ်ချို့က ဟန်ပြ တိုက်ပြီး တစ်ချို့ကအိမ်ခေါင်မိုးကဖောက်ဝင်ဖို့မဟုတ်လား"

အိုရန်းတာ့ကပြုံး၍ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ကျာပွတ်မယ်ကွမ်းစုစုက သဘောကျသွားဟန်ဖြင့်ပြုံးလိုက် လေသည်။

သူမ၏အပြုံးသည် အလွန်ရက်စက်ကြမ်းကြုတ်သည့်အပြုံး မျိုးပင်ဖြစ်ပါသည်။



"ကောင်းပြီ... ဒါဖြင့် ကျွန်မက ရှေ့မှာကျာပွတ်နဲ့အယောင် ပြတိုက်မယ်၊ ကျန်တဲ့လူတွေက ခေါင်မိုးကဖောက်ဝင်ပါ၊ တစ်ခုတော့ ကြိုပြောထားမယ်နော်၊ ဒီဖျပ်စောင်းဟာ လူအများကြီးကိုသတ်နိုင် တဲ့မရဏဖျပ်စောင်းတစ်လက်ပါ၊ ဒါကြောင့် ကျွန်မတို့ တစ်ယောက်နဲ့ တစ်ယောက်သစ္စာရှိဖို့လိုတယ်၊ ပစ္စည်းကိုရရင် မဲဖောက်ပြီးရတဲ့လူ ယူကြမယ်"

ကျူးဟိုင်မင်မျက်မှောင်ကုပ်လိုက်သည်။

"ဒါဖြင့် ဖျပ်စောင်းထဲကလျှို့ဝှက်ချက်ကိုကော"

အိုရန်းတာ့ကပြုံးလိုက်၏။

"ဒါလဲ မဲစနစ်ပဲပေါ့"

စွန်းကုဝေကကြားဖြတ်ပြောလိုက်လေသည်။

"ကျုပ်တို့က ပစ္စည်းရရင်ပြီးကာပဲ... လက်နက်ပါရဂူကြီးကို တော့ ဒုက္ခမပေးကြနဲ့နော်"

ဝိဇ္ဇာဦဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက မဲ့ပြုံးပြုံးလိုက်၏။ သူ၏မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သည့်ဟန်မူရာများပေါ် လွင်လာလေသည်။

"အို... ဒါကတော့ဗျာ ဖျပ်စောင်းရဖို့တိုက်ခိုက်နေကြတာ ဆိုတော့ သူ့ကိုထိခိုက်မယ် မထိခိုက်ဘူးဆိုတဲ့အချက်ကို ဘယ်လိုလုပ် ထိန်းသိမ်းနိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျူးဟိုင်မင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါမှန်တယ်"

စွန်းကုဝေ သက်ပြင်းတစ်ချက်ချလိုက်သည်။ ပြီးနောက် အားလုံးသောလူများကိုတစ်ချက်ဝေ့ကြည့်ကာ...

"ကဲ... ဒါဆို ကျုပ်တို့ အိမ်ထဲကိုဘယ်လိုဝင်ကြမယ်ဆိုတာ ဆွေးနွေးကြတာပေါ့"

ပြောပြောဆိုဆိုပင် အိမ်ကလေး၏လေးဖက်လေးတန် အခြေအနေကိုမြေပုံဆွဲ၍ တိုင်ပင်ဆွေးနွေးကြလေတော့သည်။

၀၀၀၀



ဖူနိုင်ဆင်းသည် ကြောက်ရွံ့လွန်းသဖြင့် အသားများပင် ဆတ်ဆတ်တုန်နေလေသည်။

ဖူယို့ဂှာက သူ့အားဖက်ထားလိုက်၏။

"မောင်လေး... ဘာမှမကြောက်နဲ့၊ မမတို့မှာ လူဆိုးတွေ ကိုနှိမ်နင်းနိုင်တဲ့ဗျပ်စောင်းကြီးရှိတယ်"

ဖူချင်းလွေက သူမတို့မောင်နှမအား တစ်ချက်လှမ်းကြည့် ကာ အပြင်သို့စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လေသည်။

ဂိုဏ်းချုပ်များစုဝေးကာ တိုင်ပင်နေကြသည်ကို တွေ့မြင် ိုက်ရသဖြင့် ရင်ထဲ၌လေးလံလာမိလေသည်။

"ကျင်းမေ....."

သူကတိုးတိုးခေါ်လိုက်၏။

ကျင်းမေက သူ့အားလှည့်မကြည့်ပါ။

သူမသည် အပြင်မှလူစုအားအကဲခတ်ကြည့်ကာ...

"ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ဖူချင်းလွေက အသံတိုးတိုးဖြင့်ပြောလိုက်သည်။

"သူတို့က ဗျပ်စောင်းကိုမရမချင်း ကြိုးစားကြလိမ့်မယ်၊ ဒါကြောင့် သူတို့ စုပြီးစည်းဝေးနေကြတာ"

ကျင်းမေခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... သူတို့လက်လျှော့ကြမှာမဟုတ်ဘူး"

ဖူချင်းလွေ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း... ဒီလူတွေဟာ အနက်ရောင်သိုင်းလောကထဲက လူတွေပဲ၊ ဒါကြောင့် ဘာကိုမှသက်ညှာမှာမဟုတ်ဘူး။ သူတို့တိုင်ပင်နေကြတုန်း သမီးနဲ့သားကိုနောက်ဖက်က မြင်းရထားဆီရောက်အောင် ခေါ်ထုတ်သွားပါ"

ကျင်းမေ၏ရင်ထဲတွင် နာကျင်လာမိလေသည်။ ဖူချင်းလွေပြောသည့်စကားကမှန်ကန်နေသဖြင့် သူမအနေဖြင့် စောဒကမတက်ချင်တော့ပါ။

ထို့ပြင် မိမိနှင့်သားသမီးတို့အား ဖူချင်းလွေက ငဲ့ညှာနေရလျှင် အခြေအနေပိုဆိုးနိုင်ကြောင်းနားလည်ထား၏။

ထို့ကြောင့် သမီးနှင့်သားကို လက်ဆွဲကာ နောက်ဘက်မြင်းရထားဆီသို့ မှောင်ရိပ်ခိုကာပြေးထွက်ခဲ့လေသည်။ သမီးနှင့်သားကို မြင်းရထားပေါ် တင်လိုက်စဉ်မှာပင် အဆိပ်ကျာပွတ်မယ်ကွမ်းစုစု၏ စူးရှသောမျက်လုံးအစုံကတွေ့မြင်သွားခဲ့ချေပြီ။



"ဟော... ဟိုမှာ... ဟိုမှာ ပြေးပြီ၊ လိုက်... လိုက်..."

ကွမ်းစုစုသည် ပြောပြီး ကျာပွတ်ဖြင့် ကျင်းမေအားရိုက်ချလိုက်လေသည်။

"ရွှမ်း...."

ကျာပွတ်သည် အရှိန်ပြင်းစွာဖြင့် ကျင်းမေ၏ဦးခေါင်းပေါ်သို့ ရောက်ရှိလာလေသည်။

ကျင်းမေရင်ထိတ်သွား၏။

ကမန်းကတမ်း ကျွမ်းပစ်ရှောင်တိမ်းလိုက်ရ၏။

အဆိပ်ကျာပွတ်မယ်ကွမ်းစုစုကမဲ့ပြုံးပြုံးကာ ကျာပွတ်အား တစ်ချက်ဆွေ့ယမ်းလိုက်ပြန်လေသည်။

ကျာပွတ်သည် ကျင်းမေ၏လက်ကိုရစ်ပတ်မိသွား၏။

ကျာပွတ်မယ်ကွမ်းစုစု ရယ်မောလိုက်သည်။

"ဟား... ဟား... ဟား... ဖူချင်းလွေ ရှင့်မိန်းမနဲ့ကလေးတွေကိုဖမ်းမိထားပြီ... ဗျပ်စောင်းကို အသာတကြည်ပေးရင် သူတို့ဘာမှမဖြစ်စေရဘူး"

ကွမ်းစုစု၏အသံက စူးရှကျယ်လောင်စွာဖြင့် ဝန်းကျင်အနှံ့ပဲ့တင်ထပ် ရိုက်ခတ်သွားလေသည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဖူချင်းလွေသည် ဗျပ်စောင်းတစ်လက်ဖြင့်တိုက်ခိုက်ပြီး ထိုးဖောက်ထွက်မည်ဟုဆုံးဖြတ်ထားသည်။ ထိုအချိန်တွင် အမည်းရောင်အရိပ်တစ်ခုက တံခါးဝမှလွင့်ပျံ့လာလေသည်။

ဖူချင်းလွေ ဗျပ်စောင်းကိုတီးခတ်လိုက်၏။

ထိုအခါ အမည်းရောင်အရိပ်သည် တစ်စစီလွင့်စဉ်သွားလေသည်။ ဖူချင်းလွေ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားရလေသည်။ ထိုအမည်းရောင်အရိပ်သည် လူတစ်ယောက်မဟုတ်ဘဲ ဝတ်ရုံနက်ပိတ်စတစ်ထည်ဖြစ်နေသည်မဟုတ်ပါလော။

ရန်သူ၏လှည့်စားခြင်းကိုလှလှကြီးခံလိုက်ရပြီဟု ဖူချင်းလွေနားလည်လိုက်သည်။

ယင်းအချိန်မှာပင်... သူ၏နောက်ကျောဆီမှ အေးစက်စက်အသံတစ်သံထွက်ပေါ်လာလေသည်။

"လက်နက်ပါရဂူကြီးက ဝတ်ရုံတမံမှုကိုတောင် ချမ်းသာမပေးပါလား"



ဖူချင်းလွေက အသံလာရာသို့ ချာခနဲလှည့်ကြည့်လိုက်၏။ ဝိဉာဉ်ဖြူလောကျင်းစုအား တွေ့မြင်လိုက်ရသည်။

တစ်ဆက်တည်း မှာပင် ကြီးမားသောလက်ဝါးတစ်ဖက်က သူ၏ရင်ဝသို့ရိုက်ချလာသည်ကိုတွေ့မြင်လိုက်ရလေသည်။

နီးကပ်လွန်းသောအခြေအနေကြောင့် နောက်ဆုတ်ရန် မလွယ်ကူတော့ပါ။ ယင်းအချိန်လေးမှာပင်....

"လူယုတ်မာကြီး... သေပေတော့"

တုလျှံသည် ဒဏ်ရာများကြားမှခုန်ထကာ ဖူချင်းလွေ၏ရှေ့သို့ခုန်ဝင်ကာကွယ်ရင်း ဝိဉာဉ်ဖြူလောကျင်းစုအား ဓားဖြင့် ထိုးသွင်းလိုက်လေသည်။

သူ၏တိုက်ခိုက်မှုမှာ သွေးရူးသွေးတန်းဖြင့် တိုက်ခိုက်လိုက်ခြင်းမျိုးဖြစ်လေသည်။

ဝိဉာဉ်ဖြူလောကျင်းစုက မဲ့ပြုံးပြုံးကာ...

"သေစမ်း"

ပြောပြီး လက်ဝါးရိုက်ချက်အား တုလျှံထံကူးပြောင်းလိုက်လေသည်။

"ဝုန်း..."

တုလျှံသည် သူ၏ရိုက်ချက်ကြောင့် လွင့်စဉ်လဲကျသေဆုံးသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ဖြူလောကျင်းစုက ဖူချင်းလွေအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် ဖူချင်းလွေက ဗျပ်စောင်းကို သေတ္တာထဲထည့်၍ ရင်ခွင်ပိုက်ကာ သူ့ထံခုန်ဝင်လာပြီး ခြေဖြင့်ကန်ချလိုက်လေသည်။

ဝိညာဉ်ဖြူလောကျင်းစုက နောက်ဆုတ်ရှောင်တိမ်းလိုက်၏။ သို့သော် သူနောက်ကျသွားချေပြီ။ ဖူချင်းလွေ၏ခြေထောက်ကန်ချက်က သူ၏ရင်ဝသို့ထိမှန်သွားခဲ့ပြီဖြစ်သောကြောင့်တည်း။

"ဝုန်း....."

ဝိညာဉ်ဖြူလောကျင်းစု၏ခန္ဓာကိုယ်သည် အဝေးသို့ လွင့်စဉ်သွားလေသည်။ ဖူချင်းလွေက နောက်ဘက်တံခါးပေါက်မှတစ်ဆင့်ထွက်ပြေးရန်ဟန်ပြင်လိုက်သည်။

ယင်းအချိန်မှာပင် ဓားတစ်လက်က သူ၏နောက်ကျောပြင်ကို တိတ်တဆိတ်ထိုးသွင်းလာ၏။

ဖူချင်းလွေ ရင်ထိတ်သွားကာ ဘေးသို့ကမန်းကတန်း ခုန်ရှောင်လိုက်ရသည်။ သူ၏ရှောင်တိမ်းမှုကလျင်မြန်တိကျလှ၏။

သို့သော် ဓားသွားက အလွတ်မပေးဘဲ သူ၏ခန္ဓာကိုယ် ရွေ့လျားရာသို့လိုက်ပါလာပြီး ထိုးသွင်းလေသည်။ ရုတ်တရက် သူ၏ညာဘက်ပခုံးတွင်ဓားဒဏ်ရာတစ်ချက်ရရှိသွား၏။



သူ ချာခနဲလှည့်ကာ ဗျပ်စောင်းထည့်ထားသော သေတ္တာလေးဖြင့် ရိုက်ချလိုက်လေသည်။

"ဝုန်း....."

သူ့အား ဓားဖြင့်ထိုးသွင်းလာသူမှာလွင့်စဉ်လဲကျသွား၏။ ထိုသူကားအခြားမဟုတ်။ ကျူးဟိုင်မင်ဖြစ်သည်။ ဖူချင်းလွေက ကျူးဟိုင်မင်အား နောက်တစ်ကြိမ် ဗျပ်စောင်းထည့်ထားသောသေတ္တာဖြင့်ရိုက်ချရန်ဟန်ပြင်လိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်... ကျားပွတ်မယ်ကွမ်းစုစု၏ အသံက စူးရှကျယ်လောင်စွာထွက်ပေါ်လာလေသည်။

"ဟား... ဟား... ဟား ဖူချင်းလွေ၊ ရှင့်မိန်းမနဲ့ကလေးတွေကိုဖမ်းမိထားပြီ၊ သူတို့ကို ဒုက္ခမရောက်စေချင်ရင် ရှင့်ဆီကဗျပ်စောင်းအသာတကြည်ပေးဖို့ပြင်ပေတော့"

သူမ၏အသံက စူးရှပြီးကျယ်လောင်လှသည်။

ဖူချင်းလွေသည် ကျူးဟိုင်မင်အားဆက်လက်မတိုက်ခိုက်နိုင်တော့ဘဲ ကွမ်းစုစုအသံထွက်ပေါ်လာရာသို့ တစ်ဟုန်ထိုးပြေးထွက်ခဲ့ရလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဖူချင်းလွေသည် အိမ်အပြင်သို့ရောက်ရှိလာပြီဖြစ်၏။

လဝန်း၏အလင်းရောင်အောက်တွင် အဆိပ်ကျာပွတ်မယ်ကွမ်းစုစု၏ကျာပွတ်က ကျင်းမေ၏လက်အား ရစ်ပတ်ထားသည်ကို တွေ့မြင်လိုက်ရသည်။

အဆိပ်ကျာပွတ်မယ်ကွမ်းစုစုသည် ဖူချင်းလွေအားတွေ့မြင်ရသည့်အခါ အားပါးတရရယ်မောလိုက်လေသည်။

"ဟား… ဟား… ဟား ဖူချင်းလွေ ရှင်ဆက်ပြီးတိုက်ခိုက်ဖို့ မကြိုးစားပါနဲ့ ကျွန်မရဲ့ကျာပွတ်က ရှင့်မိန်းမကို စကြာဝဠာအပြင်ဘက်အထိရောက်အောင်ပို့နိုင်တယ်ဆိုတာသိထားပါ"

ဖူချင်းလွေက ပြုံးရင်း ကျင်းမေအား တစ်ချက်လှမ်းကြည့်လိုက်၏။ ကျင်းမေက သူ၏အကြည့်ကိုသဘောပေါက်နားလည်သည့်အလား မသိမသာခေါင်းညိတ်ပြလိုက်သည်။

ဖူချင်းလွေက သမီးဖြစ်သူနှင့်သားဖြစ်သူအားလှမ်းကြည့်လိုက်ပြန်သည်။



သမီးဖူယို့ဝှာနှင့်သားဖူနိုင်ဆင်းတို့မောင်နှမသည် မြင်းရထားနှင့်မနီးမဝေးတွင်ရောက်ရှိနေပြီဖြစ်၏။

ဖူချင်းလွေကရယ်မောလိုက်သည်။

သူသည် ပခုံးတွင်ရှိ ထားသောဒဏ်ရာအား တစ်ချက်ငုံ့ကြည့်ကာ အဆိပ်ကျာပွတ်မယ်ကွမ်းစုစုအား လှမ်းပြောလိုက်၏။

"ကွမ်းစုစု… ကျုပ်က ဒီဖျပ်စောင်းထည့်ထားတဲ့သေတ္တာလေးကိုပေးမယ်ဆိုရင် ကျုပ်တို့မိသားစုကိုလွှတ်ပေးနိုင်မှာလား"

ကွမ်းစုစု၏မျက်လုံးများ ဝင်းလက်တောက်ပသွားသည်။

သူမသည် ဖူချင်းလွေအား မယုံကြည်နိုင်သောမျက်လုံးအစုံဖြင့်ကြည့်ကာ…

"ရှင်ကကော ဒီဖျပ်စောင်းကိုတကယ်ပေးမှာလား"

မယုံမရဲဖြင့်မေးသည်။

ဖူချင်းလွေက ခေါင်းတစ်ချက်ညိတ်လိုက်၏။

"အရင်တုန်းကတော့ ကျုပ် ဒီဖျပ်စောင်းကိုခင်ဗျားတို့လက်ထဲမရောက်အောင် အသက်စွန့်ပြီး ကာကွယ်သွားမယ်လို့ဆုံးဖြတ်ထားခဲ့တယ်၊ အခုတော့ ကျုပ်သဘောထားပြောင်းလဲသွားပြီ"

အဆိပ်ကျာပွတ်မယ်ကွမ်းစုစုက ပြုံးလိုက်သည်။

ထို့နောက်…

ဖူချင်းလွေအား စိုက်ကြည့်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါဦးရှင်… ဘယ်လိုသဘောထားပြောင်းလဲသွားရတာလဲ"

ဖူချင်းလွှေက ပခုံးမှဒဏ်ရာအားတစ်ချက်ငုံ့ကြည့်လိုက်၏။

ထို့နောက် သက်ပြင်းတစ်ချက်ချပြီး….

"အင်း… ကျုပ်ရဲ့ပခုံးမှာဒဏ်ရာရထားတယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားတို့လူစုကိုယှဉ်နိုင်မှာမဟုတ်ဘူး… ဒီတော့ ဖျပ်စောင်းကို ခင်ဗျားတို့လက်ထဲပေးအပ်မယ်လို့ ဆုံးဖြတ်လိုက်ပါပြီ"

သူ၏စကားကြောင့် အားလုံးသောလူများ၏မျက်နှာများမှာ ဝင်းလက်တောက်ပသွားကြလေသည်။

ဖူချင်းလွှေက စကားဆက်လိုက်၏။

"ဒါပေမယ့် ခင်ဗျားတို့နဲ့ကျုပ်က တစ်ခုတော့အပေးအယူလုပ်ရလိမ့်မယ်"

အဆိပ်ကျားပွတ်မယ်ကွမ်းစုစု မျက်မှောင်ကုပ်လိုက်၏။

"ဘာများပါလိမ့်"

ဖူချင်းလွှေက သမီးနှင့်သားကို တစ်ချက်လှမ်းကြည့်လိုက်၏။ ထို့နောက်….

အားလုံးသောလူများအားတစ်ချက်ဝေ့ကြည့်ကာ….

"နံပါတ်တစ်အချက်က ကျုပ်သမီးနဲ့သားကိုမြင်းရထားပေါ်မှာ လုံလုံခြုံခြုံရှိပါစေ"

BURMESE CLASSIC .com



အားလုံးသောလူများသည် သူ့စကားကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြလေသည်။

ထို့နောက် ပြိုင်တူခေါင်းညိတ်လိုက်ကြ၏။

အမှန်တွင်….

သူတို့အားလုံးက ကလေးနှစ်ယောက်လက်ထဲတွင် အရေးကြီးသောဖျပ်စောင်းထည့်ထားသည့်သေတ္တာလေး မရှိသဖြင့် ယခုကဲ့သို့အလွယ်တကူခွင့်ပြုလိုက်ကြခြင်းဖြစ်လေသည်။

ဖူယို့ဂှာသည် အသက်ဆယ်နှစ်အရွယ်မျှသာ ရှိသေးသည့် မိန်းကလေးငယ်တစ်ယောက်ဖြစ်၏။

သို့သော် သူမသည် ဉာဏ်ကောင်းပြီးအကင်းပါးလှသည်။

သူမသည် ချက်ချင်းပင် သူ့မောင်လေးဖူနိုင်ဆင်း၏လက်ကို ဆွဲကာ မြင်းရထားရှိရာသို့ခေါ်ဆောင်သွားလေသည်။

ထို့နောက် ဖူနိုင်ဆင်းအား မြင်းရထားပေါ်သို့တင်ပေးကာ မိမိကိုယ်တိုင်လည်း မြင်းရထားပေါ်ခုန်တက်လိုက်လေသည်။

ထို့နောက် ဖူနိုင်ဆင်းအား မြင်းလှည်းအတွင်းတွင်နေစေ၍ သူမက မြင်းရထား၏အပေါက်ဝတွင်ထိုင်ကာ အခြေအနေကိုစောင့်ကြည့်နေလိုက်သည်။

ဝိဉာဉ်ဖြူလောကျင်းစုက ဖူချင်းလွှေအား စူးရှအေးစက်သောမျက်လုံးအစုံဖြင့်စိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖူချင်းလွေ… ခင်ဗျားလက်ထဲက သေတ္တာကိုပေးလို့ရပြီ မဟုတ်လား"

ဖူချင်းလွေကလက်ကာပြလိုက်၏။

သူက အေးဆေးတည်ငြိမ်သောလေသံဖြင့်….

"နေပါဦးဗျာ… ခင်ဗျားတို့က တယ်လဲ ဆန္ဒစောကြတာကိုး၊ ကျုပ်က နံပါတ်တစ်လို့ရေရွတ်ထားတာဟာ နံပါတ်နှစ်အချက်ရှိနေသေးတယ်ဆိုတာ နားလည်ထားဖို့သင့်ပါတယ်"

အားလုံးသောလူများက သူ၏စကားကြောင့် ဘဝင်မကျနိုင်အောင်ဖြစ်သွားကြရလေသည်။ လက်နက်ပါရဂူကျူးဟိုင်မင်က ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီး…

"ဖူချင်းလွေ… မင်း ဉာဏ်များမယ်မကြံနဲ့နော်"

ဖူချင်းလွေက အားပါးတရရယ်မောလိုက်သည်။ ခဏကြာမှ ရယ်မောခြင်းကိုရပ်တန့်ပြီး ကျူးဟိုင်မင်အားစိုက်ကြည့်လိုက်၏။

"ကျူးဟိုင်မင်… တကယ်ဆိုရင် ခင်ဗျားဟာ ကျုပ်နဲ့ပညာသင်ဘက်အစ်ကိုကြီးပါ၊ ဒါတောင်မှ ကိုယ့်ဘာသာကိုယ် လက်နက်တွေမတီထွင်ဘဲ သူများတီထွင်ထားတဲ့ပစ္စည်းကို ဘာဖြစ်လို့ လိုချင်မက်မောနေရတာလဲ"

ကျူးဟိုင်မင်၏မျက်နှာတစ်ခုလုံး မည်းမှောင်သွားလေသည်။ သူသည် ခံပြင်းစွာဖြင့် ဖူချင်းလွေအားစိုက်ကြည့်လိုက်၏။



"ဒါကတော့ မင်း ဆရာရဲ့ပညာကို ဆုံးခန်းတိုင်အောင် သင်ယူခဲ့ရတာကိုး"

ဖူချင်းလွေ မဲ့ပြုံးပြုံးလိုက်၏။

သူ တံတွေးတစ်ချက်ထွေးလိုက်ပြီး….

"ဒါက ခင်ဗျားရဲ့မရိုးသားမှုပဲလေ… ခင်ဗျားရဲ့ယုတ်ညံ့တဲ့စိတ်ထားကြောင့် မြောင်နယ်ခြားကို ထွက်ပြေးသွားရတာပဲ မဟုတ်လား"

ကျူးဟိုင်မင်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူ၏မျက်နှာပေါ်တွင်….

ခံပြင်းခြင်း၊ နာကြည်းခြင်းစသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

"မင်းနဲ့ငါ ဆရာ့ညီမကျင်းမေကို အပြိုင်ချစ်ခဲ့ကြဖူးတယ်၊ ဒါဟာ ကျုပ်မရိုးသားဘူးလား"

ဖူချင်းလွေက ကျင်းမေအားတစ်ချက်လှမ်းကြည့်လိုက်၏။

ကျင်းမေက ခြေထောက်တစ်ချက်ဆောင့်ပြီး ကျူးဟိုင်မင်အား စူးရှသောမျက်လုံးအစုံဖြင့်လှမ်းကြည့်လိုက်၏။

"ရှင် မရိုးသားလို့ ကျွန်မကို အရက်ထဲဆေးခတ်ပြီး ကြံစည်ခဲ့တယ်၊ ကံကောင်းလို့ အစ်ကိုဖူကကယ်တင်နိုင်ခဲ့တာ၊ ကျွန်မအစ်ကိုက ညီမကိုစော်ကားတဲ့လူကို ဆက်ပြီးတပည့်အဖြစ်မွေးမှာတဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



ကျူးဟိုင်မင်၏မျက်နှာပေါ်တွင် ဝေဒနာပြင်းပြင်းထန်ထန် ခံစားရသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

သူသည် အံကိုတင်းတင်းကြိတ်ကာ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

ယင်းအချိန် မီးလျှံဂိုဏ်းချုပ်ကြီးသံတောင်ဝှေးအိုရန်းတာ့ ကဝင်ရောက်ဟန့်တားလိုက်လေသည်။

"ဟေ့... ဟေ့... ကျုပ်တို့ အခုလာတဲ့ကိစ္စက မရဏာဗျူပ် စောင်းကိုရယူချင်လို့နော်၊ မင်းတို့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဖြေရှင်းဖို့မဟုတ်ဘူး"

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီး လောကျင်းစုကလည်း ဝင်ရောက်၍ပြောဆိုလိုက်လေသည်။

"ဟုတ်တယ်... ခင်ဗျားတို့ကိစ္စတွေကိုကျေးဇူးပြုပြီးရပ်တန့်လိုက်ပါ"

ဖူချင်းလွေ ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကလဲ ဒီအကြောင်းတွေကို မပြောချင်ပါဘူး၊ ဒါဟာ လူတစ်ယောက်ရဲ့ယုတ်မာတဲ့စိတ်ဓာတ်ကိုဖော်ပြရတာဆိုတော့..."

သူက စကားကိုတစ်ပိုင်းတစ်စဖြင့်ရပ်တန့်ကာ ကျူးဟိုင်မင်အားစိုက်ကြည့်ပြီးပြုံးစေ့စေ့လုပ်နေလေသည်။ ကျူးဟိုင်မင်၏မျက်နှာတစ်ခုလုံး ဒေါသကြောင့်နီရဲလာလေသည်။



သူကရှေ့သို့ခြေတစ်လှမ်းတိုးပြီး တိုက်ခိုက်ရန်ဟန်ပြင်လိုက်၏။ သို့သော် သံတောင်ဝှေးတစ်လက်က သူ၏ရင်ဘတ်ရှေ့မှကန့်လန့်ဖြတ်၍ကာကွယ်ဟန့်တားထားလိုက်လေသည်။

ထို့ကြောင့် ကျူးဟိုင်မင်မှာ ဒေါသကိုချုပ်တည်းထားလိုက်ရလေသည်။

ထိုအချိန်တွင် အခြေအနေကိုအကဲခတ်ကြည့်နေသော စွန်းကုဝေက ဖူချင်းလွေအားလှမ်းမေးလိုက်သည်။

"ကဲ... ခင်ဗျားရဲ့နံပါတ်နှစ်အချက်ကိုပြောပါ"

ဖူချင်းလွေခေါင်းညိတ်လိုက်သည်။ ထို့နောက် ဇနီးဖြစ်သူကျင်းမေအားညွှန်ပြကာ စကားစလိုက်လေသည်။

"ကျင်းမေကိုလွှတ်လိုက်ပါ... သူတို့သားအမိ မြင်းရထားနဲ့ ထွက်သွားပါစေ"

အဆိပ်ကျွာပွတ်မယ်၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာသွား၏။

သူမ ခေါင်းခါယမ်းလိုက်သည်။

"အို... ဒါကတော့ ရှင်သက်သက် ဉာဏ်များတာပဲ၊ သူတို့သားအမိကိုလွှတ်လိုက်ပြီး ရှင် အသေခံမယ်ဆိုရင် ကျွန်မတို့က ဘယ်လိုလုပ်သေတ္တာကိုအလွယ်တကူရနိုင်ပါ့မလဲ"

အမှန်တွင်... သူမက ဖူချင်းလွေမှာ ထိပ်သီးသိုင်းပညာရှင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ကြောင်းနားလည်ထားသဖြင့် ယခုကဲ့သို့ပြောလိုက်ခြင်းဖြစ်လေသည်။

"ခင်ဗျားလဲ စဉ်းစားပါဦးလေ… ကျုပ်က ဘယ်လောက်ပဲ အသက်စွန့်ပြီး တိုက်ခိုက်နိုင်ပါစေ ဒီလောက်များတဲ့လူတွေကြား ထဲမှာ အတောင်ပေါက်နေမယ်ဆိုရင်တောင်မှ ထွက်ပြေးလို့မရနိုင်ဘူး"

သူ၏စကားကြောင့် ကျားပွတ်မယ်ကွမ်းစုစုက တွေဝေသွားလေသည်။ မီးလျှံကိုဏ်းချုပ်ကြီးအိုရန်းတာ့က အနည်းငယ်စဉ်းစားကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… ကျင်းမေကို မြင်းရထားပေါ်တက်ပြီး ထွက်သွားပါစေ"

အဆိပ်ကျားပွတ်မယ်ကွမ်းစုစုက မတတ်နိုင်တော့ပါ။

သူမက ကျားပွတ်အား တစ်ချက်လှုပ်ယမ်းလိုက်သည်။

ထိုအခါ ကျင်းမေက သူ့ခန္ဓာကိုယ်အား လေထဲတွင် ကျွမ်းတစ်ပတ်ပစ်ကာ မြင်းရထားမောင်းသူနေရာ၌ ခြေစုံရပ်တန့်လိုက်၏။

ပြီးနောက်….

သူမသည် မြင်းဇက်ကြိုးအားဆွဲကိုင်လိုက်သည်။

ထိုစဉ် ဖူချင်းလွေက ရုတ်တရက်လှုပ်ရှားလိုက်သည်။

"ရော့… ခင်ဗျားတို့လိုချင်တဲ့ဗျပ်စောင်း"



ပြောပြီး… ဗျပ်စောင်းကို လေထဲသို့မြှောက်ပစ်ရန် ဟန်ပြင်လိုက်သည်။ ထို့ကြောင့် ကျားပွတ်မယ်ကွမ်းစုစုကသာ ကျားပွတ်ဖြင့် ဗျပ်စောင်းအားဖမ်းယူရန်ကြိုးစားလိုက်၏။

ထိုတခဏ်အချိန်လေးမှာပင်….

လေထဲတွင်ရောက်ရှိနေကြသောလူများထံမှ ဒေါသတကြီး အော်ဟစ်သံများထွက်ပေါ်လာလေသည်။

"ဖူချင်းလွေ… ဉာဏ်များသွားပြီဟေ့"

မှန်သည်။

သူတို့အားလုံးက ဗျပ်စောင်းအစင်ဖြင့်ဝိုင်းအုံဖမ်းလိုက်သောပစ္စည်းမှာ ဗျပ်စောင်းမဟုတ်ဘဲ ဖူချင်းလွေ၏အပေါ်အင်္ကျီဖြစ်နေသောကြောင့်ပင်။

အားလုံးသောလူများက မြေပြင်သို့ပြန်လည်ခြေချလိုက်မိချိန်တွင် ကျင်းမေတို့မြင်းရထားသည် တစ်ရှိန်ထိုးမောင်းနှင်သွားလေပြီ။ အဆိပ်မယ်၏စူးရှသောမျက်လုံးအစုံက မြင်းရထားထဲမှဖူချင်းလွေအားတွေ့မြင်လိုက်ရလေသည်။

"ဟော… ဟိုမှာ ဖူချင်းလွေပါသွားပြီ"

သူမက ယင်းသို့အော်ဟစ်ရင်း သူတို့အနီးမှမြင်းပေါ်သို့ ခုန်တက်လိုက်၏။ ဝိညာဉ်ဖြူလောကျင်းစုကလည်း မြင်းပေါ်သို့ခုန်တက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က မြင်း၏ဝမ်းဗိုက်အား ဖနောင့်ဖြင့်ခပ်ပြင်းပြင်းလေး ပေါက်ချလိုက်သည်။

မြင်းနှစ်ကောင်သည် မြားနှစ်စင်းပမာ တစ်ဟုန်ထိုးပစ်လွှင့်သွားကြ၏။

ယခုမူ... ကျန်လူများကလည်း မြင်းပေါ်သို့ အသီးသီးခုန်တက်ကာ ကျင်းမေတို့၏မြင်းလှည်းနောက်သို့လိုက်ပါသွားကြလေတော့သည်။

၀၀၀၀



အရဏ်ကျင်းစ အလင်းရောင်နုနုများက အမှောင်ထုကိုဖြိုခွင်းကာအစားထိုးဝင်ရောက်လာသည်။ တစ်စတစ်စနှင့် နေ့သစ်တစ်နေ့ဖြစ်ထွန်းလာလေပြီ။

မြင်းရထားတစ်စီးသည် အရှိန်ပြင်းစွာမောင်းနှင်လာ၏။

မြင်းရထား၏အရှိန်မှာအလွန်လျင်မြန်လှသည်။

ထိုမြင်းရထားကား ဖူချင်းလွေတို့မိသားစု မောင်းနှင်လာသည့်မြင်းလှည်းဖြစ်သည်။ ကျင်းမေက ကျာပွတ်ဖြင့်မနားတမ်းရိုက်ကာမြင်းရထားကိုဒုန်းစိုင်းနှင်နေခြင်းဖြစ်သည်။

သူမသည် ဖူချင်းလွေ၏လက်မောင်းမှဒဏ်ရာကသွေးများအဆက်မပြတ်ယိုစီးကျနေသဖြင့်စိုးရိမ်နေမိလေသည်။

အကယ်၍ နောက်တစ်ကြိမ် ရန်သူများက မိမိတို့အားဖမ်းမိသွားခဲ့လျှင် လုံးဝချမ်းသာခွင့်ပေးလိမ့်မည်မဟုတ်ကြောင်းနားလည်ထားသောကြောင့် ယခုကဲ့သို့ မြင်းရထားကိုဒုန်းစိုင်းနှင်နေခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖူယို့ဇွာသည် ဖခင်ဖြစ်သူထံမှ ဗျပ်စောင်းထည့်ထားသည့် သေတ္တာကိုလွှဲပြောင်းယူထားပြီး ကျင်းမေအားမော့ကြည့်လိုက်၏။

ထို့နောက် မြင်းရထားပြတင်းပေါက်မှတစ်ဆင့် နောက်မှလိုက်လာသောရန်သူများအား လှည့်ကြည့်လိုက်လေသည်။

ထိုလူများသည် မြင်းကိုတစ်ဟုန်ထိုးမောင်းနှင်လာခဲ့ကြရာ သူတို့နှင့်ဝါးနှစ်ရိုက်အကွာသို့ပင် ရောက်ရှိလာကြချေပြီ။

ဖူယို့ဇွာစိုးရိမ်လာမိလေသည်။

"မေမေ... မြန်မြန်... မြန်မြန် သူတို့လိုက်လာနေကြပြီ"

ကျင်းမေသည် အံကိုတင်းတင်းကြိတ်ကာနှင်တံဖြင့်မြင်းကို တရကြမ်းရိုက်ချလိုက်သည်။ ထိုအခါ... မြင်းရထားမှာမြားတစ်စင်းပမာပြေးထွက်သွား၏။

သို့သော် လမ်းကညီညာခြင်းမရှိဘဲ ချိုင့်ခွက်များ၊ ကျောက်တုံးကျောက်ခဲများပြည့်လျှံနေသောကြောင့် ထင်သလောက် ခရီးမရောက်နိုင်ဘဲဖြစ်နေလေသည်။

အမှန်တွင်... ဤလမ်းကလေးကိုအသုံးမပြုသည်မှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီးဖြစ်၍ ဤမျှကြမ်းတမ်းနေခြင်းဖြစ်သည်။

မြင်းသုံးကောင်သည် လမ်းခရီးမှာညီညာမှုမရှိသဖြင့် ပြေးလွှားလာသည့်အရှိန်ကို အနည်းငယ်လျှော့ချလိုက်ရ၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်....



နောက်မှလိုက်ပါလာကြသော အဆိပ်ကျားမွှတ်မယ်နှင့် ဝိဉာဉ်ဖြူလောကျင်းစုတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မြင်းကိုအရှိန်ပိုမြှင့်၍မောင်းနှင်လိုက်ကြလေသည်။

ထိုအခါ သူတို့သည် ကျင်းမေတို့၏မြင်းလှည်းနှင့်ဝါးတစ်ရိုက်အကွာသို့ရောက်ရှိလာကြ၏။ ဝိဉာဉ်ဖြူလောကျင်းစုက ရှတ်တရက်လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"ဝှစ်... ဝှစ်"

ရှတ်တရက် သူ၏လက်ထဲမှအဖြူရောင်အလင်းတန်းနှစ်ခု ပြေးထွက်သွားလေသည်။ ယင်းအလင်းတန်းနှစ်ခုသည် ကျင်းမေထံသို့ လွင့်သွားခြင်းဖြစ်လေသည်။ ကျင်းမေကရှောင်တိမ်းရန် ဟန်ပြင်လိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် ရှတ်တရက် ကျားမွှတ်အဖျားပိုင်းက သူမ၏ခန္ဓာကိုယ်အားတင်းကျပ်စွာရစ်ပတ်လာလေသည်။

ကျင်းမေအနေဖြင့် ရှောင်တိမ်းရန် မဖြစ်နိုင်တော့ပါ။

ထိုစဉ်မှာပင်....

"ဒုတ်... ဒုတ်"

ဓားမြှောင်နှစ်ချောင်းက သူမ၏ကျောပြင်ပေါ် စူးစိုက်ကျရောက်လာလေတော့၏။ သူမ၏ခန္ဓာကိုယ်မှာ ရှေ့သို့တစ်ချက် ငိုက်ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျာပွတ်အဆိပ်မယ်ကွမ်းစုစုက မဲ့ပြုံးပြုံးကာ ကျာပွတ်အားတစ်ချက်ဆွဲခါလိုက်သည်။

ကျင်းမေ၏ခန္ဓာကိုယ်သည် လမ်းနံဘေးရှိ မြက်ရိုင်းပင်များကြားသို့လွင့်စဉ်ကျသွားလေသည်။

"မေမေ...."

"ကျင်းမေ...."

ဖူချင်းလျှေနှင့် ဖူယို့ဟွာတို့မောင်နှမနှစ်ယောက်၏အော်ဟစ်သံ စူးရှစွာထွက်ပေါ်လာလေသည်။

သို့သော် ကျင်းမေမှာသူတို့၏အော်သံကိုမကြားရတော့ချေ။

၀၀၀၀



ဖူချင်းလျှေသည် ကျင်းမေ၏အဖြစ်ဆိုးကိုကြည့်ကာ ရင်ထဲ၌ စူးရှစွာနာကျင်လာမိလေသည်။

သို့သော်.... သူ၏လက်မောင်းမှဒဏ်ရာသည် ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်ရှားနိုင်အောင် နာကျင်နေမိလေသည်။ ထို့ကြောင့် ထိန်းသိမ်းသူမဲ့ကာ ခြေဦးတည့်ရာပြေးနေသော မြင်းဇက်ကြိုးကိုဆွဲကိုင်ကာ တစ်ချက်ခါယမ်းလိုက်ရလေတော့သည်။

အမှန်တွင် သူသည် ဇနီးဖြစ်သူအားဆင်း၍ကြည့်လိုသော်လည်း အလွန်ကြောက်စရာကောင်းလှသည့်ဗျပ်စောင်းလက်နက်အား ရန်သူများ၏လက်ထဲသို့ရောက်ရှိသွားမည်ကို မလိုလားသဖြင့် ယခုကဲ့သို့ မြင်းရထားကို ဆက်လက်မောင်းနှင်လာခြင်းဖြစ်ပေသည်။

သို့သော် ရုတ်တရက် မြင်းရထားသည် တုံ့ခနဲရပ်သွား၏။

သူ ထိတ်လန့်တကြားကြည့်လိုက်ရာ....

မြင်းရထားအား ရှည်လျားသောကျာပွတ်က ရစ်ပတ်ဆွဲထားသည်ကိုတွေ့မြင်လိုက်ရလေသည်။

တစ်ချိန်တည်းမှာပင်....

မြင်းသုံးကောင်၏ခန္ဓာကိုယ်ပေါ်၌ အဆိပ်အပ်သုံးချောင်းစိုက်လွင့်လာသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူ အင်္ကျီလက်ကိုတစ်ချက်ဝှေ့ယမ်းလိုက်၏။

"ဖပ်... ဖပ်... ဖပ်..."

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ... အဆိပ်အပ်ကလေးများ မြေပြင်ပေါ်သို့ပြုတ်ကျသွားလေသည်။ ယင်းအချိန် သူက ကျားပွတ်အား ဓားဖြင့်ခုတ်ချရန် ဟန်ပြင်လိုက်၏။

သို့သော် ထိုတဒင်္ဂလေးမှာပင် နောက်ထပ်အဆိပ်အပ်သုံးချောင်းက မြင်းသုံးကောင်၏တင်ပါးသို့လာရောက်စိုက်ဝင်သွားသည်ကိုတွေ့မြင်လိုက်ရလေသည်။

မြင်းသုံးကောင်သည်မဟန်နိုင်တော့ဘဲ လဲပြိုကျသွား၏။ ဖူချင်းလွေက ဇျပ်စောင်းကိုတင်းကျပ်စွာပိုက်ထားသောဖူယို့ဟွာနှင့် ဖူနိုင်ဆင်းတို့အား တစ်ဖက်တစ်ချက်စီပိုက်ကာ လမ်းနံဘေးရှိ မြက်ပင်ရှည်ကြီးများဆီသို့ခုန်ပျံသွားလေသည်။

"ပြေးပြီဟေ့... ပြေးပြီ"

"လိုက်ဟေ့... လိုက်ကြ"

စူးရှသောအော်ဟစ်သံများသည် ဝန်းကျင်အနှံ့တွင် ပဲ့တင်ထပ်သွားလေတော့သည်။

ဝဝဝဝ



မြက်ရိုင်းပင်များသည် လူတစ်ရပ်ကျော်ကျော်မျှ ရှည်လျားနေ၏။ ထို့ကြောင့် ဖူချင်းလွေတို့သားအဖသုံးယောက် မြက်ပင်ရှည်များကြားသို့ဝင်ရောက်ပုန်းအောင်းလိုက်သည့်အခါ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

သို့သော် နောက်မှလိုက်လာကြသောကျူးဟိုင်မင်၊ အိုရန်းတာ့၊ စွန်းကုဝေ၊ ကွမ်းစုစုနှင့်လောကျင်းစုတို့သည် မြက်ရိုင်းပင်များကြားသို့အတင်းတိုးဝှေ့၍ သူတို့အားရှာဖွေနေကြပြီဖြစ်၏။

ဖူချင်းလွေသည် ရန်သူများက မိမိတို့ထံမှဇျပ်စောင်းကို မရမချင်း လက်လျှော့သွားကြလိမ့်မည်မဟုတ်ကြောင်းကိုနားလည်ထားသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခုချလိုက်လေသည်။

သူက အသံတိုးတိုးဖြင့် သမီးဖြစ်သူအားမှာကြားလိုက်၏။

"သမီး... သေချာနားထောင်နော်၊ ဒီလမ်းအတိုင်းအရှေ့ဖက်ကို ဦးတည်ပြီးပြေးသွား... ဒီဇျပ်စောင်းကိုပိုက်ပြီး ပြေးနော်၊ လမ်းမှာ ဘယ်သူတောင်းတောင်း မပေးနဲ့သိလား"

www.burmeseclassic.com

www.burmeseclassic.com



ဖူယို့ဝှာကခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ဖေဖေ... မောင်လေးကကော"

ဖူချင်းလွေ၏ရင်ထဲတွင် နာကျင်လာမိလေသည်။

သူသည် ဖူယို့ဝှာအား မျက်ရည်များရစ်ဝဲနေသော မျက်လုံး အစုံဖြင့်ကြည့်လိုက်လေသည်။

"ဘာမှမမေးနဲ့... ပြေး... ပြေးတော့"

ဖူယို့ဝှာက ဗျပ်စောင်းထည့်ထားသောသေတ္တာအားပိုက် ကာ ပြေးထွက်သွားလေသည်။ သူမ ယင်းသို့ပြေးလွှားသွားသောအခါ မြက်ရိုင်းပင်များမှာလှုပ်ရှားမှုများဖြစ်ပေါ်လာလေသည်။

အိုရန်းတော့ကလှုပ်ရှားသွားသော မြက်ရိုင်းပင်များကို လက် ညှိုးညွှန်ပြ၍...

"ဟေ့ ဟိုမှာပြေးပြီဟေ့... ပြေးပြီ"

ဟုအော်ဟစ်ကာပြေးလိုက်လာကြ၏။

ဖူချင်းလွေသည် သမီးဖြစ်သူအတွက် စိုးရိမ်သွားမိသည်။

သူသည် သားဖြစ်သူအားတိုးတိုးမှာကြားလိုက်၏။

"သား... ဒီမှာပုန်းနေနော်၊ ဖေဖေ သူတို့ကိုမျက်ခြည်ဖြတ် ပြီးရင်လာခေါ်မယ် သိလား"

ခုနစ်နှစ်အရွယ်မျှသာရှိသေးသည် ဖူနိုင်ဆင်းမှာကြောက်ရွံ့ လွန်းသဖြင့်....



မျက်နှာတစ်ခုလုံးမှာ စက္ကူဖြူဖြူတစ်ရွက်ကဲ့သို့ဖြူဖွေးနေလေ တော့သည်။ သူသည် မျက်ရည်များရစ်ဝဲနေသော မျက်လုံးအစုံဖြင့် ကြည့်ကာခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ကဲ့... ဖေဖေ"

သူ၏အသံက တုန်တုန်ယင်ယင်ဖြစ်နေလေသည်။

ဖူချင်းလွေသည် သားဖြစ်သူအားကြည့်ကာ အသည်းနှလုံး များကြေမွသွားမတတ်ခံစားလိုက်ရ၏။ သို့သော် သူသည် သားဖြစ်သူ ကိုကြာရှည်ကြည့်မနေနိုင်ပါ။

ရန်သူများရောက်ရှိလာပါက သားဖြစ်သူကိုပါသက်ညှာမည် မဟုတ်ကြောင်း နားလည်လိုက်သည်မဟုတ်ပါလော။

သူသည် ချာခနဲလှည့်ကာ ဖူယို့ဝှာပြေးထွက်သွားရာဘက်၏ သန့်ကျင်ဘက်အရပ်ဆီသို့ တစ်ဟုန်ထိုးပြေးထွက်သွားလေတော့၏။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



"ဟော… ဟိုမှာပြေးပြီ… ပြေးပြီ"

"ဟုတ်တယ်ဟေ့… လိုက်ကြ… လိုက်ကြ"

စူးရှကျယ်လောင်သောအသံများသည် မြက်ရိုင်းပင်များကြားမှထွက်ပေါ်လာလေသည်။

ဖူချင်းလွေ မဲ့ပြုံးပြုံးလိုက်သည်။

သူသည် ဤလူစုအား မျက်ခြည်ပြတ်နိုင်မှသာလျှင် သမီးနှင့်သားတို့အတွက် စိတ်အေးနိုင်မည်ဟုနားလည်ထားလေသည်။

ထို့ကြောင့် ခြေကုန်ပြေးလွှားလိုက်၏။

တစ်ခဏအကြာတွင် သူသည် ဖူနိုင်ဆင်းနှင့် ဝါးတစ်ရိုက်အကွာသို့ရောက်ရှိသွားခဲ့ပြီဖြစ်လေသည်

ယင်းအချိန်တွင် ရုတ်တရက် လူရိပ်နှစ်ခု သူ့ရှေ့သို့လွှားခနဲရောက်ရှိလာကာ သွားလမ်းကိုပိတ်ဆို့လိုက်၏။

ဝိညာဉ်ဖြူလောကျင်းစုနှင့် ကျာပွတ်အဆိပ်မယ်ကွမ်းစုစုပင်ဖြစ်လေသည်။



သူတို့နှစ်ယောက်က ဖူချင်းလွေ၏လက်ထဲတွင် ဖျပ်စောင်းထည့်ထားသောသေတ္တာလေးကိုမတွေ့ရသဖြင့် မျက်နှာတစ်ခုလုံးမည်းမှောင်သွားလေသည်။ မိမိတို့ လှည့်စားခံလိုက်ရပြီဖြစ်ကြောင်းနားလည်လိုက်ကြလေသည်။

သူတို့သည် ဒေါသထွက်လွန်းသဖြင့် ကျိန်ဆဲကာ လျှပ်တစ်ပြက်လှုပ်ရှားလိုက်ကြ၏။ ဝိညာဉ်ဖြူလောကျင်းစု၏ဓားသည် ဖူချင်းလွေအားကန့်လန့်ဖြတ်ခုတ်ချလိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ လျှပ်စီးလက်လိုက်သည့်အလားလျင်မြန်လှပေသည်။ ဖူချင်းလွေသည်ရှောင်တိမ်းရန် ကြိုးစားလိုက်၏။

သို့သော် သူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာလေးလံနေပြီး လှုပ်ရှားရန်ပင် မလွယ်ကူတော့ပါချေ။ ဝိညာဉ်ဖြူလောကျင်းစု၏ဓားက သူ၏ခန္ဓာကိုယ်ပေါ်သို့ပြင်းထန်စွာကျရောက်လာလေသည်။

"အား…."

ဖူချင်းလွေ၏စူးရှထိတ်လန့်ဖွယ်ရာကောင်းသော အော်ဟစ်သံက ဝန်းကျင်တစ်ခုလုံးအားပဲ့တင်ထပ်သွားလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ဖူယို့ဟွာသည် ဗျပ်စောင်းထည့်ထားသော သေတ္တာရှည်လေး အားပိုက်ကာ အားကုန်ပြေးလွှားနေ၏။ သူမသည် ယင်းသို့ပြေးလွှား နေသော်လည်း ဖခင်နှင့်မောင်လေးတို့ကိုစိတ်မချသဖြင့် မကြာခဏ လှည့်ကြည့်နေမိလေသည်။

သူမသည် အရှေ့စူးစူးသို့ပြေးလွှားသွားရာ လွင်ပြင်တစ်ဖက် စွန်းသို့ရောက်ရှိသွားလေသည်။

ထိုအခါ မြင်ကွင်းတစ်ခုလုံးမှာ ရုတ်တရက်ပြောင်းလဲသွား လေသည်။ သူမသည် ရှေးဦးစွာတဝေါဝေါမြည်ဟည်းနေသောရေကျ သံများကိုကြားရပြီး အလွန်လှပသည့်ရေတံခွန်တစ်ခုကိုတွေ့မြင်လိုက် ရလေသည်။

ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်မတတ်ထင်ရလောက်အောင် ရေကျသံများဖြင့်ဆူညံနေ၏။

သူမသည် မည်သည့်နေရာသို့ ဆက်လက်ထွက်ပြေးရမှန်း မသိဘဲတွေဝေနေမိလေသည်။



ယင်းအချိန်မှာပင်....

"အား...."

ရုတ်တရက် စူးရှကျယ်လောင်သောအသံကိုကြားလိုက်ရ ၏။ ထိုအသံကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက်....

ဖူယို့ဟွာ၏ခန္ဓာကိုယ်တစ်ခုလုံးတုန်ခါသွားမိလေသည်။

သူမသည် အသက်ရှုများပင် ရပ်တန့်သွားမတတ်ခံစားလိုက် ရလေသည်။

အကြောင်းကား ဤစူးရှကျယ်လောင်သောအော်ဟစ်သံမှာ ဖခင်ဖြစ်သူဖူချင်းလျှေ၏အသံဖြစ်ကြောင်း သိရှိလိုက်သည်မဟုတ်ပါ လော။

"ဖေဖေ...."

ဖူယို့ဟွာလွှတ်ခနဲအော်လိုက်မိသည်။

သူမ၏အသံသည် ဝန်းကျင်တစ်ခုလုံးသို့ပဲ့တင်ထပ်သွား၏။ သူမသည် သတိလက်လွှတ်အော်မိပြီးကာမှ ထိတ်လန့်တုန်လှုပ်သွား မိလေသည်။

အကြောင်းကား ယင်းသို့အော်ဟစ်လိုက်မိခြင်းသည် မိမိရှိ နေသည့်နေရာအား ရန်သူများကိုအသိပေးလိုက်သကဲ့သို့ဖြစ်နေ ကြောင်းနားလည်လိုက်သောကြောင့်ဖြစ်သည်။

သို့သော် သူမ၏အသိမှာနောက်ကျသွားခဲ့ချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လူရိပ်ငါးခုသည် သူမထံသို့ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်ရှိလာကြသည်မဟုတ်ပါလော။

ဖူယို့ဝှာက သူတို့အားတွေ့မြင်လိုက်သည်နှင့် ဗျပ်စောင်း ထည့်ထားသောသေတ္တာအား တင်းကျပ်စွာဖက်တွယ်ထားလိုက်မိ လေတော့သည်။

၀၀၀၀



ဖူယို့ဝှာသည် သေတ္တာနီလေးအား တင်းကျပ်စွာပိုက်ကာ ထိုလူငါးယောက်အား မျက်လုံးဝေ့ကြည့်လိုက်သည်။

"သမီး သေချာနားထောင်နော်… ဒီလမ်းအတိုင်း ရှေ့ဘက် ကိုဦးတည်ပြီးပြေးသွား။ ဒီဗျပ်စောင်းကိုပိုက်ပြီးပြေးနော်… ဘယ်သူ့ တောင်းတောင်း မပေးနဲ့သိလား"

သူမသည် ဖခင်မသေဆုံးမီ မှာကြားခဲ့သောစကားများကို ပြန်လည်ကြားယောင်လာမိလေသည်။ ယခု သူမအနေဖြင့် ဆက် လက်ပြေးလွှားနိုင်ခြင်းမရှိတော့ပါ။ သို့သော် သူမသည် ဤဗျပ်စောင်း အား မည်သူ့လက်ထဲကိုမှမပေးရန်ဆုံးဖြတ်ထား၏။

ကျူးဟိုင်မင်၊ အိုရန်းတာ့၊ စွန်းကုဝေ၊ လောကျင်းစုနှင့် ကွမ်း စုစုတို့သည် သူမအားဝိုင်းရံထားလိုက်ကြ၏။

လောကျင်းစုက သူမအား ဓားပါးလေးနှစ်လက်ကဲ့သို့စူးရှ သည့်မျက်လုံးအစုံဖြင့်ကြည့်လိုက်၏။ ထို့နောက် ဓားကိုရှေ့သို့ဆန့် တန်းကာဒေါသစက်စက်အသံဖြင့်….

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... မင်းလက်ထဲကသေတ္တာကိုပေးစမ်း"

ဟု ပြောလိုက်လေသည်။

သူ ဓားကိုရှေ့သို့ဆန့်တန်းလိုက်စဉ် နီရဲသောသွေးများသည် ဓားဖျားမှတစ်ဆင့် တတောက်တောက်ကျဆင်းနေလေသည်။

ဖူယို့ဟွာမှာ သူ၏မျက်နှာအား စူးရှသောမျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်လေသည်။ သူမသည် ဤဓားမှသွေးများမှာ မိမိဖခင်၏ခန္ဓာကိုယ်မှသွေးများဖြစ်မည်ဟုနားလည်လိုက်သဖြင့် အံကိုတင်းတင်းကြိတ်ကာ နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်မိ၏။

ယင်းအချိန် လောကျင်းစု၏နံဘေးတွင်ရပ်နေသော အဆိပ်ကျာပွတ်မယ်ကွမ်းစုစုက လက်ဝါးဖြန့်လိုက်လေသည်။

"ပေးစမ်း... ညည်းလက်ထဲကသေတ္တာကို ဒေါ်ဒေါ်ကိုပေးမယ်မဟုတ်လား"

ဖူယို့ဟွာက သူမ၏လက်ထဲမှကျာပွတ်အားကြည့်ကာ မိမိ၏မိခင်ဖြစ်သူကျင်းမေအား ကျာပွတ်ဖြင့်ရစ်ပတ်ခဲ့သည်ကို အမှတ်ရလိုက်မိ၏။

သူမသည် ကတ္တီပါသေတ္တာနီလေးအားပို၍တင်းကျပ်စွာဖက်တွယ်ရင်း နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။

သူမသည် ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်၏။

"မပေးဘူး... လုံးဝမပေးဘူး"



သူမ တီးတိုးရေရွတ်လိုက်လေသည်။

အိုရန်းတာ့ကပြုံးလိုက်သည်။

သူသည် ဖူယို့ဟွာအားခင်မင်ရင်းနှီးဟန်ဖြင့် မျက်နှာချိုသွေးကာ....

"မြေးလေး... မင်းလက်ထဲကသေတ္တာ ဘိုးဘိုးကိုပေးနော်"

ဖူယို့ဟွာက သူ့အားရွံရှာမုန်းတီးစွာကြည့်ရင်း နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်ပြန်လေသည်။

ကျူးဟိုင်မင်ကပြုံးပြလိုက်သည်။

"သမီး... သမီးရဲ့ဖေဖေနဲ့ဦးဦးတို့က ပညာသင်ဘက်ညီအစ်ကိုတွေပါ။ ဒါကြောင့် ဦးဦးကိုပဲပေးနော်"

"မပေးဘူး... လုံးဝမပေးဘူး"

ဖူယို့ဟွာက တီးတိုးရေရွတ်ရင်း နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်ပြန်လေသည်။ အမှန်တွင် သူမကနောက်သို့လှည့်မကြည့်ဘဲဆုတ်လာခဲ့ရာ ချောက်ကမ်းပါးအစွန်းသို့ရောက်မှန်းမသိ ရောက်ရှိလာခဲ့လေသည်။

သို့သော် သူမသည် ဤအချက်ကိုသတိမပြုမိပါချေ။

သို့ရာတွင် သူမဘက်သို့မျက်နှာမူထားသောလူငါးယောက်ကမူ ဤအချက်ကိုတွေ့မြင်လိုက်ကြလေသည်။ ရွှေမြားဂိုဏ်းမှ ဂိုဏ်းချုပ်စွန်းကုဝေက ဖူယို့ဟွာအတွက်စိုးရိမ်သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေး… မင်း နောက်ကိုမဆုတ်လိုက်နဲ့နော်၊ နောက်မှာ ချောက်ကမ်းပါးပဲရှိတော့တယ်"

ဖူယို့ဗ္ဗာကလှည့်ကြည့်လိုက်ရာ အမှန်တကယ်ပင် ချောက်ကမ်းပါးတစ်ခုရှိနေပြီး ရေတံခွန်မှစီးဆင်းကျလာသည့်ရေများက အရှိန်ပြင်းစွာစီးဆင်းနေသည်ကိုတွေ့မြင်နေရ၏။

အမှန်တကယ် သူမ ထိတ်လန့်သွားမိလေသည်။

ထို့နောက် မိမိအားဝိုင်းရံထားသောလူငါးယောက်ဘက်သို့လှည့်ကြည့်လိုက်၏။ ယင်းအချိန် ကျာပွတ်အဆိပ်မယ်ကွမ်းစုစုက သူမအားကြည့်ကာပြုံးလိုက်လေသည်။

သူမ၏အပြုံးမှာ မြေခွေးကဲ့သို့ကောက်ကျစ်စဉ်းလဲသည့်အပြုံးမျိုးဖြစ်လေသည်။ သူမ၏လက်ထဲမှကျာပွတ်အား တစ်ချက်ဝှေ့ယမ်းလိုက်၏။ အမှန်တွင် သူမက ဖူယို့ဗ္ဗာအား ကျင်းမေကိုဖမ်းဆီးသကဲ့သို့ ကျာပွတ်ဖြင့်ရစ်ပတ်လိုက်ခြင်းဖြစ်သည်။

သူမ၏ကျာပွတ်သည် မြွေဆိုးတစ်ကောင်ပမာ ဖူယို့ဗ္ဗာထံသို့ တိုးဝင်သွားလေသည်။ ယင်းတဒင်္ဂအချိန်လေးမှာပင် ဖူယို့ဗ္ဗာသည် မည်သူကမျှ ထင်မှတ်မထားသည့်အလုပ်တစ်ခုကိုလုပ်ဆောင်လိုက်၏။ ချာခနဲလှည့်ကာ ချောက်ကမ်းပါးထဲသို့ခုန်ချလိုက်ခြင်းပင်ဖြစ်လေတော့သည်။

ဝဝဝဝ



"ဟာ…"

"ဟင်…"

"အို…"

"ဟယ်…"

ကျူးဟိုင်မင်၊ ကျာပွတ်အဆိပ်မယ်ကွမ်းစုစု၊ ဝိဇ္ဇာဦးဖြူလောကျင်းစု၊ ရွှေမြားဂိုဏ်းမှဒုဂိုဏ်းချုပ်ကြီးစွန်းကုဝေနှင့် မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းဘာ့တို့သည် ဖူယို့ဗ္ဗာအား မထင်မှတ်သောအလုပ်မျိုးကိုလုပ်ဆောင်သွားသဖြင့် ထိတ်လန့်အံ့သြသွားကြလေသည်။

သူတို့သည် ချောက်ကမ်းပါးအစပ်သို့ပြေးလွှားလာကြပြီး အောက်သို့ငုံ့ကြည့်လိုက်၏။ ထိုအခါ ဖူယို့ဗ္ဗာသည် ရေစီးထဲတွင် ဒလဟောမျောပါသွားပြီဖြစ်ကြောင်းတွေ့မြင်လိုက်ရလေသည်။

သူတို့အားလုံးသည် ရေစီးသန်လှသောချောက်ကမ်းပါးထဲသို့ငုံ့ကြည့်ကာ ဖူယို့ဗ္ဗာမှာ မည်သို့မျှအသက်မရှင်နိုင်ကြောင်းနားလည်လိုက်မိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့် အားလုံးသောလူများသည် စိတ်ပျက်လက်ပျက်နှင့်လက်မှိုင်ချကာ ပြန်လည်ထွက်ခွာခဲ့ကြလေတော့သည်။

၀၀၀၀

ဖူယို့ဂွာသည် ရေစီးထဲ ဒလဟောမျောပါသွားနေ၏။ သူမသည် အလွန်အစီးသန်သောရေစီးကြောင်းတွင်မျောပါရင်း ဗျပ်စောင်းထည့်ထားသည့်သေတ္တာလေးအား တင်းကျပ်စွာဖက်ထားလိုက်လေသည်။ သူမသည် တစ်ခဏအချိန်လေးမှာပင် ဝါးနှစ်ရိုက်အကွာသို့ရောက်ရှိခဲ့၏။ သူမ၏အခြေအနေက သူမအတွက်မျှော်လင့်ချက်လုံးဝမရှိအောင်ဖန်တီးထားသလိုရှိနေသည်။

မည်သို့ဆိုစေ သူမသည် ဖခင်ဖြစ်သူ၏အစွမ်းထက်လှသော ဗျပ်စောင်းလက်နက်အား ရန်သူများလက်ထဲသို့မရောက်ရှိသည့်အတွက် စိတ်ထဲ၌ကျေနပ်နေမိလေသည်။

သူမသည် ရေစီးထဲ၌မျောပါရင်း ရေများနှာခေါင်းထဲသို့ ဝင်ကာမွန်းကျပ်လာလေသည်။ ထိုအခါ သူမကပါးစပ်ကိုဟ၍အသက်ရှူလိုက်သည်။ ပါးစပ်ထဲသို့ရေများဝင်ရောက်လာပြန်၏။

သူမသည် မိမိသေဆုံးရတော့မည်ဟုနားလည်ကာ မျက်လုံးကိုစုံမှိတ်၍ ကံကြမ္မာ၏လက်ထဲသို့ အသက်တစ်ချောင်းကိုအပ်နှံထားလိုက်လေသည်။



ယင်းအချိန် ရုတ်တရက် ထူးဆန်းသောအဖြစ်အပျက်တစ်ခုကအံ့ဩဖွယ်ရာဖြစ်ပေါ်လာ၏။

ယင်းကား… ကြိုးကွင်းနှစ်ခုသည် သူမ၏ခန္ဓာကိုယ်ပေါ်သို့ ရုတ်တရက်ကျရောက်လာခြင်းပင်ဖြစ်လေသည်။ ကြိုးကွင်းတစ်ခုက သူမ၏လက်တစ်ဖက်ကိုစွပ်မိပြီး ကျန်ကြိုးကွင်းတစ်ခုက သူမ၏ခြေထောက်အားစွပ်မိသွားခဲ့လေသည်။

သူမ၏ခန္ဓာကိုယ်သည် ရေစီးထဲတွင် မျောပါသွားခြင်းမရှိတော့ဘဲရပ်တန့်သွားခဲ့သည်။ ဖူယို့ဂွာသည် အံ့ဩစွာဖြင့် မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ ကမ်းနဖူးပေါ်၌ အဘိုးအိုတစ်ယောက်ရပ်နေသည်ကိုတွေ့မြင်လိုက်ရလေသည်။

သူမသည် ထိုအဘိုးအိုအားအကဲခတ်ကြည့်နေစဉ်မှာပင် အဘိုးအိုက သူမအားကမ်းပေါ်သို့ဆွဲတင်လိုက်လေသည်။ ကမ်းပေါ်ရောက်သောအခါ သူမသည် ခြေလက်များပင်မလှုပ်နိုင်တော့ဘဲ မောဟိုက်နေ၏။

အဘိုးအိုက သူမ၏လက်ထဲမှဗျပ်စောင်းထည့်ထားသော သေတ္တာအားတစ်ချက်ငုံ့ကြည့်ကာ မျက်လုံးပင့်လိုက်သည်။

“ဪ… မင်းကဖူချင်းလွှေ့ရဲ့သမီးထင်တယ်”

ဖူယို့ဂွာက သူ၏စကားကြောင့်ထိတ်လန့်သွားလေသည်။

သူမသည် ဖခင်ဖြစ်သူအား ဤအဘိုးအိုသိရှိနေပါလျှင်…

www.burmeseclassic.com

www.burmeseclassic.com



ဗျပ်စောင်းအကြောင်းကိုလည်းသိနေလိမ့်မည်ဟု နားလည်ထား၏။ သူမသည် ကမန်းကတန်းလူးလဲထကာ ဗျပ်စောင်းထည့်ထားသောသေတ္တာနီလေးအား သိမ်းဆည်းရန်ဟန်ပြင်လိုက်သည်။

အဘိုးအိုက ပြုံး၍လက်ကာပြလိုက်သည်။

ထို့နောက်... ဖူယို့ဝှာအား ကြင်နာကရုဏာသက်ဟန်ဖြင့်ကြည့်ကာပြောလိုက်လေ၏။

"စိတ်ချပါ... ကျုပ်က မင်းရဲ့သေတ္တာအကြောင်းကိုသိထားပေမယ့် မမက်မောလို့ လုံးဝမလာခဲ့တာပါ၊ ဒါနဲ့ မင်းအဖေနဲ့အမေကော"

ဖူယို့ဝှာ၏မျက်လုံးအစုံမှ မျက်ရည်များကျဆင်းလာ၏။

သူမသည် မိခင်နှင့်ဖခင်တို့သေဆုံးသွားရခြင်းအတွက် ယခုမှပင် အားရပါးရငိုကြွေးရင်း....

"ဖေဖေနဲ့မေမေတို့ကသေဆုံးသွားကြပါပြီ"

အဘိုးအို၏မျက်နှာပေါ်တွင် သနားကြင်နာသောဟန်မူရာများပေါ်လွင်လာလေသည်။

အဘိုးအိုက ဖူယို့ဝှာအားကြည့်ကာခေါင်းခါယမ်းလိုက်၏။

"ဖြစ်မှဖြစ်ရလေ... ဘာပဲဖြစ်ဖြစ် မင်းကိုတော့ ဘိုးဘိုးက ချီးကျူးရလိမ့်မယ်"

ဖူယို့ဝှာက မျက်ခုံးပင့်ကာကြည့်လိုက်လေသည်။



သူမက ထိုအဘိုးအိုအားနားမလည်စွာဖြင့်ကြည့်လိုက်၏။

"ရှင် ဘာဖြစ်လို့လဲ"

ထိုအဘိုးအိုက သူမအားပြုံး၍ကြည့်လိုက်သည်။

"မင်းက ဒီဗျပ်စောင်းကိုကာကွယ်ဖို့အတွက် ချောက်ထဲကိုခုန်ချခဲ့တာမဟုတ်လား"

ဖူယို့ဝှာမျက်လုံးပြူးသွားမိသည်။

သူမသည် အဘိုးအိုအားအကဲခတ်ကြည့်လိုက်ရင်း...

"ဘိုးဘိုးက ကျွန်မခုန်ချတာကိုမြင်လိုက်လို့လား"

အဘိုးအိုကရယ်မောလိုက်သည်။

ပြီးနောက် ခေါင်းခါယမ်းလိုက်သည်။

"ဘယ်မြင်ရမှာလဲ"

"ဒါဆိုရင်... ဘိုးဘိုးက ဘာဖြစ်လို့ ကျွန်မ ချောင်းထဲခုန်ချခဲ့တယ်လို့ပြောရတာလဲ"

"ဒါကတော့... မင်းကသာ ချောင်းထဲခုန်မချနိုင်ခဲ့ဘူးဆိုရင် ဗျပ်စောင်းလက်နက်က သူများလက်ထဲပါသွားပြီပေါ့ကွယ်"

ဖူယို့ဝှာက သူ့အားစိုက်ကြည့်လိုက်သည်။

သူမက အဘိုးအိုအားမဝံ့မရဲဖြင့်မေးလိုက်၏။

"ဒါနဲ့.... ဘိုးဘိုးက ဘာဖြစ်လို့ ဒီဗျပ်စောင်းကိုမမက်မောတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဒီဗျပ်စောင်းကိုမမက်ဘူးလို့မပြောပါဘူး၊ ဒါပေမယ့် သူတစ်ပါးမပေးချင်တဲ့ပစ္စည်းကိုတော့ အတင်းလုမယူသင့်ဘူးလေ"

ဖူယို့ဝှာက သက်ပြင်းတစ်ချက်ချလိုက်၏။ သူမသည် ယခုမှစိတ်သက်သာရာရရှိသွားလေသည်။ သို့သော် ရုတ်တရက် သူမသည် တစ်စုံတစ်ခုကိုသတိရသွားကာငိုကြွေးလိုက်လေသည်။

အဘိုးအိုကမျက်မှောင်ကုပ်လိုက်သည်။

"ဟောဗျာ... ငိုပြန်ပြီ၊ ဘာဖြစ်လို့လဲ"

ဟုမေးလိုက်၏။ ဖူယို့ဝှာကငိုကြွေးရင်းမှရှင်းပြလိုက်၏။

"ကျွန်မမောင်လေး ကျွန်မမောင်လေးလဲ သူတို့လက်ချက်နဲ့သေပြီထင်တယ်"

အဘိုးအိုက စိတ်မချမ်းသာဟန်ဖြင့်ခေါင်းခါယမ်းလိုက်၏။

"ကဲ... ကဲ... မင်းက တကယ့်ကို လောကခံကိုဖြတ်သန်းလာခဲ့ရဟဲ့မိန်းကလေးပဲ၊ ဒါကြောင့် ကျုပ်ရဲ့ပထမဦးဆုံးသမီးတပည့်မလေးအဖြစ်မွေးစားလိုက်မယ်"

ဖူယို့ဝှာက မျက်ခုံးပင့်ကာကြည့်လိုက်သည်။

သူမသည် မိမိမှာ နားကြားများလွဲမှားနေသလောဟုတွေးလိုက်မိလေသည်။



"ဘိုးဘိုး ဘာပြောလိုက်တယ်...ကျွန်... ကျွန်မကိုမွေးစားမယ်ဟုတ်လား"

အဘိုးအိုကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... သမီးကဘိုးဘိုးနဲ့မနေချင်ဘူးလား"

ဖူယို့ဝှာက တွေဝေသွားပြန်သည်။

အတန်ကြာမှ သူမကသက်ပြင်းတစ်ချက်ချလိုက်ပြီး...

"အင်း... လူတွေကသမီးကိုတွေ့ရင် ကြင်နာရမှန်း သနားရမှန်းမသိကြပါဘူး၊ သူတို့တစ်တွေကသမီးကိုသတ်ပြီး ဒီဗျပ်စောင်းလက်နက်ကိုပဲယူချင်နေကြတယ်"

သူမက စကားဆက်လိုက်သည်။

"ဘိုးဘိုးကတော့ ဒီလိုမဟုတ်ဘူး၊ ကျွန်မအပေါ် ကြင်နာသနားတယ်၊ ဂရုစိုက်တယ်... နောက်ပြီး ဒီဗျပ်စောင်းလက်နက်ကိုလဲ လုံးဝဂရုမစိုက်ဘူး၊ အဲဒီလိုလူမျိုးနဲ့မှသမီးကမနေရင် ဘယ်သူနဲ့နေရမှာလဲ... ဘယ်သူ့ကိုယုံရမှာလဲ"

အဘိုးအိုကပြုံးလိုက်သည်။

သူသည် စကားတတ်လွန်းသောဖူယို့ဝှာကိုကြည့်ကာ ကျေနပ်နှစ်ခြိုက်စွာပြုံးလိုက်မိသည်။

ယင်းအချိန်တွင် ဖူယို့ဝှာက သူ့ရှေ့တွင်ဒူးထောက်လိုက်၏။

"သမီးကို တပည့်အဖြစ်လက်ခံတာကို အရမ်းကျေးဇူးတင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ နောက်ပြီး သမီးကဘိုးဘိုးရဲ့နာမည်ကိုသိပါရစေရှင်"

အဘိုးအိုက စကားပြန်မပြောပါ။ ပြုံး၍ တစ်ဖက်သို့လှည့်ကာလျှောက်သွား၏။

ထို့နောက် သစ်ပင်ကြီးတစ်ပင်တွင် ထောင်ထားသောငါးမျှားတံကိုလှမ်းယူလိုက်သည်။

ဖူယို့ဟွာသည် ထိုငါးမျှားတံကိုတွေ့မြင်သည်နှင့် ရုတ်တရက်ထခုန်လိုက်သည်။

"ကျွန်မသိပြီ... ဘိုးဘိုးရဲ့နာမည်ကိုကျွန်မသိပြီ"

အဘိုးအိုကမျက်ခုံးအစုံကိုပင့်ကာကြည့်လိုက်ပြီးလျှင်....

"ကဲ... ပြောစမ်းပါဦး"

ဖူယို့ဟွာကမျက်လုံးတစ်ချက်ဝေ့လိုက်၏။

"ဘိုးဘိုးက လူထူးဆန်းတံငါသည် သိုင်းသမားကြီးမဟုတ်လား"

အဘိုးအို၏မျက်နှာပေါ်တွင် အံ့ဩဟန်မူရာများပေါ်လာပြီးလျှင် ဖူယို့ဟွာအားပြုံးစေ့စေ့ဖြင့်စိုက်ကြည့်ကာ....

"ညည်းက တကယ့်ကိုပါးနပ်တဲ့မိန်းကလေးပါပဲ... ဒါနဲ့နေပါဦး၊ ညည်းက ကျုပ်ကို ဘာဖြစ်လို့ ဒီလိုအတတ်ပြောနိုင်တာလဲ"

ဖူယို့ဟွာက တည်ကြည်သောမျက်နှာထားဖြင့် ရှင်းပြလိုက်လေ၏။



"သမီးရဲ့ဖေဖေကပြောခဲ့ဖူးတယ်... သိုင်းလောကမှာ လူထူးလူဆန်းတံငါသည်သိုင်းသမားကြီးရှိတယ်တဲ့၊ အခု ဘိုးဘိုးက သူများတွေမက်မောတဲ့ပစ္စည်းကို မမက်မောဘူး၊ နောက်ပြီး... ရွှေရောင်တောက်ပနေတဲ့ငါးမျှားတံကြီးကိုကိုင်ဆောင်ထားတယ်၊ ဒါတွေဟာဘိုးဘိုးရဲ့ထူးခြားချက်တွေပါပဲ"

တံငါသည်အဘိုးအို မနေနိုင်တော့ပါ။

အားရပါးရရယ်မောလိုက်လေတော့၏။

ထို့နောက် ဖူယို့ဟွာ၏လက်ကိုဆွဲကာ....

"ကဲ... ဘိုးဘိုးတို့အိမ်ကိုသွားကြမယ်"

ဖူယို့ဟွာက အဝေးသို့တစ်ချက်မျှော်ကြည့်လိုက်၏။

"ဘိုးဘိုး.. ကျွန်မကိုသိုင်းပညာတွေသင်ပေးမှာလားဟင်"

သူမက တံငါသည်အဘိုးအိုအားမကြည့်ဘဲ ပြောလိုက်ခြင်းဖြစ်သည်။

တံငါသည်အဘိုးအိုက သူမရင်ထဲမှခါးသီးသောနာကြည်းချက်များကိုနားလည်လိုက်မိ၏။

"စိတ်ချပါ.. ဘိုးဘိုးသင်ပေးမှာပါ"

ဖူယို့ဟွာက ရုတ်တရက်နှုတ်ခမ်းတွန့်ရုံပြုံးလိုက်သည်။

တံငါသည်အဘိုးအိုက သူမ၏အပြုံးကိုတွေ့မြင်လိုက်သောအခါ ရင်ထဲ၌လေးလံလာမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား...

ဖူယို့ဂှာ၏အပြုံးသည် အသက်ငယ်ငယ်ရွယ်ရွယ်ဖြင့် အလွန်ကြောက်မက်ဖွယ်ရာကောင်းသောရန်သူများအား ရင်ဆိုင်ရန်ဆုံးဖြတ်ထားသောအပြုံးမျိုးဖြစ်သည်မဟုတ်ပါလော။

၀၀၀၀

ဝန်းကျင်တစ်ခုလုံးသည် မှောင်မည်းတိတ်ဆိတ်နေ၏။

ထိုမှသည် ညစ၏သက်တမ်းရင့်လာသည်နှင့်အမျှ ပို၍ပို၍နက်ရှိုင်းလာပြီဖြစ်သည်။ ဖူယို့ဂှာသည် ကုလားထိုင်ခုံပေါ်တွင် မလှုပ်မယှက်ထိုင်နေ၏။

သူမ၏မျက်နှာပေါ်တွင် ဝေဒနာတစ်ရပ်တို့ပြင်းပြင်းထန်ထန်ခံစားရသည့်ဟန်မူရာများ ပေါ်လွင်နေလေသည်။

သူမသည် ဤခါးသီးလှသောအဖြစ်အပျက်များကိုမယုံချင်ပါ။

သို့သော် သူမအဖို့ လက်တွေ့အရ မယုံကြည်၍မရပါချေ။

သူမ၏မျက်ဝန်း၌မျက်ရည်များဖြင့်ရစ်ဝဲနေ၏။

သို့ရာတွင် မျက်ရည်များက မျက်ဝန်းမှကြွေကျလာခြင်းမရှိပါ။ ဖြစ်ပေါ်ဝန်းသီနေသောမျက်ရည်ဥကို ကြွေကျစေရန် တွန်းအားပေးနိုင်သည့်နောက်ထပ်မျက်ရည်အင်အား သူမတွင်မရှိတော့ပါ။



အကယ်၍ ဤတစ်ကြိမ်ကျခြင်းကျလျှင် နှလုံးသွေးများသာကျဆင်းလာပေလိမ့်မည်။

သူမသည် ကံကြမ္မာကိုရိုးမယ်မဖွဲ့လိုပါ။

သို့သော် သူမ၏မိဘနှစ်ပါးနှင့်မောင်လေးဖူနိုင်ဆင်းတို့၏ကံကြမ္မာဆိုးဝါးမှုကိုမူ သူမအနေနှင့် ကံကိုသာရိုးမယ်ဖွဲ့နေမိ၏။

သူမ၏မျက်နှာတစ်ခုလုံးမှာ ရေခဲကဲ့သို့အေးစက်နေသည်။

သူမက ရုတ်တရက် အားပါးတရရယ်မောလိုက်လေသည်။ သူမ၏ရယ်မောသံမှာ အလွန်ကျယ်လောင်လှပေသည်။ သို့သော် ထိုရယ်မောသံတွင် ဝမ်းနည်းကြေကွဲခြင်း၊ နာကြည်းခံပြင်းခြင်း စသည့်ခံစားမှုများ အပြည့်ပါရှိနေ၏

လူတစ်ယောက်သည် အမှန်တကယ် ဝမ်းနည်းကြေကွဲနေလျှင် ရယ်မောနိုင်ရန်ကြိုးစားရပေမည်။

သို့သော်... လောကပေါ်တွင် ဤကဲ့သို့သတ္တိမျိုးရှိသူမှာ အလွန်ပင် နည်းပါးလှသည်မဟုတ်ပါလော။

ဖူယို့ဂှာသည် အားပါးတရရယ်မောနေ၏။

သူမ၏ရယ်မောသံမှာ ကျယ်လောင်ပြီးစူးရှလှပေသည်။

"ဟား... ဟား... ဟား"

ရုတ်တရက် သူမသည် ရယ်မောရာမှရပ်တန့်လိုက်၏။

ထို့နောက် တစ်နေရာသို့စူးစိုက်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကြည့်နေသောနေရာမှ ရုတ်တရက် လှေငယ်ကလေး တစ်စင်း ဘွားခနဲထွက်ပေါ်လာ၏။ တစ်ဖန် လှေငယ်လေးသည် သူမ ရှိရာသို့ဦးတည်ကာ လျင်မြန်စွာလှော်ခတ်လာနေ၏။

လှေကလေးသည် ရေဆန်ကိုဆန်တက်လာသည့်တိုင် တုံ့ နှေးသွားခြင်းအလျဉ်းမရှိဘဲ လျှပ်စီးလက်သည့်အလား လျင်မြန်လှပေ သည်။ တစ်ခဏအကြာတွင် လှေကလေးမှာ ဖူယို့ဂူ၏ဝါးဖောင်အနီး သို့ရောက်ရှိလာပြီးရပ်တန့်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် ဝါးဖောင်ပေါ်သို့ လူတစ်ယောက် ခုန်တက်လာ၏။ သူသည် မီးခိုးရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး ပိန် ပိန်ပါးပါးရှိသောလူတစ်ယောက်ဖြစ်လေသည်။

သူသည် ဝါးဖောင်ပေါ်သို့ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ဒူး ထောက်ဂါရဝပြုလိုက်၏။

"ဖျပ်စောင်းရှင်မကိုဂါရဝပြုပါတယ်... သခင်မ စေခိုင်းလိုက် တဲ့တာဝန်ကို ကျေပ်ကျေပွန်အောင်ထမ်းဆောင်ခဲ့ပါပြီ"

ဖူယို့ဂူက သူ့အားမကြည့်ပါ။

သူမက ဟန်မူရာကင်းမဲ့စွာဖြင့်မေးလိုက်သည်။

"သူတို့ကိုဘယ်နေရာမှာချိန်းထားသလဲ"

မီးခိုးရောင်ဝတ်ဆင်ထားသောလူက တစ်ခွန်းချင်းပြော လိုက်လေသည်။



ယင်းမှာ....

"တောင်ကြားမြို့က ညသရဲစားသောက်ဆိုင်"

ဖူယို့ဂူ၏မျက်နှာတစ်ခုလုံးမှာ အေးစက်တင်းမာသွားလေ သည်။ သူမသည် ရုတ်တရက် ထိုင်ရာမှထကာ ဖျပ်စောင်းအား ထည့် ထားသည့်သေတ္တာလေးကိုပြန်ပိတ်လိုက်၏။ ထို့နောက် အိမ်ကလေး ထဲသို့တစ်လှမ်းချင်းလှမ်းဝင်သွားလေတော့သည်။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



မရဏဖျပ်စောင်း....

မရဏဖျပ်စောင်းသည် လွန်ခဲ့သည့်ဆယ်နှစ်ကျော်ကာလဆီက ဖူယိုဖွာဆိုသည့်ကလေးငယ်နှင့်အတူ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့၏။ သို့သော် ယခုအချိန်တွင် မရဏဖျပ်စောင်းသည် တစ်ဖန်ပြန်လည်ထွက်ပေါ်လာပြီဖြစ်လေသည်။

ဤသို့ဆိုလျှင်... မရဏဖျပ်စောင်းသည် မည်သို့သောနည်းဖြင့်ပြန်လည်ထွက်ပေါ်လာပါသနည်း။

၀၀၀၀

နေဝန်းကြီးသည် အနောက်ယွန်းယွန်းအရပ်မှနေ၍ မြေကြီးထဲငုပ်လျှိုးဝင်ရောက်သွားသဖြင့် ကမ္ဘာလောကကြီးမှာအလင်းရောင်ပျောက်ကွယ်သွားပြီး လောကကြီးကို အမှောင်ထုကဖုံးလွှမ်းသွားသည်။ သို့သော်ငြားလည်း ကောင်းကင်ပေါ်၌ ကြယ်ငယ်လေးများသည် မှိတ်တုတ်မှိတ်တုတ်မသဲမကွဲအလင်းရောင်ဖြင့် လောကကြီးကို



အလှဆင်လျက်ရှိနေပေသည်။ ညဘက်သို့ရောက်ရှိလာသည်နှင့်အမျှ ဝန်းကျင်တစ်ခုလုံးမှာအေးစိမ့်စိမ့်ဖြစ်လာလေသည်။

ဆိုရပါလျှင် ညသည် **အေးစက်စက်ညမျိုးဖြစ်၏။**

ထို့အတူ....

ကျင်းနိုင်ငံနှင့်ဝေနိုင်ငံတို့ကြား၌ နယ်ခြားမြို့ကလေးတစ်မြို့ဖြစ်သောတောင်ကြားမြို့လေးသည် အထူးပင် အေးစက်တိတ်ဆိတ်နေလေသည်။

အကယ်၍ တောင်ကြားမြို့ကလေးတွင်အခြေချနေထိုင်သူတစ်ယောက်အားမေးကြည့်မည်ဆိုပါလျှင် တောင်ကြားမြို့ကလေးမှာ ယနေ့ညတွင် မကြုံဖူးအောင်အေးစက်တိတ်ဆိတ်နေသည်ဟု ဆိုကြပေလိမ့်မည်။

အဘယ်ကြောင့် တောင်ကြားမြို့ကလေးက ယနေ့ညတွင် ဤမျှအထိခြောက်ကပ်ကာအေးစက်စက်ဖြစ်နေရပါသနည်း။

အကြောင်းကား....

ယနေ့ညတွင် တောင်ကြားမြို့ကလေးထဲသို့ သိုင်းလောကမှ နာမည်ကျော်ကြားလျက်ရှိသောသိုင်းသမားများ တဖွဲဖွဲရောက်ရှိလာကြခြင်းကြောင့်ဖြစ်သည်။

ဤတောင်ကြားမြို့သို့ရောက်ရှိလာကြသော သိုင်းသမားများအနက်....

www.burmeseclassic.com

www.burmeseclassic.com



ရွှေမြားဒုဂိုဏ်းချုပ်ကြီးစွန်းကုဝေတစ်ယောက်လည်း ပါရှိလာလေသည်။ သိုင်းလောကသားများ တဖွဲဖွဲရောက်ရှိလာကြသည်နှင့်တစ်ပြိုင်နက် တောင်ကြားမြို့ကလေးမှာအလွန်ကြောက်မက်ဖွယ်ရာကောင်းသောအေးစက်စက်အငွေ့အသက်များ၏ဖုံးလွှမ်းမှုကိုခံရလေတော့သည်။

၀၀၀၀



တောင်ကြားမြို့လေး၌ ညသရဲဟုဆိုလိုက်သည်နှင့် မသိသူမရှိသလောက်ဖြစ်သွားလေသည်။

တောင်ကြားမြို့ကလေးသို့ ရောင်းဝယ်ဖောက်ကားရန်ရောက်ရှိလာကြသည့်ခရီးသည်များ၊

ကုန်သည်များ၊

ဒေသန္တရဗဟုသုတရှာဖွေကြသူများ၊

အပျော်ခရီးထွက်လာကြသူများမှစ၍ တောင်ကြားမြို့လေးသို့တစ်ခါတလေရောက်ရှိလာကြသူများသည် ညသရဲဆိုသည့်အမည်အား အလွတ်ရသလောက်ပင် မှတ်မိနေကြသည်ဖြစ်ပေသည်။

ညသရဲသည် တောင်ကြားမြို့၏မြို့တော်ဝန်ထက်ပင် ပို၍နာမည်ကျော်ကြားခဲ့လေသည်။

အမှန်တွင်မူ… ညသရဲဟူသောအမည်မှာ ဒဏ္ဍာရီဆန်ဆန်ကြောက်မက်ဖွယ်ရာကောင်းနေသည်မှန်သော်လည်း တောင်ကြားမြို့လေးမှာ ညသရဲဟူသည့်အမည်ကိုကြားလိုက်ရသည်နှင့်….

www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့လေးအားရောက်ဖူးသူတိုင်းက ရယ်စရာပုံပေါက်နေသောလူဝကြီးတစ်ယောက်၏မျက်နှာအား ပြေးမြင်ယောင်မိလိုက်ကြမည်သာဖြစ်၏။

အကြောင်းကား ထိုလူဝကြီးသည် ညသရဲစားသောက်ဆိုင်၏ပိုင်ရှင်တစ်ယောက်ဖြစ်နေခြင်းကြောင့်ပင်။

ညသရဲစားသောက်ဆိုင်သည် ညဘက်တွင်သာဖွင့်ပြီး ခရီးသည်များ၊ ကုန်သည်များ၊ မြို့သူမြို့သားများထံမှအမြတ်ငွေများကိုသိမ်းကြုံးရရှိနေသောကြောင့် လူဝကြီးမှာ အမည်ရင်းပျောက်ကာ ညသရဲဟူသည့်အမည်သို့ရောက်ရှိလာတော့သည်။

တောင်ကြားမြို့ကလေးမှမြို့သူမြို့သားများက ညဘက်တွင် စီးပွားရှာသောလူဝကြီးအား ညသရဲအမည်ပေးလိုက်သည်နှင့် သူပိုင်သည့်စားသောက်ဆိုင်မှာလည်း နေ့ချင်းညချင်းပင် ညသရဲဟူသောအမည်သို့ပြောင်းလဲသွားလေသည်။

ယခု တောင်ကြားမြို့ကလေးသို့ သိုင်းလောကသားများ တဖွဲဖွဲရောက်ရှိလာကြပြီဖြစ်သည်။

ထို့ကြောင့် တောင်ကြားမြို့လေးမှာ တိတ်ဆိတ်ခြောက်ကပ်သွားခဲ့ပြီဖြစ်လေသည်။

သို့သော် တောင်ကြားမြို့လေးတစ်မြို့လုံး ထိတ်လန့်တကြားဖြစ်အောင် ခြောက်ကပ်သွားခြင်းမျိုးတော့မဟုတ်ပါချေ။



လူဝကြီးညသရဲကမူ ထုံးစံအတိုင်း ညသရဲ စားသောက်ဆိုင်အား ညဘက်တွင် ဝတ္တရားမပျက်ဆက်လက်ဖွင့်လှစ်ရောင်းချခဲ့လေသည်။ ယင်းကြောင့် တောင်ကြားမြို့လေးတစ်မြို့လုံး တိတ်ဆိတ်နေသော်လည်း ညသရဲစားသောက်ဆိုင်တွင်မူ စားသောက်သူများဖြင့် စည်ကားလျက်ရှိ၏။

အမှန်တွင်... ကမ္ဘာလောကကြီးထဲတွင် ခြောက်သွေ့တိတ်ဆိတ်မှုအား ရှောင်ရှားလိုသည့်လူစားမျိုးမှာနည်းပါးပြီး ခြောက်သွေ့တိတ်ဆိတ်မှုကင်းမဲ့သည့် ညသရဲစားသောက်ဆိုင်သို့ရောက်ရှိလာကြခြင်းဖြစ်လေသည်။ ထို့ကြောင့် ညသရဲစားသောက်ဆိုင်မှာ စည်ကားလျက်ပင် ရှိနေလေတော့သည်။

oooo

www.burmeseclassic.com

www.burmeseclassic.com



ဝါကျင့်ကျင့်မီးရောင်များသည် စားသောက်ဆိုင်၏ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ယှက်ဖြာကျဆင်းနေ၏။ မီးအိမ်ရှစ်လုံးထွန်းညှိထားသော်လည်း စားသောက်ဆိုင်တစ်ခုလုံး လင်းထိန်လျက်ရှိသည်ဟုမဆိုသာချေ။ အဘယ်ကြောင့်ဆိုသော် ညသရဲစားသောက်ဆိုင်သည် အလွန်ကြီးမားပြီး ကျယ်ဝန်းလှသဖြင့် အလင်းရောင် မလုံလောက်ဘဲဖြစ်နေခြင်းကြောင့်ဖြစ်သည်။

ထို့ပြင် စားသောက်ဆိုင်၏တံခါးမကြီးနှင့်ပြတင်းပေါက်အားလုံးမှာ ဟာလာဟင်းလင်းဖွင့်ထားသဖြင့် ပြင်ပမှတိုးဝှေ့တိုက်ခတ်လာသောလေများကြောင့် မီးအိမ်များမှာ မှိတ်တုတ်မှိတ်တုတ်ဖြစ်ကာ အလင်းရောင်အားနည်းပါးနေသေး၏။

မည်သို့ဆိုစေ အေးစက်စက်ဖြင့် ခြောက်ကပ်တိတ်ဆိတ်နေသောတောင်ကြားမြို့ကလေး၏လမ်းမပေါ်တွင်ရှိနေခြင်းထက် ညသရဲစားသောက်ဆိုင်အတွင်း၌ရှိနေခြင်းက ပိုမို၍နွေးထွေးလုံခြုံနိုင်သည်မဟုတ်ပါလော။



ယင်းကြောင့်လည်း အလင်းရောင်လုံလောက်မှုမရှိသည့် ညသရဲစားသောက်ဆိုင်အတွင်း လူတစ်ရာခန့်ရောက်ရှိနေကြပြီဖြစ်လေသည်။ အမှန်စင်စစ် ထိုလူများသည် နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲဖြင့်လည်းကောင်း၊ တစ်ဦးချင်းဖြင့်သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း ညသရဲစားသောက်ဆိုင်သို့ ရောက်ရှိနေကြခြင်းဖြစ်သည်။

ထိုလူများ ညသရဲစားသောက်ဆိုင်အတွင်းသို့ ရောက်ရှိလာသည်နှင့်တစ်ပြိုင်နက် လူဝကြီး(သို့မဟုတ်) စားသောက်ဆိုင်ပိုင်ရှင်၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ဟော့… ဒီနေ့ သိုင်းသမားတွေ တယ်များပါလား၊ ဘာများထူးခြားချက်ရှိလို့လဲ"

ဆိုင်လုလင်လေးက အသံတိုးတိုးဖြင့် နှစ်ကိုယ်ကြားပြောလိုက်လေသည်။

"သူတို့က မရဏဗျပ်စောင်းကိုဝယ်ယူဖို့ လာစောင့်နေကြတာလို့ပြောသံကြားတာပဲ"

လူဝကြီး၏မျက်လုံးများ ပြူးကျယ်သွားရလေသည်။

သူ ဤနေရာတွင် စားသောက်ဆိုင်ဖွင့်ခဲ့သည်မှာကြာပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏စားသောက်ဆိုင်သို့ လူပေါင်းစုံဝင်ထွက်သွားလာ စားသောက်ကြသဖြင့် ၄င်းတို့ထံမှသတင်းမျိုးစုံရရှိခဲ့သည်။

ထို့ကြောင့် လွန်ခဲ့သောဆယ်နှစ်ကတည်းကပင် မရဏဗျပ်စောင်းနှင့်ပတ်သက်သည့်သတင်းကို သူကြားသိခဲ့ဖူးပြီးဖြစ်သည်။

ယခု... ဤမရဏဗျပ်စောင်းသည် ပြန်လည်ပေါ်ထွက်လာခဲ့ပြန်ပြီဖြစ်သည်။ ဤတစ်ကြိမ် မရဏဗျပ်စောင်းပြန်လည်ထွက်ပေါ်လာခြင်းက သူ၏စားသောက်ဆိုင်ကလေးတွင် အရောင်းအဝယ် ပြုလုပ်ရန် ချိန်းဆိုထားသည်ဆိုခြင်းဖြစ်၏။

သူ့အဖို့တော့ ကံဆိုးရှာချေပြီ။

သူသည် စားသောက်ဆိုင်ကိုပိတ်ပစ်လိုက်လိုသောဆန္ဒများများပင်ဖြစ်ပေါ်လာလေသည်။

သို့သော် သူသည်စားသောက်ဆိုင်အား မပိတ်ရဲပါ။

မပိတ်ဝံ့ပါ။ အကြောင်းကား သူ့အနေဖြင့် စားသောက်ဆိုင်ကိုပိတ်လိုက်လျှင် သူ့ထံသို့အန္တရာယ်များကကူးစက်လာနိုင်ကြောင်းကို သဘောပေါက်ထားခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့်... သူက ဣန္ဒြေမပျက်စားသောက်ဆိုင်ကိုဆက်လက်ဖွင့်ထားခဲ့ရလေသည်။

သို့မဟုတ်ပါက သူ၏အသက်မှာ မနက်ဖြန်ထိ ဆက်လက်ရှင်သန်ခွင့်ရနေမည်မဟုတ်သည်ကိုနားလည်ထား၏။



သို့ရာတွင် သူသည် ဆုံးဖြတ်ချက်တစ်ခုကိုမူ ခိုင်ခိုင်မာမာ ရဲရဲဝံ့ဝံ့ချလိုက်ပြီးဖြစ်၏။

ယင်းဆုံးဖြတ်ချက်ကား ညသရဲမှတိတ်တဆိတ်ထွက်ပြေးရန်ပင်ဖြစ်တော့သည်။

ဝဝဝဝ

ဆိုင်လုလင်ငါးယောက်၏မျက်နှာများမှာ မည်းမှောင်နေကြ၏။ သူတို့သည် ညသရဲစားသောက်ဆိုင်တွင် အလုပ်လုပ်လာသည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီဖြစ်၏။

သို့သော် ယနေ့ညရောက်ရှိလာကြသောစားသောက်သူများကိုမူ သူတစ်ကြိမ်တစ်ခါမှမမြင်ဘူးဟုယူဆလေသည်။

အကြောင်းကား... ယနေ့ညရောက်ရှိလာကြသောစားသောက်သူများအနက် တစ်ချို့မှာ အရက်ကိုတစ်ကရားပြီးတစ်ကရားကြွက်တွင်းထဲလောင်းချသကဲ့သို့သောက်နေကြပြီး တစ်ချို့ကမူ လူလေးယောက်စာ အစားအသောက်များကို တစ်ယောက်တည်း အဝအပြစားသောက်နေကြလေသည်။

ထို့ပြင်... အချို့ကမူ အရက်မသောက် ဟင်းလည်းမစားဘဲ မလှုပ်မယှက်ထိုင်ကာ ရေနွေးကြမ်းကို အရသာခံ၍သောက်နေကြ၏။ ယင်းကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လုလင်ငါးယောက်မှာ အထူးအဆန်းဖြစ်နေသည်ဟု ထင်မှတ်ကြလေသည်။

အမှန်တွင် သူတို့သည် ထူးဆန်းသည်ဟုထင်နေခြင်းထက် စိုးရိမ်ထိတ်လန့်မှုကကြီးစိုးနေသည်ဟု အလိုလိုခံစားလာမိကြ၏။

ထို့ပြင် သူတို့က စားသောက်စရာများကို သွားရောက်ချပေးစဉ် စားသောက်ရန်ရောက်ရှိလာကြသောလူအချင်းချင်း ပြောဆိုနေသည့်မရဏဗျပ်စောင်းကို အရောင်းအဝယ်လုပ်မည်ဟူသောသတင်းကိုကြားလိုက်ရသောအခါ အသက်ရှုပင်ရပ်တန့်သွားမတတ် တုန်လှုပ်မိ၏။

ယင်းအချိန်မှာပင်... စားသောက်ဆိုင်ပိုင်ရှင်လူဝကြီးက မျက်စိပျက်မျက်နှာပျက်ဖြင့် ဆိုင်နောက်ဘက်တံခါးမှ တိတ်တဆိတ်ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရလေသည်။ ဆိုင်လုလင်ငါးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းတစ်ချက်စီပြိုင်တူညိတ်လိုက်မိကြလေသည်။ ယင်းနောက်... စားသောက်ဆိုင်၏နောက်ဘက်တံခါးပေါက်မှ လူဝကြီးကဲ့သို့ပင် တိတ်တဆိတ်ထွက်ပြေးတိမ်းရှောင်သွားကြလေတော့သည်။

ဝဝဝဝ



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။ ညသရဲစားသောက်ဆိုင်အတွင်း၌လည်းတိတ်ဆိတ်နေလေသည်။

အကယ်၍သာ ညသရဲစားသောက်ဆိုင်တွင် မီးအိမ်ထွန်းညှိထားခြင်းမရှိပါက စားသောက်ဆိုင်တွင် မည်သူတစ်ဦးတစ်ယောက်မျှမရှိဟုထင်မှတ်ရမည့်သာဖြစ်လေသည်။

ယခုမူ ဝါကျင့်ကျင့်မီးရောင်က မှိတ်ဝုတ်မှိတ်တုတ်ဖြစ်နေသောကြောင့် ညသရဲစားသောက်ဆိုင်ထဲတွင် လူတစ်ရာခန့်ရှိနေသည်ကိုတွေ့မြင်နေကြရ၏။ သူတို့သည် စားပွဲအသီးသီး၌ထိုင်နေကြသော်လည်း မျက်လုံးများကမူ တစ်နေရာတည်းတွင်စုပြုံရောက်ရှိနေကြလေသည်။

သူတို့၏မျက်လုံးများ စုပြုံရောက်ရှိနေသည့်နေရာကား ဆိုင်၏အဝင်အထွက်တံခါးပေါက်ဆီသို့ဖြစ်သည်။ ဆိုင်တံခါးပေါက်ဆီသို့ စုပြုံရောက်ရှိနေကြသောသူတို့၏မျက်လုံးများမှာ တစ်စုံတစ်ယောက်ကိုစောင့်မျှော်နေပုံမျိုးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မည်သူ့အားစောင့်မျှော်နေကြပါသနည်း။

မည်သို့ဆိုစေ ထိုလူများသည် ညသရဲစားသောက်ဆိုင် တံခါးဝဆီသို့သာမျက်တောင်မခတ်စိုက်ကြည့်လျက်ရှိနေကြ၏။

စားသောက်ဆိုင်၏ဝန်းကျင်တစ်ခုလုံးကား....

ပကတိတိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

၀၀၀၀

"ဒေါင်... ဒေါင်"

အဝေးမှသံချောင်းခေါက်သံနှစ်ချက်တိတိ ထွက်ပေါ်လာလေသည်။ တိတ်ဆိတ်နေသောညဥ့်ယံဖြစ်သည့်အတွက် သံချောင်းခေါက်သံအား ပီပီပြင်ပြင်ကြားလိုက်ရလေသည်။

ညဥ့်နှစ်ချက်တီးပြီဖြစ်သည်။ သို့သော် ခါတိုင်းညဥ့်နှစ်ချက်တီးလျှင် ပိတ်နေကျဖြစ်သောညသရဲစားသောက်ဆိုင်မှာ ယခုတော့ ဆိုင်ပိတ်မည့်သူမရှိသေးပါချေ။

အကယ်၍သာ လူဝကြီး (သို့မဟုတ်) ညသရဲကထွက်ပြေးတိမ်းရှောင်သွားခြင်းမရှိပါကလည်း ဆိုင်ပိတ်ပြီးဖြစ်မည်ဖြစ်သော်လည်း လူဝကြီးကထွက်ပြေးတိမ်းရှောင်သွားပြီဖြစ်သောကြောင့် ညသရဲစားသောက်ဆိုင်မှာ ယခုအချိန်ထိ ဆိုင်ပိတ်မည့်လက္ခဏာ မရှိခြင်းပင်ဖြစ်လေသည်။



အားလုံးသောလူများသည် နေရာ၌မလှုပ်မယှက်ထိုင်ကာ သူတို့၏မျက်လုံးများအား စားသောက်ဆိုင်၏တံခါးဝဆီသို့ စိုက်ကြည့်နေကြဆဲပင်ဖြစ်လေသည်။

ညဥ့်နက်လာသည်နှင့်အမျှ... တစ်ချက်တစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသောလေပြည်လေညင်းကလေးများနှင့်အတူ ဆီးနှင်းများပါရှိလာသဖြင့် အလွန်ပင်အေးစိမ့်လာ၏။

သို့သော် ဤအေးစိမ့်မှုကြောင့် စားသောက်ဆိုင်အတွင်းရှိ လူများအား မည်သို့မျှထူးခြားမှုဖြစ်စေဟန်မရှိပါ။ သူတို့သည် မလှုပ်မယှက်ထိုင်ကာ တံခါးဝဆီသို့သာ မျက်တောင်မခတ်စိုက်ကြည့်နေကြလေသည်။ သူတို့အားလုံးသည် သက်ရှိလူသားများဖြစ်ကြ၏။

ထို့ကြောင့် အချိန်ကြာလာသည်နှင့်အမျှ တစ်စုံတစ်ခုသော အတိုင်းအတာထိထူးခြားမှုကရှိလာလေသည်။ ယင်းအချိန်တွင် စားပွဲတစ်လုံးအားဝိုင်းဖွဲ့ထိုင်နေကြသူလူငါးယောက်အနက် တစ်ယောက်က အပျင်းတစ်ချက်ဆန့်လိုက်သည်။ တစ်ဆက်တည်းမှာပင် သူက ကျယ်လောင်စွာသမ်းဝေလိုက်၏။

"ဝါး...."

သူက ရုတ်တရက် ပါးစပ်အား ကမန်းကတန်းပိတ်လိုက်သော်လည်း ထွက်ပေါ်လာသောအသံမှာ ကျယ်လောင်လှသည်ဟု ထင်မှတ်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ သူနှင့်အတူထိုင်နေကြသောလူများမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

လူတစ်ယောက်က သူ့အားအပြစ်တင်သည့် မျက်လုံးများဖြင့်ကြည့်လိုက်၏။

"မင်း ဒီလိုသာအအိပ်မက်နေမယ်ဆိုရင် မရဏာဗျပ်စောင်းကိုမြင်နိုင်မှာမဟုတ်ဘူး"

ဟုကျိတ်ကာအပြစ်တင်လိုက်လေသည်။

သမ်းဝေလိုက်သူက သူ့အားမကျေမနပ်ဖြင့်ကြည့်လိုက်၏။

"ကျုပ်အိပ်ချင်နေတယ်လို့ ဘယ်သူပြောတာလဲ"

ဟု တင်းမာသောလေသံဖြင့်မေးလိုက်၏။ အမှန်ပင် ယခုသူ၏မျက်လုံးများမှာ ဇီးကွက်မျက်လုံးပမာ ပြူးကျယ်နေပြီမဟုတ်ပါလော။ ယင်းအချိန်တွင် လူတစ်ယောက်က သူတို့ဘက်သို့လှည့်ကြည့်ကာ....

"ဟေ့လူတွေ... ကျုပ်တို့လဲ ခင်ဗျားတို့လိုပဲ မရဏာဗျပ်စောင်းကိုဝယ်ဖို့စောင့်နေကြတာဗျ၊ ဘာမှဆူညံဆူညံလုပ်မနေကြနဲ့"

စားပွဲတွင် စုဝေးထိုင်နေကြသောလူငါးယောက်က သူ့အားပြိုင်တူလှည့်ကြည့်လိုက်လေသည်။

အနက်ရောင်ဝတ်ဆင်ထားသည့်လူသုံးယောက် သူတို့အားစူးစူးဝါးဝါးကြည့်နေကြသည်ကိုတွေ့မြင်လိုက်ရ၏။



မီးခိုးရောင်ဝတ်ဆင်ထားသော လူငါးယောက်၏ မျက်နှာများပေါ်တွင် ဒေါသဖြစ်သောအရိပ်အယောင်များပေါ်လွင်နေလေသည်။ တစ်ယောက်က ဝုန်းခနဲထရပ်ပြီး သူ၏ခါးမှဓားကိုဆွဲထုတ်လိုက်၏။

"ဒီမှာ ဒီနေရာမှာရောက်နေကြတဲ့လူတွေအားလုံးဟာ ဗျပ်စောင်းကိုလေလံဆွဲပြီး ဝယ်ဖို့ရောက်နေကြသူတွေချည်းပဲဆိုတာ သိတယ်... ဘာမှလာပြီး လူတစ်ယောက်ရဲ့အခွင့်အရေးကိုနှောင့်ယှက်စရာမလိုဘူး"

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသူ သုံးယောက်အနက်တစ်ယောက်က မဲ့ပြုံးပြုံးလိုက်လေသည်။

"စကားမရှည်နဲ့... ကျုပ်တို့က ဒီဗျပ်စောင်းကိုရယူဖို့ လာစောင့်ရပေမယ့် စိတ်အနှောင့်အယှက်ဖြစ်ရမယ့်ကိစ္စကိုတော့ မခံစားနိုင်ဘူး"

သူကပြောပြီး ဓားကိုဆွဲထုတ်လိုက်ပြန်သည်။ စောစောကတိတ်ဆိတ်ငြိမ်သက်နေသောညသရဲ စားသောက်ဆိုင်လေးအတွင်း၌ရုတ်တရက် အခြေအနေရှုပ်ထွေးတင်းမာသွားလေ၏။

အမှန်တွင် သူတို့သည် ဗျပ်စောင်းကိုရယူပိုင်ဆိုင်ဆိုသောဆန္ဒများဖြင့် တစ်ယောက်နှင့်တစ်ယောက်ရန်လိုနေခဲ့ကြခြင်းသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု... သူတို့သည်တိုက်ခိုက်ရန် တာစူနေကြပြီဖြစ်သည်။ ထိုအချိန် လူတစ်ယောက်၏သတိပေးသံထွက်ပေါ်လာပြန်၏။

"တစ်လှေတည်းစီးပြီး တစ်ခရီးတည်းသွားနေတဲ့လူတွေ အချင်းချင်း ဒီလိုရန်ပြုနေကြမယ်ဆိုရင် ဒါဟာ အလဟဿအသက်ဆုံးရှုံးဖို့ပဲဖြစ်တယ်"

အားလုံးသောလူများသည် စကားပြောသံထွက်ပေါ်လာရာသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြလေသည်။

ထိုလူသည် အဖိုးတန် အဝတ်အစားများကိုဝတ်ဆင်ထားပြီး ဝိန်ဝိန်ပါးပါးရှိသောလူဖြစ်၏။

သူက ကုလားထိုင်တစ်လုံးပေါ်တွင်ထိုင်ပြီး ဟန်မူရာကင်းမဲ့သောမျက်လုံးအစုံဖြင့်ကြည့်နေ၏။

သူ၏ဦးခေါင်းပေါ်တွင် ဆံပင်များကိုစုစည်းချည်နှောင်ထားကာ မြားပုံသဏ္ဌာန်ဆံထိုးတစ်ချောင်း ထိုးစိုက်ထားလေသည်။ သူ့အားတွေ့မြင်လိုက်သည်နှင့် အားလုံးသောလူများ၏မျက်နှာပေါ်တွင် လေးစားသည့်ဟန်မူရာများပေါ်လွင်လာလေသည်။

"ဟာ... ရွှေမြားဂိုဏ်းက ဒုဂိုဏ်းချုပ်စွန်းကုဝေပါလား"

လူတစ်ယောက်ကလွှတ်ခနဲရေရွတ်လိုက်သည်။

စွန်းကုဝေက မိမိနှင့်မသက်ဆိုင်သည့်စကားကိုပြောလိုက်သည့်အလား အေးဆေးစွာထိုင်ကာအရက်ငှဲ့၍သောက်နေ၏။



တိုက်ခိုက်ရန် တာစူနေကြသောလူနှစ်ယောက် ဓားများကိုပြိုင်တူသိမ်းကာ ပြန်လည်ထိုင်ချလိုက်ကြလေသည်။ ယင်းအခိုက် စားသောက်ဆိုင်၏ထောင့်ကျကျစားပွဲတွင် ထိုင်နေသောလူက စွန်းကုဝေအား လက်နှစ်ဖက်ဆုပ်ကာဂါရဝပြုလိုက်လေသည်။

"ရွှေမြားဂိုဏ်းက ဒုဂိုဏ်းချုပ်ကြီးစွန်းကုဝေကိုတွေ့ရတာဝမ်းသာပါတယ်... ဒါနဲ့ ဒီကို ဗျပ်စောင်းဝယ်ယူဖို့ ရောက်နေတာထင်ပါရဲ့"

"ဟုတ်ပါတယ်"

"ဒါနဲ့ဂိုဏ်းချုပ်ရဲ့သားကော မပါဘူးလားခင်ဗျာ"

စွန်းကုဝေကထိုလူ၏စကားကြောင့် မျက်နှာပေါ်တွင် စိုးရိမ်သည့်ဟန်မူရာများပေါ်လွင်လာလေသည်။

သူကခေါင်းတစ်ချက်ညိတ်လိုက်၏။

"ကျုပ်ကလဲ သူ့ကိုမျှော်နေတာပါ။ သူက ဘာဖြစ်လို့နောက်ကျနေသလဲမသိဘူး"

ယင်းအချိန် ရုတ်တရက် မြင်းခွာသံများကြားရလေသည်။ အားလုံးသောလူများသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။ သူတို့က ဗျပ်စောင်းရောင်းမည့်လူလာပြီဟု ထင်မှတ်လိုက်ကြခြင်းကြောင့်ဖြစ်ပါသည်။

သို့သော် သူတို့၏အထင်မှာ မှားယွင်းသွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား အသက်တစ်ဆယ့်ရှစ်နှစ်ခန့်ရှိသောလူရွယ်တစ်ယောက်သည် စားသောက်ဆိုင်ထဲသို့ ခြေလှမ်းသွက်သွက်ဖြင့်ဝင်ရောက်လာသည်ကိုတွေ့မြင်လိုက်ရသည်မဟုတ်ပါလော။

သူ၏ခန္ဓာကိုယ်ပေါ်တွင် ဖြူဖွေးတောက်ပနေသော ပိုးသားဝတ်စုံကိုဝတ်ဆင်ထားပြီး ရုပ်ရည်ချောမောခန့်ညားလှပေသည်။

သူက လူအများ ရှုတ်ရှုတ်သဲသဲဖြစ်နေသည့်ကြားမှ တိုးဝှေ့ကာလျှောက်လာရင်း မျက်လုံးဝေ့တစ်ချက်ဝေ့၍ တစ်စုံတစ်ယောက်ကိုရှာဖွေနေ၏။ ထိုအခိုက်အတန့်မှာပင် သူ၏မျက်လုံးများက ဝင်းလက်တောက်ပသွားလေသည်။

အကြောင်းကား သူသည် စွန်းကုဝေက လက်ဝှေ့ယမ်းပြနေသည်ကိုတွေ့မြင်လိုက်သောကြောင့်ဖြစ်ပါသည်။

"ဟေ့ သား... ဖေဖေဒီမှာဟေ့"

အားလုံးသောလူများက ဤလူရွယ်မှာ စွန်းကုဝေ၏သား စွန်းထင်းလုဖြစ်ကြောင်းသဘောပေါက်လိုက်ကြ၏။ ထိုအခါမှ သူတို့သည်စိတ်ပျက်စွာဖြင့် မိမိတို့နေရာတွင်ပြန်ထိုင်ချလိုက်ကြလေသည်။ ထို့နောက် သူတို့သည် ထပ်မံရောက်ရှိလာမည့်ဗျပ်စောင်းလက်နက်ရှင်းသူအား တိတ်ဆိတ်စွာစောင့်စားနေလိုက်ကြတော့၏။

oooo



"ဒေါင်... ဒေါင်... ဒေါင်"

အဝေးမှသံချောင်းခေါက်သံ သုံးချက်တိတိ ထပ်မံထွက်ပေါ်လာပြီဖြစ်လေသည်။ ညဉ့်သုံးချက်တီးပြီဖြစ်၏။

ညဉ့်နက်လွန်းလှသဖြင့် ဆီးနှင်းများသည် ပို၍ ပို၍ကျဆင်းလာလေသည်။ လေပြည်လေညင်းကလေးသည် တစ်ချက်တစ်ချက်ဝှေ့ယမ်းတိုက်ခိုက်နေရာမှ အဆက်မပြတ်တိုက်ခတ်လာလေသည်။

ယင်းကြောင့် ညသရဲစားသောက်ဆိုင်တွင်းရှိ မီးအိမ်များမှာ ယိမ်းထိုးနေကြလေသည်။

အေးစိမ့်မှုဒဏ်သည် သိသိသာသာကြီးဖိစီးလာ၏။

ဆိုင်အတွင်းမှတိတ်ဆိတ်မှုကား...

ကြောက်စရာကောင်းလောက်အောင် ငြိမ်သက်လျက်သက်ရှိလူသားများပင်ရှိလေစဟုပင် ထင်မှားရလောက်ပေသည်။

သို့သော်.... ညသရဲစားသောက်ဆိုင်လေးထဲတွင် သက်ရှိလူသားတစ်ရာ့တစ်ယောက်တိတိရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည် ယင်းသို့တိတ်ဆိတ်စွာစောင့်နေကြရင်း ရင်ထဲ၌သံသယများဖြစ်ပေါ်လာမိကြလေသည်။

အကြောင်းကား သူတို့သည် ညသရဲဆိုင်တွင် ဗျပ်စောင်း လက်နက်ဆန်း(၀ါ)မရဏဗျပ်စောင်းကို လာရောက်ရောင်းချမည်ဆို သောစကားကိုကြားသိခဲ့ရသဖြင့်စုပြုံကာ ရောက်ရှိနေခဲ့ကြသော် လည်း ယခုအချိန်အထိ မည်သူတစ်ဦး၏အရိပ်အယောင်ကိုမျှ မ တွေ့ရသေးပါချေ။

အမှန်တွင်... သူတို့သည် သိုင်းလောကသားများပီပီ အရာ ရာကိုစိုးမိုးအနိုင်ယူချင်ကြသဖြင့် ဤမရဏဗျပ်စောင်းအား ရယူပိုင် ဆိုင်နိုင်ရန် ဒုက္ခခံ၍စောင့်စားနေကြခြင်းဖြစ်သည်။

သို့သော် ယခုအချိန်အထိထူးခြားမှုရှိမလာသောအခါ ဤ သတင်းသည် ကောလဟလသတင်းတစ်ခုများဖြစ်ပေါ်မလားဟု သံသယဖြစ်လာကြလေသည်။

ထိုအခါ သူတို့သည် စိတ်ပျက်လာကြလေသည်။

သို့ရာတွင် ဤနေရာမှဆုတ်ခွာသွားလိုသောဆန္ဒကား မရှိ ကြပါချေ။ အကြောင်းကား အကယ်၍များ မရဏဗျပ်စောင်း ရောက်ရှိလာခဲ့ပါလျှင် ဤလေလံရောင်းမည့်ဈေးကွက်တွင် ပါဝင်ခွင့် မရှိဘဲ ဗျပ်စောင်းကိုဆုံးရှုံးလိုက်ရမည်ကိုမလိုလားကြသောကြောင့် ဖြစ်သည်။။



ယင်းကြောင့် ဖွဲကောင်းကောင်းဖြင့် ဆက်လက်စောင့်စား နေကြလေတော့သည်။

ထိုအချိန်လေးမှာပင်... ရုတ်တရက် အဝေးတစ်နေရာဆီမှ မြင်းခွာသံသဲ့သဲ့ကိုကြားလိုက်ကြရ၏။ အားလုံးသောလူများ၏ မျက်နှာများမှာ ဝင်းလက်တောက်ပသွားလေသည်။

သူတို့၏မျက်လုံးများတွင် မျှော်လင့်ချက်နှင့်ရမ္မက်ထန်ခြင်း၊ စိတ်လှုပ်ရှားခြင်းစသည့်အရိပ်အယောင်များက တစ်လှည့်စီဝင် ရောက်လာလေသည်။ သူတို့သည် မြင်းခွာသံကြားရာအရပ် လမ်းမ ကြီး၏တစ်ဖက်စွန်းဆီသို့ပြိုင်တူလှမ်းကြည့်လိုက်ကြလေ၏။ ထိုအခါ မြင်းရထားတစ်စီး ဖြည်းညင်းစွာ မောင်းနှင်လာနေသည်ကိုတွေ့မြင် လိုက်ရလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



မြူနှင်းများသည် ထူထပ်စွာကျဆင်းနေ၏။

သို့သော်လည်း မြင်းရထားတစ်စီး ဖြည်းညင်းစွာမောင်းနှင်လာနေသည်ကိုတော့တွေ့မြင်လိုက်ရလေသည်။ အကြောင်းကား မြင်းရထား၏ပေါင်းမိုးအစွန်းနှစ်ဖက်တွင် ဖန်မီးအိမ်နှစ်လုံးကို တစ်ဖက်တစ်ချက်စီထွန်းညှိထားသည်မဟုတ်ပါလော။

အားလုံးသောလူများသည် မြူနှင်းများကြားမှ မြင်းရထားကိုကြည့်ကာမှင်သက်နေမိကြလေသည်။ မြင်းရထားက စားသောက်ဆိုင်နှင့်တစ်စထက်တစ်စနီးကပ်လာပြီဖြစ်၏။

ထိုအချိန်လေးမှာပင်... လေးတိုက်ခတ်မှုသည် တစ်စထက်တစ်စ ပို၍ပြင်းထန်လာလေသည်။ ယင်းကြောင့် ညသရဲစားသောက်ဆိုင်၏ဖွင့်ထားသောတံခါးရွက်များ၊ ပြတင်းပေါက်များမှာ ဝုန်းဒိုင်းကျဲနေ၏။ ၎င်းအပြင် စားသောက်ဆိုင်တွင်ချိတ်ထားသောဖန်မီးအိမ်များသည် ဟိုမှသည်မှယိမ်းယိုင်ကာ မီးရောင်မှာမှိတ်တုတ်မှိတ်တုတ်ဖြစ်နေလေသည်။



ပြင်းထန်စွာ တိုက်ခတ်သောင်းကျန်းနေသောလေနှင့် လှုပ်ရှားနေသောမီးတိုင်များကြောင့် ဆိုင်ပတ်ဝန်းကျင်ရှိအရိပ်မည်းကြီးများမှာ ဟိုသည်ယိမ်းထိုးနေသကဲ့သို့ဖြစ်နေ၏။

သို့သော် ညသရဲစားသောက်ဆိုင်အတွင်းရှိလူများသည် လှုပ်ရှားခြင်းလုံးဝမရှိဘဲ ကျောက်ရုပ်များပမာ ငြိမ်သက်နေကြလေသည်။

သူတို့သည် မြူနှင်းများကြားမှ တရွေ့ရွေ့မောင်းနှင်လာနေသော အမိုးနှစ်ဖက်စွန်းတွင်ချိတ်ဆွဲထားသည့် မီးအိမ်နှစ်လုံးအားကြည့်ကာ အသက်ရှူရန်ပင်မေ့လျော့နေမိကြ၏။

ယင်းအချိန်တွင် မြင်းရထားက ဆိုင်နှင့်မနီးမဝေးတွင် ရပ်တန့်လိုက်သည်။ ထို့နောက် မိန်းကလေးတစ်ယောက်၏အသံထွက်ပေါ်လာလေသည်။

"ဖျပ်စောင်းကို ဘယ်သူကဝယ်မှာလဲ... တန်ဖိုးကိုကော ဘယ်လောက်သတ်မှတ်မှာလဲ"

မိန်းကလေး၏အသံသည် အေးစက်နေပြီး အနိမ့်အမြင့် မရှိပါ။ အားလုံးသောလူများက လှမ်းကြည့်ကြရာ ဖန်မီးရောင်အောက်တွင် အနက်ရောင်ဝတ်စုံဝတ်ထားသည့်မိန်းကလေးတစ်ယောက်က မြင်းရထားပေါင်းမိုးအောက်တွင်ထိုင်နေပြီး မျက်နှာပေါ်တွင် ပါးလွှာသောဇာပဝါအနက်တစ်ထည် ဖုံးကွယ်ထားသည်ကိုတွေ့မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်နှာအား မမြင်တွေ့ရသော်လည်း အလွန်လှပချောမောသောမိန်းကလေးတစ်ယောက်ဖြစ်ကြောင်း သံသယဖြစ်စရာမလိုပါချေ။

စားသောက်ဆိုင်ကလေးထဲရှိလူများက ငေးငိုင်ကာကြည့်နေရာမှ ပြိုင်တူထရပ်လိုက်ကြ၏။ အပြာရောင်ဝတ်ဆင်ထားသောလူက လက်တစ်ချောင်းထောင်ပြကာ....

"ကျုပ်ကလျှံငွေတစ်သိန်း"

နောက်တစ်ယောက်က လက်နှစ်ချောင်းထောင်ပြလိုက်၏။

"ကျုပ်ကလျှံငွေနှစ်သိန်းပေးမယ်"

အနက်ရောင်ဝတ်ဆင်ထားသောလူကလည်း အားကျမခံဘဲ လက်ငါးချောင်းထောင်ပြလိုက်လေသည်။

"ကျုပ်ကလျှံငွေငါးသိန်းပေးမယ်"

ရုတ်တရက် အားလုံးသောလူများက ငြိမ်သက်သွားကြလေသည်။ ယင်းအချိန် စွန်းထင်းလုက လက်ဆယ်ချောင်းကိုထောင်ကာ အသံကျယ်လောင်စွာဖြင့် အော်ဟစ်လိုက်သည်။

"ကျုပ်တို့ ရွှေမြားဂိုဏ်းက ဒီဗျပ်စောင်းကို လျှံငွေဆယ်သိန်းပေးမယ်ဗျို့"

သူ၏စကားကြောင့် အားလုံးသောလူများက မျက်လုံးပြူးကာ လှည့်ကြည့်လိုက်ကြလေသည်။



စွန်းထင်းလု၏ချောမောခန့်ညားသောမျက်နှာက သူတို့အား တစ်ချက်ဝေ့ကြည့်၍ ရင်ကော့ကာရပ်နေလေသည်။ ဝန်းကျင်တစ်ခုလုံးမှာ ရုတ်တရက်တိတ်ဆိတ်သွား၏။

ယင်းအချိန် မြင်းရထားဆီမှ အေးစက်စက်ရယ်မောသံတစ်သံထွက်ပေါ်လာလေသည်။

"ကောင်းပြီ... ရွှေမြားဂိုဏ်းကလူတွေက တကယ့်ကို ဗျပ်စောင်းအတွက်ဆွဲဆောင်တာပဲကိုး၊ ဒီဗျပ်စောင်းကို ရှင်တို့ရသွားပါပြီ... ရော့"

သူမ၏အသံဆုံးသွားသည်နှင့် ရုတ်တရက် သေတ္တာနီလေးတစ်လုံးက မြင်းလှည်းထဲမှ အရှိန်ပြင်းစွာပြေးထွက်လာလေသည်။ သေတ္တာနီလေးသည် ပြင်းထန်သောအရှိန်ဖြင့် ညသရဲစားသောက်ဆိုင်၏အဝင်တံခါးမှပြေးဝင်လာရာ သိုင်းသမားများမှာ ကမန်းကတန်း ပြေးလွှားရှောင်တိမ်းလိုက်ကြရလေသည်။

သူတို့သည် လဲပြိုသူကပြို ခန္ဓာကိုယ် ဒယီးဒယိုင်ဖြစ်သူကဖြစ်သွားကြပြီး ကြောက်ရွံ့တုန်လှုပ်စွာဖြင့်သေတ္တာနီလေးအား မျက်လုံးပြူးကာကြည့်နေကြကုန်လေသည်။

သေတ္တာလေးသည် ပြင်းထန်သောအရှိန်ဖြင့် ပြေးဝင်လာပြီး စွန်းထင်းလု၏ရှေ့သို့ရောက်ရှိသောအခါ ရပ်တန့်သွားကာ မြေပြင်ပေါ်သို့ဖြည်းညင်းစွာကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသောလူများသည် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။ စွန်းထင်းလုလည်းမျက်လုံးပြူးကာ သေတ္တာနီလေးအားကြည့်လိုက်၏။

သူတို့သည် သေတ္တာနီလေးအားကြည့်ကာ မြင်းရထားထဲမှ မိန်းကလေး၏အတွင်းအားမှာ ထိပ်တန်းအဆင့်သို့ရောက်ရှိနေပြီကို နားလည်လိုက်ကြလေသည်။

ယင်းအချိန်တွင် မြင်းခွာသံများထပ်မံကြားလိုက်ရပြန်သည်။ စွန်းထင်းလုနှင့်ကျန်ရှိသောသိုင်းသမားများသည် ယခုမှသတိဝင်လာကာ လှမ်းကြည့်လိုက်ကြလေသည်။

ထိုအခါ မြင်းရထားသည် ဖြည်းညင်းစွာ ပြန်လည်မောင်းနှင်ထွက်ခွာသွားသည်ကိုတွေ့လိုက်ရလေသည်။ အားလုံးသောလူများအလွန်အံ့သြသွားကြ၏။

စွန်းထင်းလုက ကမန်းကတန်းဟန့်တားလိုက်၏။

"ဟေး... ဟေး... နေဦးလေ၊ ပိုက်ဆံယူသွားဦးလေ"

သူက အသံကျယ်လောင်စွာအော်ဟစ်လိုက်လေသည်။

သို့သော် မြင်းရထားကာရပ်တန့်သွားခြင်းမရှိပါ။

စွန်းထင်းလု ပို၍အံ့သြသွားမိလေသည်။

"ဟေ့... နေဦးလေ"

သူသည် ပြေးလိုက်ရန်ဟန်ပြင်လိုက်၏။



သို့သော် သူ၏ခြေလှမ်းများသည် တုံ့ခနဲဖြစ်ကာရပ်တန့်လိုက်ရလေသည်။

အကြောင်းကား... မြင်းရထားထဲမှထွက်ပေါ်လာသော မိန်းကလေး၏အေးစက်စက်စကားသံကြောင့်ဖြစ်သည်။ ထိုစကားသည် သူ၏မျက်နှာကို ကျာပွတ်နှင့်အရိုက်ခံရသကဲ့သို့ ခံစားလိုက်ရသည်မဟုတ်ပါလော။ ဤသို့ဆိုလျှင်.... မြင်းရထားထဲမှထွက်ပေါ်လာသော မိန်းကလေး၏စကားသံသည် မည်သည့်စကားသံဖြစ်ပါသနည်း။

၀၀၀၀

အမှန်တွင် မြင်းရထားထဲမှ မိန်းကလေးကပြောလိုက်သည့်စကားမှာ....

"ရှင်ပေးမယ့် လျှံငွေဆယ်သိန်းကို မရဏဖျပ်စောင်းကြောင့်သေဆုံးရမယ့်လူတွေအတွက် သင်္ဂြိုဟ်စရိတ်အဖြစ်လှူခဲ့ပါတယ်"

ဟူ၍ဖြစ်လေသည်။ သူမ၏အသံသည် အေးစိမ့်ပြီးအနိမ့်အမြင့်မရှိချေ။ စွန်းထင်းလုသည် မောင်းနှင်ထွက်ခွာသွားသောမြင်းရထားအား ကြက်သေသေကာ ငေးငိုင်၍ကြည့်နေမိလေသည်။

ယင်းအချိန်မှာပင် မြင်းရထားသည် အမှောင်ထုအတွင်းသို့တိုးဝင်သွားပြီဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ စွန်းထင်းလှသတိဝင်လာကာထခုန်လိုက်၏။

"ဟော့... ဟော့... ကျုပ်ကိုဘာပြောခဲ့တာလဲ"

သူ့ အသံကုန်အော်ဟစ်လိုက်သော်လည်း မြင်းရထားကား သူ၏မြင်ကွင်းမှပျောက်ကွယ်သွားပြီဖြစ်ပါသည်။ စွန်းကုဝေက သူ့ထံသို့လျှောက်လာကာ ပခုံးအားတစ်ချက်ပုတ်လိုက်သည်။

"သား... စွန်းထင်းလှ"

စွန်းထင်းလှက လှည့်ကြည့်လိုက်၏။ ထို့နောက် နားမလည်နိုင်ဟန်ဖြင့် စွန်းကုဝေအားကြည့်ကာ....

"ဖေဖေ ဒီမိန်းကလေးရဲ့စကားကဘာအဓိပ္ပာယ်လဲဟင်"

စွန်းကုဝေကပြုံးလိုက်သည်။ သူ၏အပြုံးသည် စိတ်နှလုံးကြည်လင်သည့်အပြုံးမျိုးမဟုတ်ပါ။ အလွန်လျှို့ဝှက်ပြီးကြောက်မက်ဖွယ်ရာကောင်းသောအပြုံးမျိုးပင်ဖြစ်၏။

"သူပြောတာမှန်တယ်သား"

စွန်းထင်းလှမျက်လုံးပြူးသွားလေသည်။ သူသည် စွန်းကုဝေအားကြောင်အမ်းအမ်းဖြင့်ကြည့်ကာ...

"သူပြောတာမှန်တယ်ဟုတ်လား"

စွန်းကုဝေကခေါင်းညိတ်လိုက်၏။

စွန်းထင်းလှက သူ့အား နားမလည်နိုင်စွာဖြင့်ကြည့်လိုက်လေသည်။



"ဒါနဲ့တောင် ဖေဖေက ဘာဖြစ်လို့ ဒီဗျပ်စောင်းကိုလိုချင်တပ်မက်နေရတာလဲ"

ဟုမေးလိုက်လေသည်။

စွန်းကုဝေသက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီအကြောင်းကို နောက်မှပြောကြတာပေါ့၊ လောလောဆယ် ဒီဗျပ်စောင်းကို ဂိုဏ်းချုပ်ကြီးဆီရောက်အောင်ပို့ပေးလိုက်ကြရအောင်"

စွန်းထင်းလှသည် ဘာမျှမပြောတော့ဘဲ ဗျပ်စောင်းထည့်ထားသည့်သေတ္တာလေးကိုကောက်ကိုင်ကာ ကြည့်လိုက်လေသည်။ ရဲရဲနီနေသောကတ္တီပါသေတ္တာရှည်လေးကိုကြည့်ရင်း ရင်ထဲ၌ စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်လာလေသည်။

မည်သို့ဆိုစေ သူသည် ဤသေတ္တာလေးအား ဂိုဏ်းချုပ်ကြီး စွန်းပုချူးထံသို့သွားရောက်ပို့ဆောင်ရမည်မဟုတ်ပါလော။

ထို့ကြောင့် သေတ္တာလေးအားထမ်းကာညသရဲစားသောက်ဆိုင်ထဲမှထွက်ခဲ့လေသည်။ စွန်းကုဝေက သူ့နောက်မှ ထပ်ကြပ်မကွာလိုက်ပါလာ၏။ သူတို့နှစ်ယောက်ထွက်ခွာသွားကြသည်နှင့် ညသရဲစားသောက်ဆိုင်အတွင်းရှိလူများလည်း အသီးသီးပြန်လည်ထွက်ခွာသွားကြလေတော့သည်။

၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်နက်လှပြီဖြစ်သည်။

ယနေ့ည ချန်အန်းမြို့စွန်ရှိအဆောက်အအုံထဲတွင် လူအများစုဝေးကာ တိုင်ပင်ဆွေးနွေးနေကြလေသည်။ ထိုလူများသည် မရဏာဗျပ်စောင်းအကြောင်းကိုဆွေးနွေးတိုင်ပင်နေကြခြင်းဖြစ်၏။

အမှန်တွင် ထိုလူများမှာ တစ်ချိန်တုန်းဆီက စွန်းကုဝေနှင့်အတူ မရဏာဗျပ်စောင်းအားရယူနိုင်ရန်ကြိုးစားခဲ့ကြသည့်လူများဖြစ်သည့် မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ၊ ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီး လောကျင်းစုနှင့်အဆိပ်ကျာပွတ်မယ်ကွမ်းစုစုတို့ပင်ဖြစ်ကြပေသည်။

သူတို့သည် စွန်းထင်းစုတို့က မရဏာဗျပ်စောင်းရရှိသွားသည်ကို ယခုမှသိခဲ့ရသူများဖြစ်သည်။

သူတို့၏ရင်ထဲတွင် များစွာခံပြင်းနေမိကြ၏။ ဗျပ်စောင်းလေလံတင်ပွဲတွင် ပါဝင်ခွင့်မရလိုက်သဖြင့်လည်း မကျေမနပ်ဖြစ်နေမိကြလေသည်။ မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာက စိတ်မသက်မသာဖြင့်သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း... တကယ်ဆိုရင် စွန်းကုဝေက ကျုပ်တို့ကိုပါ အကြောင်းကြားသင့်ပါတယ်၊ သူ ဒီလိုတိတ်တဆိတ်လုပ်သွားတာတော့ မကောင်းပါဘူး"

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက ခေါင်းညိတ်လိုက်သည်။ ပြီးနောက် အေးစက်စက်အသံဖြင့်...



"သူ ဒီလိုလုပ်သွားတော့လဲ ကျုပ်တို့က သူ့ကို ဘာမှစည်းစောင့်နေစရာမလိုတော့ဘူးပေ့ါ"

မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ ထပ်ပြောလိုက်ပြန်၏။

"ကဲ... ခင်ဗျားတို့ရဲ့သဘောထားကိုပြောကြစမ်းပါဦး"

အားလုံးသောလူများ စဉ်းစားနေကြလေသည်။ ယင်းအချိန်တွင် အသက်ဆယ့်ခုနစ်နှစ်ခန့်ရှိသောမိန်းကလေးတစ်ဦးက ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုထံသို့လျှောက်လာ၏။

"ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ... ကျုပ်ကတော့ သူတို့ထိုက်နဲ့သူတို့ကံ... ရသင့်လို့ရသွားတယ်လို့ပဲယူဆတယ်၊ ခင်ဗျားသူများရထားတဲ့ပစ္စည်းကို အကုသိုလ်ပွားပြီး ဘာမှမလိုတမာဖြစ်နေစရာအကြောင်းမရှိဘူး"

သူမသည် ယောကျ်ားလေးစိတ်ပေါက်နေသဖြင့် ယခုကဲ့သို့ ဒိုးဒိုးဒေါက်ဒေါက်ပြောနေခြင်းဖြစ်လေသည်။ ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီး လောကျင်းစုက သူမ၏စကားကြောင့် ဒေါသတကြီးဖြစ်လာလေသည်။

သူက နံဘေးရှိ ကျောက်စားပွဲခုံအား လက်ဝါးဖြင့်တစ်ချက်ရိုက်ချလိုက်လေသည်။

"တိတ်စမ်း... လူကြီးတွေကိစ္စထဲကို ဘာမှဝင်စွက်စရာမလိုဘူးကွ"

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက သူ၏စကားကိုကြားလိုက်ရသောအခါ အချဉ်သီးတစ်ခုကိုစားလိုက်ရသည့်အလား မျက်နှာတစ်ခုလုံးရှုံ့မဲ့သွားလေသည်။ သူမသည် လက်သီးလက်မောင်းတန်းကာ ပြန်လည်အော်ငေါက်လိုက်၏။

“ဘာကလေးလဲ... ကျုပ်က အခု အသက်ဆယ့်ခုနစ်နှစ်တိတိရှိနေပြီ၊ ဒါကြောင့် အရာအားလုံးကိုနားလည်တယ်၊ ခင်ဗျားကသာ စိတ်ထားမမှန်လို့ သူများကိုမကောင်းကြံချင်နေတာ၊ ကျုပ်က သိုင်းလောကထဲမှာ မကောင်းတာပယ်ပြီး ကောင်းတာလုပ်မယ်ဆိုတဲ့သိုင်းသမားကောင်းတစ်ယောက်ပါ၊ ဒါကြောင့် ကျုပ်နဲ့ခင်ဗျားရင်ဆိုင်ရလိမ့်မယ်”

ဝိညာဉ်ဖြူဂိုဏ်းချုပ်လောကျင်းစုက သူမအား ဓားပါးလေးနှစ်လက်ကဲ့သို့ စူးရှသောမျက်လုံးအစုံဖြင့်စိုက်ကြည့်လိုက်သည်။

“မင်းက ကျုပ်ကိုတကယ်ရင်ဆိုင်မလို့လား”

မိန်းကလေးကခေါင်းညိတ်လိုက်ရင်း....

“ဟုတ်တယ်”

ဝိညာဉ်ဖြူဂိုဏ်းချုပ်လောကျင်းစုက စကားမပြောပါ။

သူက ကျောက်စားပွဲခုံပေါ်တွင် ရိုက်ချထားသောလက်ဝါးအား နုတ်ယူလိုက်သည်။ မိန်းကလေး၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားလေသည်။



သူမသည် ကျောက်စားပွဲနှင့်ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီး လောကျင်းစုအား တစ်လှည့်စီကြည့်ကာ ကျောပြင်တစ်လျှောက်အေးစိမ့်လာ၏။

အကြောင်းကား ဝိညာဉ်ဖြူလောကျင်းစုရိုက်ချခဲ့သောကျောက်စားပွဲ၌ လက်ဝါးရာတစ်ခုအား ထင်ရှားစွာ တွေ့မြင်လိုက်ရခြင်းကြောင့်ပင်။

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က သူမအား ကြည့်ကာ စိတ်ပျက်စွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

“ဆုတ်စမ်းကော့ကော့... မင်းက ဘာမှနားမလည်ဘဲ ဘာတွေလျှောက်ပြောနေတာလဲ... ဒီမှာလာထိုင်စမ်း”

အိုစမ်းကော့ကော့က သူ၏စကားကိုကြားလိုက်ရသောအခါ မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။ သူမသည် အကျပ်အတည်းတစ်ခုမှလွတ်မြောက်သွားသည့်အလား စိတ်သက်သာရာရရှိသွားလေသည်။

အမှန်တွင် သူမက ဝိညာဉ်ဖြူလောကျင်းစု၏အတွင်းအားမှ မည်မျှကြီးမားနေကြောင်း နားလည်လိုက်ရသည်မဟုတ်ပါလော။

ထို့ကြောင့် သူမက ဝိညာဉ်ဖြူလောကျင်းစုအား ရင်ဆိုင်ပါလျှင် ကျောက်နံရံအား ခေါင်းနှင့်ပြေးတိုက်သကဲ့သို့ဖြစ်လိမ့်မည်ကို ကြိုတင်နားလည်ထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမကစိန်ခေါ်ထားသဖြင့်နောက်ဆုတ်ရန်အခက်တွေ့နေစဉ်....

မီးလျှံဂိုဏ်းချုပ်ကြီး အိုရန်းတာ့၏စကားကို ကြားလိုက်ရသဖြင့် ကမန်းကတန်းနောက်ဆုတ်ကာ မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့၏နံဘေးရှိထိုင်ခုံတွင်ဝင်ရောက်ထိုင်ချလိုက်သည်။

သူမက ရင်ကော့ကာ လက်သီးလက်မောင်းတန်း၍ မခံချင်စိတ်ဖြင့်ပြောလိုက်ပြန်လေသည်။

"ခင်ဗျားကိုကျုပ်ကရင်ဆိုင်မလို့ဘဲ… ဒါပေမယ့် ကျုပ်အဘိုးရဲ့စကားကို မလွန်ဆန်နိုင်လို့ဆိုတာကို ခင်ဗျားနားလည်ထားပါ"

ယင်းအချိန် ကျာပွတ်အဆိပ်မယ်ကွမ်းစုစုက ရူးရှထက်မြက်သောမျက်လုံးအစုံဖြင့် သူမအားကြည့်လိုက်လေသည်။

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က လက်နှစ်ဖက်ဆုပ်ကာတောင်းပန်လိုက်လေသည်။

"ကျုပ်မြေးရဲ့မသိနားမလည်တဲ့မိုက်မဲမှုကို နားလည်ခွင့်လွှတ်ပေးပါလို့ မေတ္တာရပ်ခံပါတယ်"

သူက စကားဆက်လိုက်သည်။

"သူကကျုပ်ရဲ့တစ်ဦးတည်းသောသားရဲ့သမီးပါ၊ ကျုပ်သား သေဆုံးသွားတော့ သူ့သမီးကိုကျုပ်ကခေါ်ပြီးမွေးစားခဲ့ရတာပါ၊ ငယ်ငယ်ရွယ်ရွယ်မှာ မိဘနှစ်ပါးနဲ့ကင်းဝေးခဲ့ရတဲ့မြေးမလေးကို ကျုပ်



သိပ်အလိုလိုက်ခဲ့မိလို့ အခုလိုယောကျ်ားလေးမကျ မိန်းကလေး မကျဖြစ်နေတာလေ"

အဆိပ်မယ်ကွမ်းစုစုကမျက်မှောင်ကြုတ်လိုက်၏။

သူမက အိုစမ်းကေ့ကေ့အားတစ်ချက်လှမ်းကြည့်ကာ…

"နေပါဦး… သူ့အမေကကော"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့ သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း… သူ့အမေကလဲ သူ့အဖေမဆုံးခင်က သေဆုံးသွားခဲ့ပါတယ်"

ဟုရှင်းပြလိုက်လေသည်။ ကျာပွတ်အဆိပ်မယ်သည် အိုစမ်းကေ့ကေ့အားကြည့်ကာ ခေါင်းတညိတ်ညိတ်ဖြင့်ပြောလိုက်၏။

"ဩော်… ဩော်… သူက မိခင်ရင်အုပ်မှာမကြီးပြင်းခဲ့ရလို့ အခုလို ဟိုမကျ ဒီမကျဖြစ်နေတာကိုး"

အိုစမ်းကေ့ကေ့၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

ဝုန်းခန့်ထရပ်ကာ အဆိပ်မယ်ကွမ်းစုစုအား လက်ညှိုးငေါက်ငေါက်ထိုးကာအော်ဟစ်လိုက်၏။

"ခင်… ခင်ဗျား ဘာစော်ကားတာလဲ"

အိုစမ်းကေ့ကေ့သည် ပြောရင်း ရှေ့သို့ခြေတစ်လှမ်းတိုး၍ ဟန်ပြင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းစုစုကမဲ့ပြုံးပြုံးကာ ကျာပွတ်ကိုတစ်ချက်ငေ့ယမ်းလိုက်လေသည်။

သူမ၏ကျာပွတ်သည် အဆိပ်ပြင်းသောမြွေတစ်ကောင်ပမာ အိုစမ်းကေ့ကေ့၏ရှေ့တွင် လူးလာခေါက်တုံ့ဖြစ်နေလေသည်။

အိုစမ်းကေ့ကေ့ ဇက်ပုသွားရပြန်လေသည်။

သူမသည် စကားပြောရန်ပင် မဝံ့ရဲတော့ပါချေ။

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ကျာပွတ်အဆိပ်မယ်ကွမ်းစုစုအားကြည့်လိုက်သည်။

"ခင်ဗျားဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်နာမည်ကျော်ကြားနေတဲ့လူတစ်ယောက်ပါ၊ ဘာမှနားမလည်တဲ့ကလေးတစ်ယောက်ကို အခုလိုမခြိမ်းခြောက်သင့်ပါဘူး"

ကျာပွတ်အဆိပ်မယ်ကွမ်းစုစုက ကျာပွတ်ကို တစ်ချက် ခပ်ပြင်းပြင်းငေ့ယမ်းကာပြန်လည်သိမ်းထားလိုက်လေသည်။

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က အခန်းတစ်ခုလုံးအားမျက်လုံးတစ်ချက်ဝေ့ကြည့်လိုက်ပြီး....

"ဒါနဲ့ လက်နက်ပါရဂူကြီးကျူးဟိုင်မင်ကော အခုချိန်ထိရောက်မလာသေးပါလား"

ဟုပြောလိုက်လေသည်။

ဝိညာဉ်ဖြူလောကျင်းစုကခေါင်းညိတ်လိုက်၏။



ပြီးနောက် အေးတိအေးစက်လေသံဖြင့်....

"သူက အခုလက်နက်ပါရဂူကြီးဖူချင်းလွေနေထိုင်ခဲ့တဲ့ အိမ်ဂေဟာမှာနေပြီး လက်နက်ဆန်းတစ်ခုကိုတီထွင်နေတယ်၊ ဒါကြောင့်ဒီကိုမလာနိုင်ဘူးဆိုတာကို အကြောင်းကြားထားပါတယ်"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့ စိတ်ဝင်စားသွားမိ၏။

သူက မျက်ခုံးအစုံကိုပင့်ကာကြည့်လိုက်ပြီး....

"နေပါဦး... သူက ဘာလက်နက်တွေများ တီထွင်နေလို့လဲ"

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက ပခုံးတစ်ချက်တွန့်လိုက်လေသည်။

"အမှန်တော့ သူက လက်နက်တီထွင်ဖို့ထက် သူစွဲလန်းခဲ့ရတဲ့ကျင်းမေဆိုတဲ့မိန်းကလေးသေဆုံးသွားရတဲ့နေရာမှာ နေထိုင်ပြီးတိတ်တဆိတ်ကြေကွဲနေတာလေ၊ ဒါပေမယ့် ကျုပ်တို့ကိုကျတော့ဗျပ်စောင်းလက်နက်ဆန်းကိုတီထွင်တယ်လို့ပြောတာပဲ"

အိုစမ်းကေကေ့က သူ၏စကားကြောင့် အများကြီးစိတ်ဝင်စားသွားလေသည်။ သူမသည် ထိုင်ရာမှကာ ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုအားကြည့်လိုက်၏။

"ဒါက...."

သူမ၏စကားက တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားရလေသည်။ အကြောင်းကား....

www.burmeseclassic.com

www.burmeseclassic.com



ကျားပွတ်အဆိပ်မယ်ကွမ်းစုစုက ကေ့ကေ့အား မျက်လုံးပြူးကာကြည့်လိုက်သောကြောင့်ဖြစ်လေသည်။

မီးလျှံကိုဏ်းချုပ်ကြီးအိုရန်းတာ့က မြေးဖြစ်သူအားလှည့်ကြည့်လိုက်ပြီး....

"တော်စမ်း ကေ့ကေ့... လူကြီးစကားပြောတဲ့အထဲကို ဝင်မပါရဘူးလို့ ပြောထားတယ်မဟုတ်လား"

အိုစမ်းကေ့ကေ့ ပါးစပ်ပိတ်ထားလိုက်ရလေသည်။

မီးလျှံကိုဏ်းချုပ်ကြီးအိုရန်းတာ့က မိမိ၏မြေးမလေးမှာ နေရာတကာစပ်စုတတ်ပြီး စိတ်ထဲထင်ရာလျှောက်ပြောတတ်ကြောင်းသိရှိထားသဖြင့် ထိုနေရာနှင့်ဝေးဝေးနေရန် စိတ်ထဲမှတိတ်တဆိတ်ဆုံးဖြတ်ထားလိုက်ရ၏။ ထို့ကြောင့် သူက ဝိညာဉ်ဖြူကိုဏ်းချုပ်ကြီးလောကျင်းစုအားကြည့်ကာပြုံးပြလိုက်သည်။

"ဒါဆိုရင်လဲ ကျုပ်တို့က ဒီမရဏဖျပ်စောင်းနောက်ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့လိုက်စုံစမ်းရင် မကောင်းဘူးလား"

ဝိညာဉ်ဖြူကိုဏ်းချုပ်ကြီးလောကျင်းစုက သူ့အား စေ့စေ့ကြည့်လိုက်လေသည်။

"ခင်ဗျားစကားကဘာအဓိပ္ပာယ်လဲဗျ။ ကျုပ်တို့က ဒီဖျပ်စောင်းအတွက် တစ်ချိန်က စိတ်တူကိုယ်တူရယူဖို့ကြိုးစားခဲ့ကြတယ်၊ အခုကျတော့ ခင်ဗျားကသီးခြားခွဲထွက်ချင်တဲ့သဘောလား"



မီးလျှံကိုဏ်းချုပ်ကြီး အိုရန်းတာ့မျက်နှာကွက်ခနဲပျက်သွားလေသည်။ ချက်ချင်းပင် ဣန္ဒြေဆည်ကာ ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်ပြောတာက ဒီလိုသဘောမဟုတ်ပါဘူးဗျာ... အထင်မလွဲပါနဲ့"

"ဒါဖြင့် ဘယ်လိုသဘောမျိုးလဲ"

မီးလျှံကိုဏ်းချုပ်ကြီးအိုရန်းတာ့က အနည်းငယ်စဉ်းစားပြီးမှ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အင်း... ဒီမရဏဖျပ်စောင်းပြန်ပေါ်လာပုံက ထူးခြားနေတယ်လို့ကျုပ်ယူဆမိတယ်"

ကျားပွတ်မယ်ကွမ်းစုစုက မျက်မှောင်ကုပ်လိုက်ပြီး....

"နေပါဦး... ဘယ်လိုထူးခြားတာလဲ"

မီးလျှံကိုဏ်းချုပ်ကြီးအိုရန်းတာ့ သက်ပြင်းတစ်ချက်ချကာ

"ဒီဖျပ်စောင်းပျောက်ဆုံးနေတာ ဆယ်နှစ်တိတိရှိခဲ့ပြီ၊ အမှန်တကယ်ဆိုရင် ဒီဖျပ်စောင်းကိုသိုင်းလောကသားတိုင်းက မက်မောနေကြတာပဲ၊ ဒါကိုတောင်မှ ဖျပ်စောင်းပိုင်ရှင်က လက်ထဲမှမထားဘဲ လေလံတင်ရောင်းချခဲ့တယ်၊ နောက်ပြီး လျှံငွေဆယ်သိန်းကိုတောင်မှယူမသွားဘူးဆိုတော့ ဒါဟာ သိုင်းလောကသားတွေအချင်းချင်း ဒီဖျပ်စောင်းကြောင့်ဟိုက်ခိုက်ကြအောင်လုပ်တာနဲ့အတူတူပဲ မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့်… ကျာပွတ်အဆိပ်မယ်ကွမ်းစုစု တွေဝေသွားလေသည်။ သူက အနည်းငယ်စဉ်းစားလိုက်သည်။

ထို့နောက် ခေါင်းခါယမ်းလိုက်ပြီး….

"ဘာပဲဖြစ်ဖြစ် အခု ဒီဗျပ်စောင်းနောက်ကို ကျွန်မတို့ဝိညာဉ်ဖြူဂိုဏ်းကခြေရာခံပြီးလိုက်မယ်လို့ ဆုံးဖြတ်ထားတယ်"

အိုစမ်းကေ့ကေ့က ရင်ကော့လိုက်သည်။

ပြီးတော့ အဘိုးဖြစ်သူအိုရန်းတာ့အားကြည့်ကာ….

"ဘိုးဘိုး ကျွန်တော်လဲ ဒီဗျပ်စောင်းကိုရအောင်ယူပြမယ်"

ဟု မခံချင်စိတ်ဖြင့်ပြောလိုက်၏။ ယင်းအချိန်တွင် ဝိညာဉ်ဖြူလောကျင်းစုနောက်တွင်ရပ်နေသော ကိုယ်ရံတော်နှစ်ယောက်က ရှေ့သို့တိုးထွက်လိုက်သည်။ သူတို့သည် လောကျင်းစုအား လက်နှစ်ဖက်ဆုပ်ကာဂါရဝပြုလိုက်၏။

"ဂိုဏ်းချုပ်ကြီး… ကျွန်တော်တို့လဲ ဒီဗျပ်စောင်းကို ရအောင်ယူပြပါ့မယ်"

ဟု ပြိုင်တူပြောလိုက်လေသည်။ အမှန်တွင် သူတို့က လောကျင်းစုအားပြောလိုက်ခြင်းဖြစ်သော်လည်း သူတို့၏မျက်လုံးများကမူ အိုစမ်းကေ့ကေ့၏မျက်နှာပေါ်တွင် ကျရောက်နေလေသည်။

သူတို့၏မျက်လုံးများတွင် ရမ္မက်၏အရိပ်အယောင်များကို တွေ့မြင်နေရ၏။



အိုစမ်းကေ့ကေ့သည် ယောကျ်ားလျာလေးတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် သူမက ယောကျ်ားလေးတစ်ယောက်ကဲ့သို့ သာဝတ်ဆင်ထားလေသည်။

သို့သော် သူမ၏လှပကြော့ရှင်းသောခန္ဓာကိုယ်နှင့်ချောမောနုနယ်သည့်မျက်နှာလေးက မိန်းကလေးတစ်ယောက်၏သရုပ်မှန်ကိုဖော်ပြထားသကဲ့သို့ရှိနေလေသည်။

သူမက မိမိအား ပြူးတူးပြဲတဲဖြင့်ကြည့်ကာပြုံးဖြီးဖြီးလုပ်နေကြသော ဝိညာဉ်ဖြူဂိုဏ်းချုပ်၏ကိုယ်ရံတော်နှစ်ယောက်အားမျက်လုံးပြူးကာကြည့်လိုက်၏။

"နေပါဦး… ခင်ဗျားတို့ကဘယ်သူတွေလဲ"

ကိုယ်ရံတော်နှစ်ယောက်က သူမအား ပြုံးစေ့စေ့ဖြင့်ကြည့်နေကြသည်။ တစ်ယောက်က ရှေ့သို့တိုးထွက်လာကာ မိမိကိုယ်မိမိ မိတ်ဆက်လိုက်၏။

"အစ်ကိုကြီးနာမည်ကချူးယုံပါ… အစ်ကိုကြီးကဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးရဲ့ညာလက်ရုံးပါ"

ကျန်တစ်ယောက်လည်း ရှေ့သို့တိုးထွက်လာပြီး မိမိကိုယ်ကိုမိတ်ဆက်ပေးလိုက်ပြန်၏။

"အစ်ကိုလေးနာမည်ကချူးဟုန်တဲ့၊ အစ်ကိုလေးကဝိညာဉ်ဖြူဂိုဏ်းချုပ်ရဲ့ဘယ်လက်ရုံးလေ"

www.burmeseclassic.com

www.burmeseclassic.com



အိုစမ်းကေ့ကေ့က သူတို့နှစ်ယောက်အား မျက်တောင်မခတ်ဘဲစိုက်ကြည့်လိုက်လေသည်။ ချူးယုံနှင့်ချူးဟန်တို့မျက်နှာများမှာ လူသေကောင်များသဖွယ် ဖြူဖပ်ဖြူရော်ဖြစ်နေကြပြီး မျက်လုံးများမှာနီရဲနေကြ၏။ ထို့ကြောင့် သူတို့ကိုကြည့်လိုက်လျှင် ငရဲပြည်မှလာသောတစ္ဆေသရဲများနှင့်တူလှပေသည်။

အိုစမ်းကေ့ကေ့က သူတို့အားကြည့်ကာ ပျို့အန်ချင်လာ၏။

"ဝေါ့... ထွီ"

သူမက ကုလားထိုင်ပေါ်ဆောင့်ကြောင်ထိုင်ကာ ပျို့အန်လိုက်လေသည်။ ချူးယုံနှင့်ချူးဟန်တို့က သွားဖြဲ ရယ်မောလိုက်ကြ၏။

"ဟဲ... ဟဲ... ဟဲ... ညီမလေး နေမကောင်းရင် အစ်ကိုကြီးတို့က ကူညီပေးမယ်လေ"

ပြောပြီး ရှေ့တိုးရန်ဟန်ပြင်လိုက်သည်။

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့၏မျက်နှာတစ်ခုလုံးမှာ နီရဲသွားလေသည်။ သူသည် မိမိ၏မြေးမလေးအား ဤနေရာသို့ ခေါ်ဆောင်လာမိသည်မှာမှားပြီဟု ရင်ထဲ၌ခံစားလိုက်ရလေသည်။

ဝိညာဉ်ဖြူလောကျင်းစုက သူ၏ရင်ထဲမှခံစားချက်ကို သိရှိဟန်တူလေသည်။ သူက မိမိ၏တပည့်နှစ်ယောက်အား လက်ကာပြလိုက်သည်။



"နေကြစမ်း"

အမှန်တွင်... သူသည် အိုရန်းတာ့တို့မြေးအဘိုးနှစ်ယောက်အပေါ် တာဝန်ရှိ၍မဟုတ်ပါချေ။ ဗျပ်စောင်းအတွက် ဆွေးနွေးပွဲပျက်သွားမည်ကိုစိုးရိမ်၍ဖြစ်၏။

ချူးယုံနှင့်ချူးဟန်တို့နှစ်ယောက် ကိုယ်ရှိန်သတ်လိုက်ရသည်။ ဝိညာဉ်ဖြူလောကျင်းစုက မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့အားကြည့်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီးအိုရန်းတာ့... ဒီဗျပ်စောင်းနောက်ကို ကျုပ်တို့ ပူးပေါင်းပြီးလိုက်ကြရင် မကောင်းဘူးလား"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ခေါင်းခါယမ်းလိုက်၏။

"မကောင်းဘူး"

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစု မျက်မှောင်ကုပ်လိုက်သည်။

"နေပါဦး... ဘာဖြစ်လို့လဲ"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က သူ့အား စိုက်ကြည့်လိုက်၏။

"ဗျပ်စောင်းဟာ အခု ကျုပ်တို့ရဲ့မိတ်ဆွေကြီး စွန်းကုဝေရဲ့လက်ထဲရောက်နေတယ်၊ ဒါကြောင့် ကျုပ်တို့က တစ်စုတစ်ဝေးတည်း သွားရင် သူကသိမှာပဲ... ဒီတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့သွားကြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက....

"ခင်ဗျား စဉ်းစားပါဦး... ဒီကိစ္စဟာ တစ်ဦးတစ်ယောက် ချင်းလိုက်နေတာထက် စုပေါင်းအင်အားကိုသုံးသင့်တာပေါ့"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးဘူး... ဒီဗျပ်စောင်းထွက်ပေါ်လာဖို့က ကောင်းတဲ့လက္ခဏာမဟုတ်ဘူးနော်"

ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက ဗိုဇ်မျက်မှောင် ကုပ်သွားပြန်လေသည်။

"ခင်ဗျားစကားက ဘာအဓိပ္ပာယ်လဲ"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ရှင်းပြလိုက်လေသည်။

"ခင်ဗျား စဉ်းစားကြည့်ပေါ့... တစ်ချိန်က ကျုပ်တို့လူစုက ဒီဗျပ်စောင်းနောက်ကိုလိုက်ခဲ့ကြတယ်၊ ဒီဗျပ်စောင်းရဲ့အရှင်သခင် မိသားစုက သေဆုံးခဲ့ရတယ်၊ နောက်ဆုံး ဒီဗျပ်စောင်းဟာ လက်နက် ပါရဂူရဲ့သမီးလေးနဲ့အတူ ရေတံခွန်ထဲကျသွားခဲ့တယ်"

သူကစကားဆက်လိုက်၏။

"ဒါကြောင့် ဒီဗျပ်စောင်းဟာ ဖူချင်းလွေရဲ့သမီးနဲ့အတူ ရေ အောက်မှာပျောက်ဆုံးသွားပြီလို့မှတ်ယူထားကြတယ်၊ ဒါပေမဲ့ အခု ဒီဗျပ်စောင်းပြန်ပေါ်လာပြီ... ဒါ ဖူချင်းလွေရဲ့သမီး အသက်ရှင်လျက် ရှိတယ်ဆိုတဲ့သဘောပဲ"



အဆိပ်ကျာပွတ်မယ်ကွမ်းစုစုက ခေါင်းညိတ်လိုက်သည်။ တစ်ဖန် မဲ့ပြုံးပြုံးကာကြားဝင်ပြောလိုက်၏။

"ဖြစ်နိုင်တယ် ဘာဖြစ်လို့လဲဆိုတော့ ဗျပ်စောင်းလာရောင်း သွားတဲ့လူဟာ မိန်းကလေးတစ်ယောက်လို့ပြောတယ်"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့၏မျက်နှာတစ်ခုလုံးမှာ တည် ကြည်လေးနက်လာလေသည်။

"ဒါဆိုရင် အဲဒီမိန်းကလေးက သူ့မိသားစုအတွက်ကလဲ့စား ချေဖို့ဗျပ်စောင်းကို တည်ကြက်လုပ်လိုက်တဲ့သဘောကော မဖြစ်နိုင် ဘူးလား"

အဆိပ်ကျာပွတ်မယ်ကွမ်းစုစု မျက်မှောင်ကုပ်ကာစဉ်းစား လိုက်သည်။ တစ်ခဏကြာမှ သူမသည်ခေါင်းညိတ်ကာ....

"ဖြစ်နိုင်ပါတယ်"

ဟုပြောရင်း ပခုံးတစ်ချက်တွန့်လိုက်၏။

"ဒါပေမယ့် ဒီလောက်အကောင်သေးသေးလေးကို ကျွန်မ တို့က ဂရုစိုက်ရမှာလား"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ခေါင်းတွင်တွင်ခါယမ်း လိုက်၏။

"မဟုတ်သေးဘူး... အကောင်သေးပေမယ့် အဆိပ်ပြင်းတဲ့ သတ္တဝါတွေအများကြီးရှိသလိုပဲ... သူ့ကိုကျုပ်တို့ပေါ့ဆလို့မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝိဉာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက အားပါးတရ ရယ်မောလိုက်လေသည်။

"ဟား... ဟား... ဟား"

သူ၏အော်ရယ်သံမှာ ကျယ်လောင်စူးရှလွန်းသဖြင့် အိုစမ်းကေ့ကေ့မှာနားများအူသွားကာ လက်နှစ်ဖက်ဖြင့်ကမန်းကတန်းပိတ်ထားလိုက်ရလေသည်။ အတန်ကြာမှ ဝိဉာဉ်ဖြူဂိုဏ်းချုပ်ကြီး လောကျင်းစုက ရယ်မောရာမှရပ်တန့်လိုက်၏။ ပြီးနောက် မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့အားကြည့်ကာ....

"ဂိုဏ်းချုပ်ကြီးအိုရန်းတာ့... ခင်ဗျားကိုကြည့်ရတာ သွေးပျက်နေသလိုပဲ"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့ကခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးပါဘူး... ဘယ်ကိစ္စမဆို သတိထားသင့်တယ်၊ နောက်ပြီး ကျုပ်တို့က မိတ်ဆွေကြီးကျူးဟိုင်မင်ကိုလဲသတိပေးသင့်ပါတယ်"

ဝိဉာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက ခေါင်းခါလိုက်၏။

"ဘာပဲဖြစ်ဖြစ်... ကျုပ် ဇျပ်စောင်းကိုရအောင်ကြိုးစားမယ်၊ ပြီးရင် သိုင်းလောကတစ်ခုလုံးကိုစိုးမိုးပစ်မယ်"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့သည် မြေးမလေးအိုစမ်းကေ့ကေ့၏လက်ကိုဆွဲကိုင်ကာ ထိုင်ရာမှထရပ်လိုက်လေသည်။



"ကဲ... ညဉ့်နက်လှပြီ၊ ကျုပ်တို့ကိုပြန်ခွင့်ပြုပါဦး"

ဝိဉာဉ်ဖြူဂိုဏ်းချုပ်ကြီးလောကျင်းစုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း လှောင်ပြုံးပြုံးလိုက်သည်။

"ခင်ဗျားကို လက်နက်ပါရဂူကြီးဖူချင်းလွေရဲ့သမီးကလာပြီး အန္တရာယ်ပြုဦးမယ်နော်၊ သတိထား သွားဦး"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့ စကားမပြောတော့ပါ။ သူသည် မြေးမလေးအိုစမ်းကေ့ကေ့၏လက်ကိုဆွဲကာ ထွက်ခွာခဲ့လေတော့၏။

ဝဝဝဝ

www.burmeseclassic.com

www.burmeseclassic.com



နေရာကား မီးလျှံဂိုဏ်း၏ဌာနချုပ်တွင်ဖြစ်သည်။

အချိန်ကား ညဥ့်လယ်ယံဖြစ်သဖြင့် ဂိုဏ်းချုပ်ကြီးအိုရန်းတာ့သည် မိမိ၏ဌာနချုပ်သို့ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် အိပ်ရာဝင်ခဲ့၏။ သူသည် အိပ်ရာထက်တွင် လဲလျောင်းနေသော်လည်း ဘယ်ညာလူးလှိမ့်ကာ အိပ်မပျော်နိုင်ဘဲရှိနေသည်။

ထိုအခိုက် ရုတ်တရက်တံခါးခေါက်သံထွက်ပေါ်လာ၏။

"ဒေါက်… ဒေါက်… ဒေါက်"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့ မျက်မှောင်ကုပ်လိုက်သည်။

"ဘယ်သူလဲ"

တံခါးရွက်အပြင်ဘက်မှအသံက….

"ဘိုးဘိုး… ကျွန်တော်ပါ"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ပို၍မျက်မှောင်ကုပ်လိုက်၏။

"အိုစမ်းကေ့ကေ့… မအိပ်သေးဘူးလား မြေးလေး"



တံခါးရွက်အပြင်ဘက်မှအသံက….

"ကျွန်တော်က ဘိုးဘိုးကိုနှိပ်ပေးချင်လို့ပါ"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ပြုံးလိုက်သည်။ အလွန်ကျေနပ်သောအပြုံးမျိုး ဖြစ်၏။

"ငါ့မြေးက ဘာတွေစပ်စုချင်လို့လဲ"

တံခါးရွက်အပြင်ဘက်မှ ခြေတစ်ချက်ဆောင့်သံ ကြားလိုက်ရ၏။

"ဘိုးဘိုး… ကျွန်တော် ဝင်မလာရဘူးလား"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က သက်ပြင်းတစ်ချက်ချကာ ခေါင်းခါယမ်းလိုက်လေသည်။

"ဟေ့… ဟေ့… ငိုတော့မငိုလိုက်ပါနဲ့ကွာ… ဝင်ခဲ့ပါ… တံခါး ဇွေရုံဇွေထားတာပါ"

တံခါးပွင့်သွားပြီး အိုစမ်းကေ့ကေ့ဝင်ရောက်လာလေသည်။ သူမက အဘိုးဖြစ်သူ၏ခုတင်ပေါ်တွင်ထိုင်ကာ လက်သီးဆုပ်ကလေးများဖြင့် ထုရိုက်နှိပ်နယ်ပေးနေ၏။ မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က မျက်လုံးမှိတ်ကာငြိမ်သက်နေ၏။ တစ်ခဏအကြာ အိုစမ်းကေ့ကေ့က အဘိုးဖြစ်သူအား အကဲခတ်ကြည့်လိုက်ပြီး….

"ဘိုးဘိုး… ဒီဗျပ်စောင်းကို ဘာဖြစ်လို့လူတွေက လိုချင်နေကြတာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ပြုံးလိုက်သည်။

သူသည် အိုစမ်းကေ့ကေ့ဝင်ရောက်လာစဉ်ကပင် တစ်စုံတစ်ခုကိုမေးမြန်းလိုကြောင်းသဘောပေါက်ထားသည်။

ထို့ကြောင့် သူကပြုံးလိုက်မိခြင်းဖြစ်သည်။

"ဒီလိုမြေးရဲ့… ဒီဗျပ်စောင်းဟာ အလွန်လျှို့ဝှက်ဆန်းကြယ်ပြီးထူးခြားတဲ့အစွမ်းတွေရှိနေတယ်၊ ဒါကြောင့်လဲ သိုင်းလောကသားတွေက မက်မောနေကြတာပေါ့"

အိုစမ်းကေ့ကေ့က မျက်မှောင်ကုပ်လိုက်သည်။

ပြီးနောက် ရုတ်တရက်တစ်စုံတစ်ခုကိုသတိရကာ….

"ဒါနဲ့ဘိုးဘိုးတို့လူစုကြောင့် ဒီလက်နက်ပါရဂူရဲ့မိသားစုတွေ သေဆုံးသွားရတယ်ဟုတ်လား ဘိုးဘိုး"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့်ဟန်မူရာများပေါ်လွင်လာလေသည်။

"ဘိုးဘိုးတို့က အဲဒီတုန်းက ဗျပ်စောင်းလက်နက်ကိုလိုချင်လို့သာ သွားခဲ့တာပါ၊ သူတို့ကိုသတ်ဖို့မရည်ရွယ်ပါဘူး၊ ဒါပေမယ့် ဝိဇ္ဇာဥ်ဂိုဏ်းချုပ်ကြီးနဲ့ဖန်းတို့က ဗျပ်စောင်းကိုလက်လွှတ်ရမှာစိုးလို့ သတ်ပစ်လိုက်ကြတယ်လေ"

အိုစမ်းကေ့ကေ့ သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အင်း… သူတို့မိသားစုက ဟာကယ်သနားစရာပဲပေါ့နော်"



မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က မချိပြုံးပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အခု သူတို့ရဲ့သမီးက ဘိုးဘိုးတို့ကို သတ်ဖို့လိုက်ရှာနေပြီ"

အိုစမ်းကေ့ကေ့ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… ဘိုးဘိုးတို့က သူတို့ဘဝပျက်အောင် လုပ်ခဲ့ကြတာကိုး"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က တည်ကြည်လေးနက်သောမျက်နှာထားဖြင့် ပြောလိုက်လေသည်။

"ဒီနေ့ကစပြီး ဘိုးဘိုးတို့ဂိုဏ်းမှာ ကာကွယ်ရေးအစီအစဉ်တွေကို အခုထက်ပိုပြီး ကြပ်ကြပ်မတ်မတ်စောင့်ကြပ်ရလိမ့်မယ်၊ နောက်ပြီး ယူနန်နယ်စပ်ရဲ့လွင်ပြင်ထဲကိုရောက်နေတဲ့ လက်နက်ပါရဂူကြီးကျူးဟိုင်မင်ကိုလဲလိုက်ရှာပြီး ဒီကိစ္စကိုသတိပေးရဦးမယ်"

အိုစမ်းကေ့ကေ့၏မျက်လုံးများက တစ်ချက်ဝင်းလက်တောက်ပသွား၏။

"ဘိုးဘိုး… အဲဒီနေရာကို ကျွန်တော်သိတယ်၊ ကျွန်တော် အဲဒီကျူးဟိုင်မင်ဆိုတဲ့လူကြီးကို သွားရှာပေးရမလား"

မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့က ကမန်းကတန်း လက်ကာပြလိုက်သည်။ ထို့နောက် အိုစမ်းကေ့ကေ့ကိုကြည့်ကာ လေးလေးနက်နက်ဟန့်တားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး... ဒီကိစ္စကို လုံးဝစိတ်မဝင်စားနဲ့နော်၊ ဒီကိစ္စဟာ အင်မတန်အန္တရာယ်ကြီးတယ်... ဒါကြောင့် လုံးဝမပတ်သက်ပါနဲ့"

အိုစမ်းကျေ့ကျေ့ကပြုံး၍ ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ပါဘိုးဘိုး"

သူမက ယင်းသို့ပြောလိုက်သော်လည်း သူမ၏ဦးနှောက်ထဲတွင် လျှို့ဝှက်လှသောမရဏဇာဖျပ်စောင်းအကြောင်းကိုသိအောင် ကြိုးစားမည်ဟုကြံစည်ထားလိုက်လေတော့သည်။

၀၀၀၀



နေဝန်းနီသည် အရှေ့ဘက်မှထွက်ပေါ်လာပြီဖြစ်၏။

နေဝန်းနီထွက်ပေါ်လာသည်နှင့် နွေးထွေးသောနေရောင်ခြည်များ ကမ္ဘာမြေပေါ်သို့ကျရောက်လာပြီး ဝန်းကျင်တစ်ခုလုံး လင်းလင်းချင်းချင်းဖြစ်လာလေသည်။

နွေးထွေးသောနေရောင်ခြည်အောက်တွင် ယူနန်လွင်ပြင်ဆီသို့ ဦးတည်၍သွားသည့်လမ်းမကြီးပေါ်တွင် မြင်းစီးလူရွယ်တစ်ယောက်က မြင်းကိုဒုန်းစိုင်းနှင်ကာလာလေသည်။

အမှန်တွင်... ထိုလူရွယ်မှာ ယောကျ်ားလေးတစ်ယောက် မဟုတ်ပါ။

မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက် အသွင်ဝတ်ဆင်ထားခြင်းဖြစ်သည်။

တစ်နည်းဆိုလျှင်... ဤမိန်းကလေးသည် ယောကျ်ားလေးစိတ်ပေါက်နေသော မီးလျှံဂိုဏ်းချုပ်ကြီး အိုရန်းတာ၏မြေးကလေး အိုစမ်းကျေ့ကျေ့ပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မနေ့ညဆီက အဘိုးဖြစ်သူနှင့် ဝိညာဉ်ဖြူဂိုဏ်းချုပ်ကြီးတို့၏စကားများကိုကြားလိုက်ရပြီးသည့်အချိန်မှစ၍ လျှို့ဝှက်ဖျပ်စောင်းကိုစိတ်ဝင်စားလာမိလေသည်။

ထို့ပြင်... လက်နက်ပါရဂူကြီးကျူးဟိုင်မင် တီထွင်သည်ဆိုသောဖျပ်စောင်းလက်နက်ဆန်းကိုလည်း စိတ်ဝင်စားလာမိ၏။

တစ်ဖန် ညဘက်တွင် အဘိုးဖြစ်သူက လက်နက်ပါရဂူကြီးကျူးဟိုင်မင်အား မရဏဖျပ်စောင်းပြန်လည်ထွက်ပေါ်လာခြင်းနှင့်ပတ်သက်၍ သတိပေးလိုသည့်ဆန္ဒရှိသည်ကိုသိရှိလိုက်သဖြင့် ယခုကဲ့သို့ မီးလျှံဂိုဏ်းချုပ်၏ဌာနချုပ်မှ တိတ်တဆိတ်ထွက်လာခဲ့ခြင်းဖြစ်လေသည်။

ယခု သူမသည် ယောကျ်ားလေးတစ်ယောက်အသွင် ဝတ်ဆင်လာခဲ့သဖြင့် လမ်းခရီးတစ်လျှောက် မည်သည့်အနှောင့်အယှက်ကိုမျှမတွေ့ရချေ။ ထို့ကြောင့် စိတ်လွတ်ကိုယ်လွတ်ဖြင့် မြင်းကိုဒုန်းစိုင်းမောင်းနှင်လာခဲ့ခြင်းဖြစ်လေတော့သည်။

oooo



အိုစမ်းကေ့ကေ့သည် မြင်းကိုဒုန်းစိုင်း၍မောင်းနှင်ခဲ့ရာ နှစ်ရက် နှစ်ညသို့ကျော်လွန်လာသောအခါ ယူနန်လွင်ပြင်နှင့်နီးကပ်လာပြီဖြစ်၏။ ထိုအခါ သူမသည် အလွန်လှပသောရေတံခွန်တစ်ခုကိုတွေ့မြင်လိုက်ရသဖြင့် မြင်းကိုရပ်တန့်ကာ ရေတံခွန်၏အလှကိုငေးမောခံစားနေမိလေသည်။

ယင်းရေတံခွန်မှရေကျသံသည် ဝန်းကျင်တစ်ခုလုံးအားကမ္ဘာပျက်မတတ်ထင်ရလောက်အောင် ဆူညံ၍နေလေသည်။

အိုစမ်းကေ့ကေ့ရောက်ရှိနေသောနေရာသည် ရေတံခွန်နှင့်ခရီးတစ်လီခန့်အကွာ၌ရှိနေသော်လည်း ရေကျသံများကိုကြားနေရ၏။ ထို့ပြင် ယင်းအကွာအဝေးမှမြင်တွေ့နေရသောရေတံခွန်သည် အလွန်လှပသောပန်းချီကားတစ်ချပ်ပမာရှိနေလေသည်။

သူမက ကျေနပ်စွာပြုံးလိုက်မိ၏။

ဤမျှ လှပသာယာသော သဘာဝတောတောင်ရေမြေ... သူမသည် တစ်ကြိမ်တစ်ခါမျှမတွေ့မြင်ခဲ့ဘူးပါချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်... မြင်းဇက်ကြိုးကိုသစ်ပင်တစ်ပင်တွင်ချည်ပြီး ရုတ်တရက်မြေပြင်အား ခြေထောက်တစ်ချက်ဆောင့်လိုက်၏။

သူမ၏ခန္ဓာကိုယ်သည် လေထဲလွင့်ပျံ့ဝဲသွားပြီး သစ်ပင်တစ်ပင်၏အကိုင်းကြီးတစ်ခုပေါ်သို့ရောက်ရှိသွားလေသည်။ သူမသည် ထိုအကိုင်းပေါ်တွင် ခြေထောက်ကိုတွဲလောင်းချ၍ထိုင်ကာ ရေတံခွန်ဘက်သို့မျှော်ကြည့်လိုက်၏။

ထိုအခါ သူမ၏မြင်ကွင်းသည် ပို၍ပီပြင်လာလေသည်။ သူမသည် သာယာလှပလွန်းသော ရေတံခွန်မှရေများအဆင့်ဆင့်ကျနေပုံကိုကြည့်ကာ ကဗျာစပ်ရန်စိတ်ကူးပေါ်လာသည်။

သူမသည် မိန်းကလေးတစ်ယောက်ဖြစ်၏။

သို့သော် ယောကျ်ားလေးစိတ်ပေါက်နေသည့်မိန်းကလေးတစ်ယောက်သာဖြစ်လေသည်။ တစ်နည်းဆိုရပါလျှင် မိန်းကလေးမဟုတ်သောမိန်းကလေးဖြစ်သည်။

မှန်ပါသည်။ သူမသည် တခြားမိန်းကလေးများနှင့်မတူဘဲ အလွန်ထူးခြားသောမိန်းကလေးတစ်ယောက်ဖြစ်၏။ သူမသည် ယောကျ်ားလေးတစ်ယောက်ကဲ့သို့ အမြန်ဆုံးသောမြင်းကိုမှ စီးချင်သည်။ အမြင့်ဆုံးသောတောင်ကိုမှတက်ချင်သည်။

အချဉ်အစပ်ပါသောဟင်းကိုမှစားချင်သည်။ အပြင်းဆုံးသောအရက်ကိုမှသောက်ချင်သည်။



ထို့မျှမက စွန့်စွန့်စားစား အလုပ် မျိုးကိုလည်းလုပ်ချင်သည်။ တစ်ဖန် ယောကျ်ားလေးတစ်ယောက် အသွင်ဖြင့်နေထိုင်လိုသည်။ မည်သို့ပင်ဆိုစေ... မိန်းကလေးသည် မိန်းကလေးသာဖြစ်ပါ၏။

ထို့ကြောင့် သူမသည် အလွန်လှပသောသဘာဝရှုခင်းကို တွေ့မြင်ရသောအခါ ကာရန်လှပသောကဗျာများကိုစပ်ချင်လာမိလေသည်။ သူမသည် ပညာတတ်သောမိန်းကလေးဖြစ်၏။

ထို့ပြင် စာပေအနုပညာကိုလည်းဝါသနာထုံသည်။ သို့သော် တစ်ကြိမ်တစ်ခါမျှ ကဗျာမစပ်ခဲ့ဘူးပါ။ ယင်းကြောင့် မည်သည့်နေရာမှစ၍ ကဗျာစပ်ရမည်ကိုမသိပါ။

သူမသည် ကြည်လင်တောက်ပသောမျက်လုံးများနှင့် ရေတံခွန်ကြီးကိုကြည့်ကာ ငေးငိုင်နေမိလေ၏။

ရုတ်တရက် သူမ၏မျက်လုံးအစုံတွင် ထူးဆန်းသောဟန်မူရာများပေါ်လွင်လာလေသည်။ အကြောင်းကား သူမ၏မြင်ကွင်းထဲသို့ လူတစ်ယောက်ဝင်ရောက်လာသည်ကိုတွေ့မြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

ထိုလူ၏ခန္ဓာကိုယ်ပေါ်တွင် အနက်ရောင်ဝတ်စုံကိုဝတ်ဆင်ထားပြီး လက်ထဲတွင် ဗျပ်စောင်းတစ်လက်ပိုက်ထားလေသည်။

ကျန်လက်တစ်ဖက်တွင်မူ ခေါက်စားပွဲတစ်လုံးကိုသယ်ဆောင်ကာ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် အသက်လေးဆယ်ကျော်ခန့်ရှိပြီဖြစ်ပြီး မျက်လုံးအစုံကရှုးရှတောက်ပနေလေသည်။ ဤမျှ ရှုးရှတောက်ပသော မျက်လုံးအစုံတွင် ရက်စက်ကြမ်းကြုတ်သည့်ဟန်မူရာများရှိနေသည်ဟုတွေ့မြင်သတိပြုမိ၏။

ယင်းအချိန် ထိုလူသည် ရေတံခွန်ဘက်ဆီသို့တစ်ချက်လှမ်းကြည့်ကာခေါက်စားပွဲကိုဖြန့်ခင်းလိုက်၏။ ပြီးနောက် ဗျပ်စောင်းကိုစားပွဲပေါ်တင်ကာ စတင်တီးခတ်လိုက်လေတော့သည်။

ဝဝဝဝ



ဗျပ်စောင်းသံသည် သာယာငြိမ့်ညောင်းသောသံစဉ်တစ်ခုအဖြစ်ထွက်ပေါ်လာလေသည်။ သို့သော် မေတ္တာဘွဲ့အလွမ်းတေးတစ်ပုဒ်ကိုတီးခတ်နေခြင်းဖြစ်သည်။

အိုစမ်းကော့ကော့ အလွန်ပင်အံ့ဩသွားမိ၏။ ဤမျှရုပ်ရည်ကြမ်းတမ်းသောလူတစ်ယောက်က အဘယ်ကြောင့် လွမ်းတေးတစ်ပုဒ်ကိုတီးခတ်နေရပါသနည်း။

ရုတ်တရက် သူမသည် ဝိဉာဉ်ဖြူကိုဏ်းချုပ်ကြီးလောကျင်းစုပြောခဲ့သည့်စကားများကို ပြန်လည်အမှတ်ရလာလေသည်။

"အမှန်တော့ သူကလက်နက်တီထွင်ဖို့ထက် သူစွဲလန်းခဲ့ရတဲ့ ကျင်းမေဆိုတဲ့မိန်းကလေး သေဆုံးသွားတဲ့နေရာမှာနေထိုင်ပြီး တိတ်တဆိတ်ကြေကွဲနေတာလေ၊ ဒါပေမယ့် ကျုပ်တို့ကိုတော့ ဗျပ်စောင်းလက်နက်တီထွင်ပေးမယ်လို့ပြောတာပဲ"

သူမသည် ယင်းစကားစုများကို ပြန်ကြားလာမိသောအခါ ရင်ထဲ၌တစ်ချက်လှုပ်ရှားသွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ... ဒီလူကလက်နက်ပါရဂူကျူးဟိုင်မင်ပဲ"

သူမ လွှတ်ခနဲရေရွတ်လိုက်မိ၏။

ယင်းသို့ရေရွတ်လိုက်မိသည်နှင့်တစ်ပြိုင်နက် ရုတ်တရက် ဗျပ်စောင်းက တိခနဲပြတ်တောက်သွားလေသည်။

တစ်ဆက်တည်းမှာပင်....

ဗျပ်စောင်းတီးနေသောကျူးဟိုင်မင်က ချာခနဲလှည့်ကာ....

"ဘယ်သူလဲ... ထွက်ခဲ့စမ်း"

သူ၏အော်ဟစ်သံမှာ ကျယ်လောင်လွန်းလှသဖြင့် ဝန်းကျင်တစ်ခုလုံးပဲ့တင်ထပ်သွားလေသည်။ အိုစမ်းကေ့ကေ့ ထိတ်လန့်တုန်လှုပ်သွားလေသည်။ သူမသည် တွဲလောင်းချထားသော ခြေနှစ်ဖက်ကို ကမန်းကတန်းဆွဲယူကာသစ်ပင်ပေါ်တင်လိုက်၏။

သူမ၏လှုပ်ရှားမှုမှာလျင်မြန်သည်။ တိကျသည်။ သို့သော် ကျူးဟိုင်မင်က မျက်မှောင်ကုပ်လိုက်၏။ အလွန်တိုးညင်းသောလေတိုးသံတစ်ခုကို သူကြားလိုက်ရ သည်မဟုတ်ပါလော။

သူသည် အတွေ့အကြုံရင့်ကျက်သောလူတစ်ယောက်ဖြစ်၏။ ထို့ကြောင့် ဤလေတိုးသံမှာ အဝတ်လေတိုးသံဖြစ်ကြောင်း သဘောပေါက်နားလည်လိုက်လေသည်။ ထို့ကြောင့် သူသည် ဤအနီးအနားတစ်ဝိုက်တွင် တစ်စုံတစ်ယောက်ရောက်ရှိနေပြီး မိမိအား ချောင်းမြောင်းနေသည်ဟုနားလည်လိုက်၏။



"ဘယ်သူလဲ... ထွက်ခဲ့လို့ပြောနေတာမကြားဘူးလား"

သူကပြောရင်း လေတိုးသံကြားရာဆီသို့မှန်းဆကာ ပြေးထွက်လာသည်။ အိုစမ်းကေ့ကေ့သည် အခြေအနေမဟန်ကြောင်း နားလည်လိုက်၏။

ထို့ကြောင့် သူမက သစ်ပင်တစ်ပင်မှတစ်ပင်သို့ ကူးပြောင်းကာထွက်ပြေးရန်ကြိုးစားလိုက်သည်။

ယင်းတဏ်အချိန်လေးမှာပင်... ကျူးဟိုင်မင်သည် သူမအား တွေ့မြင်သွားလေတော့၏။

"ရပ်စမ်း"

သူသည် ဤသို့ အမိန့်ပေးအော်ဟစ်ရင်း အိုစမ်းကေ့ကေ့ရှိသော သစ်ပင်ဆီသို့ခုန်ပျံရောက်ရှိသွား၏။ ထို့နောက် အိုစမ်းကေ့ကေ့အား လက်ဝါးဖြင့်ရိုက်ချလိုက်လေသည်။

"ဝုန်း..."

အိုစမ်းကေ့ကေ့မှာ ကမန်းကတန်းရှောင်တိမ်းလိုက်ရသဖြင့် ဟန်ချက်ပျက်ကာ မြေပြင်ပေါ်ပြုတ်ကျသွား၏။ သူမသည် ချက်ချင်းပင် ခါးတွင်ချိတ်ဆွဲထားသောဓားကိုဆွဲထုတ်လိုက်သည်။

သို့သော် ပြုတ်ကျခဲ့သည့်အရှိန်ကြောင့် ခါးတွင်စည်းထားသောခါးစည်းကြိုးကပြတ်တောက်သွားသဖြင့် ဓားအိမ်ကော ဓားပါ ရောကာ လက်ထဲသို့ပါရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းတဒင်္ဂအချိန်လေးမှာပင်... ကျူးဟိုင်မင်သည် သူမ၏လည်မျိုကိုလက်တစ်ဖက်ဖြင့်ညှစ်ကာ သစ်ပင်ပင်စည်တွင်ဖိကပ်ထားလိုက်၏။

အိုစမ်းကေ့ကေ့၏ရင်ထဲ၌ စိုးထိတ်သွားသည်။

သို့သော် သူမသည် ဟန်မပျက်ပင် ကျူးဟိုင်မင်အား တင်းမာသောမျက်လုံးအစုံဖြင့်စိုက်ကြည့်လိုက်၏။

"မင်းနာမည်ဘယ်သူလဲ"

ကျူးဟိုင်မင်၏အသံက အေးတိအေးစက်နိုင်လှသည်။

အိုစမ်းကေ့ကေ့ ခံပြင်းသွားမိ၏။ ကျူးဟိုင်မင်၏နိုင့်ထက်စီးနင်းပြုခံရခြင်းအတွက် မခံမရပ်နိုင်အောင်ဖြစ်မိသည်။

ထို့ကြောင့် နှုတ်ခမ်းကိုတင်းတင်းစေ့ထားလိုက်၏။

ယင်းအချိန် ကျူးဟိုင်မင်က လက်ကို အားစိုက်လိုက်သည်။ အနည်းငယ်မျှ အားစိုက်လိုက်သည်နှင့်တစ်ပြိုင်နက် အိုစမ်းကေ့ကေ့မှာ မျက်လုံးများပြူးကျယ်လာလေသည်။

ကျူးဟိုင်မင်က သူမအား စိုက်ကြည့်လိုက်၏။ ရုတ်တရက် သူ၏မျက်နှာပေါ်တွင် ထူးဆန်းသောဟန်မူရာများပေါ်လွင်လာလေသည်။ အိုစမ်းကေ့ကေ့သည် သူထင်မှတ်ထားသလို ယောကျ်ားလေးတစ်ယောက်မဟုတ်ဘဲ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း နားလည်လိုက်သည်မဟုတ်ပါလော။



သူသည် ချက်ချင်းပင် လက်ကိုပြန်လည်ရုပ်သိမ်းလိုက်၏။

အိုစမ်းကေ့ကေ့သည် ကျူးဟိုင်မင်က လက်ကိုလွှတ်လိုက်သည့်တိုင်အောင် အသက်ရှူ၍မဝဘဲ ချောင်းတဟွတ်ဟွတ်ဆိုးလာလေသည်။

"အ... ဟွတ်... ဟွတ်"

အတန်ကြာမှ သူမသည် ချောင်းဆိုးရပ်ကာ ကျူးဟိုင်မင်အား ဒေါသကြီးစွာကြည့်လိုက်၏။ တစ်ဆက်တည်းပင် ဓားအိမ်ထဲမှ ဓားကိုဆွဲထုတ်ရန်ဟန်ပြင်လိုက်ပြန်သည်။

ကျူးဟိုင်မင်က မဲ့ပြုံးပြုံးကာ ဓားအိမ်အား လက်ညှိုးဖြင့်တစ်ချက်တောက်ထုတ်လိုက်၏။

"ဝှစ်...."

ရုတ်တရက် ဓားအိမ်ထဲမှဓားကလေးသည် လေထဲလွင့်တက်သွားလေသည်။ ယင်းတဒင်္ဂအချိန်လေးမှာပင် ကျူးဟိုင်မင်က လေထဲမှဓားကိုခုန်ဖမ်းယူကာ သစ်ပင်တစ်ပင်၏ထိပ်ဖျားတွင်စိုက်ထားလိုက်ပြီး အောက်သို့ပြန်လည်ခုန်ဆင်းလာလေသည်။

အိုစမ်းကေ့ကေ့ မျက်လုံးများပြူးကျယ်သွားလေသည်။

သူမသည် သစ်ပင်ပေါ်တွင်စိုက်ဝင်နေသောဓားနှင့် ကျူးဟိုင်မင်အား တစ်လှည့်စီကြည့်ကာ အသက်ရှူရန်ပင် မေ့လျော့နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျူးဟိုင်မင်က သူ့အား စိုက်ကြည့်ကာ အေးတိအေးစက် အသံဖြင့် တစ်ခွန်းချင်းပြောလိုက်လေသည်။

"မင်း မသေချင်ဘူးဆိုရင် ဘယ်သူလဲဆိုတာပြောစမ်း"

အိုစမ်းကေ့ကေ့မှာ ခံပြင်းနေသော်လည်း ကျူးဟိုင်မင်၏ စကားကို အဖြေမပေးဘဲမနေဝံ့တော့ပါ။

"အိုစမ်းကေ့ကေ့...."

ကျူးဟိုင်မင်၏မျက်လုံးများ ပင့်တက်သွားသည်။

"ဒါနဲ့ မင်းက ဒီနေရာကို ဘာလာလုပ်တာလဲ"

အိုစမ်းကေ့ကေ့က ဓားအိမ်လွတ်ကိုငုံ့ကြည့်နေပြီး သူ၏အမေးကိုအဖြေမပေးပါ။ ကျူးဟိုင်မင်က သူမ၏ခေါင်းမာပုံကိုကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"မီးလျှံဂိုဏ်းချုပ်ကြီးအိုရန်းတာ့ရဲ့မြေးက တကယ်ခေါင်းမာတယ်လို့ကြားဖူးတာဟာ အခုတော့ လက်တွေ့ပါပဲလား"

သူကပြောပြီး ရုတ်တရက် ဓားစိုက်ထားသည့်သစ်ပင်အား လက်ဝါးနှစ်ဖက်ဖြင့်ရိုက်ချလိုက်၏။ သစ်ရွက်များနှင့်အတူ အိုစမ်းကေ့ကေ့၏ဓားလည်းပြုတ်ကျလာ၏။ အိုစမ်းကေ့ကေ့က ပြုတ်ကျလာသောဓားကိုမော့ကြည့်ကာ မျက်လုံးများပြူးကျယ်သွားသည်။

အကြောင်းကား ဓားသည် သူမ၏ဦးခေါင်းတည့်တည့်ပေါ်သို့ပြုတ်ကျလာနေသည်မဟုတ်ပါလော။



သူမက ရှောင်တိမ်းရန်ဟန်ပြင်လိုက်သည်။ ရုတ်တရက် ကျူးဟိုင်မင်က သူမ၏ညာဘက်ပခုံးအား လက်တစ်ဖက်ဖြင့် ဖိကပ်ထားကာအေးတိအေးစက်လေသံဖြင့်....

"ငြိမ်ငြိမ်နေစမ်း"

သူ့စကားသံ ဆုံးသွားသည်နှင့်တစ်ပြိုင်နက် အပေါ်မှပြုတ်ကျလာသောဓားသည် အိုစမ်းကေ့ကေ့၏ဓားအိမ်ထဲသို့ဝင်ရောက်သွားလေသည်။ အိုစမ်းကေ့ကေ့၏မျက်လုံးများမှာ အဆမတန်ထပ်မံပြူးကျယ်သွားပြန်၏။ သူမသည် ကျူးဟိုင်မင်အားကြက်သေသေကာကြည့်နေမိလေသည်။ ကျူးဟိုင်မင်က သူမအား မကြည့်ပါ။

ရေတံခွန်ဘက်သို့လှည့်ကြည့်လိုက်ပြီး....

"မင်းက ကျုပ်မေးတဲ့မေးခွန်းတွေကို အဖြေပေးနိုင်ပြီမဟုတ်လား"

အိုစမ်းကေ့ကေ့က သူ့အားပြန်လည်စိုက်ကြည့်လိုက်သည်။

"ကျုပ် ခင်ဗျားကိုသတင်းတစ်ခုပေးချင်လို့"

ကျူးဟိုင်မင်က သူမဘက်သို့ဆတ်ခနဲလှည့်လိုက်၏။

"ဘာ မင်းကကျုပ်ကိုသတင်းတစ်ခုပေးချင်လို့ဟုတ်လား"

အိုစမ်းကေ့ကေ့ကခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ဘာသတင်းလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မရဏဗျပ်စောင်းပြန်ပေါ်လာပြီ"

"ဘာ...."

ကျူးဟိုင်မင်၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။

အိုစမ်းကေ့ကေ့ အလွန်အံ့သြသွားသည်။

သူမသည် ကျူးဟိုင်မင်အား စတွေ့စဉ်ကပင် အလွန်တည်ငြိမ်သောလူဖြစ်ကြောင်း သဘောပေါက်ထားလေသည်။

ယခု မရဏဗျပ်စောင်းဟူသောအသံကိုကြားလိုက်ရသည်နှင့် အဘယ့်ကြောင့် ဤမျှတုန်လှုပ်သွားရပါသနည်း။

သူမသည် မရဏဗျပ်စောင်းကို ပို၍စိတ်ဝင်စားလာလေသည်။ ယင်းအချိန်တွင် ကျူးဟိုင်မင်က ထိတ်ထိတ်ပျာပျာဖြင့် မေးလိုက်သည်။

"ပြောစမ်း... မရဏဗျပ်စောင်းက ဘယ်လိုပြန်ပေါ်လာတာလဲ"

အိုစမ်းကေ့ကေ့ကရှင်းပြလိုက်ရလေသည်။

"တောင်ကြားမြို့မှာ မရဏဗျပ်စောင်းကို လေလံတင်ပွဲလုပ်တယ်လေ၊ အဲဒီလေလံတင်ပွဲမှာ ရွှေမြားဂိုဏ်းက ဒုဂိုဏ်းချုပ်ရဲ့သားစွန်းထင်းလုကရသွားတယ်"

"ဒါဆိုရင် မရဏဗျပ်စောင်းက ရွှေမြားဂိုဏ်းကိုရောက်သွားမှာပေါ့"



"ဟုတ်ပါတယ်... အဲဒီဘိုးဘိုးက ဒီဗျပ်စောင်းပြန်ပေါ်လာတာဟာ လက်နက်ပါရဂူကြီးဖူချင်းလွေရဲ့သမီးကြီးက ရေတံခွန်ယဲကျပေမယ့် မသေလို့ပြန်ပေါ်လာတယ်လို့ယူဆပါတယ်"

"ဘယ်လိုဖြစ်တာလဲ... ဒီလောက်ရေစီးကြမ်းတဲ့နေရာမှာကျသွားခဲ့တာသေရမှာပေါ့... လူမှားတာများလား"

ကျူးဟိုင်မင်က ရေတံခွန်ဆီလှမ်းကြည့်ကာ တစ်ယောက်တည်းတီးတိုးရေရွတ်လိုက်၏။ အိုစမ်းကေ့ကေ့က သူ့အား အကဲခတ်ကြည့်နေလေသည်။ ရုတ်တရက် ကျူးဟိုင်မင်က သူမအားဆတ်ခနဲလှည့်ကြည့်လိုက်၏။

"ဒါနဲ့ မင်းဒီနေရာကိုရောက်လာတာဟာ ဒီစကားပြောဖို့သက်သက်လား"

BURMESE CLASSIC .com

အိုစမ်းကေ့ကေ့ကခေါင်းညိတ်လိုက်၏။

ကျူးဟိုင်မင်ကခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်ဘူး... မင်းမှာတခြားအကြောင်းတစ်ခုခုရှိဦးမယ်၊ ပြောစမ်း... ဘာကိစ္စနဲ့ရောက်လာရတာလဲ"

အိုစမ်းကေ့ကေ့ သူ့အားမော့ကြည့်လိုက်၏။ သူကသူမအားမျက်မှောင်ကုပ်၍စိုက်ကြည့်နေသည်ကိုတွေ့မြင်ရသည်။

"မင်းကျုပ်ကိုတစ်ခုခုဖုံးကွယ်ထားတာသေချာတယ်၊ အမှန်အတိုင်းပြောစမ်း"

www.burmeseclassic.com

www.burmeseclassic.com



အိုစမ်းကေ့ကေ့၏မျက်လုံးများ ပြူးကျယ်သွားရလေသည်။ သူမသည် လှုပ်ရှားနေသောစိတ်ကိုထိန်းချုပ်ကာ...

"ကျုပ်ကဘာကိုဖုံးကွယ်ထားလို့လဲ"

ကျူးဟိုင်မင်က သူမအားစိုက်ကြည့်လိုက်၏။ သူ၏အကြည့်မှာစူးရှထက်မြက်ပြီး ဓားပါးလေးနှစ်လက်ပမာ အသည်းနှလုံးသို့ ထိုးဖောက်ဝင်ရောက်လာသည်ဟု အိုစမ်းကေ့ကေ့ခံစားလိုက်ရလေသည်။ သူမသည် လိမ်ညာ၍မရမှန်းသဘောပေါက်လိုက်၏။

"ကျုပ်က ခင်ဗျားတီထွင်နေတယ်ဆိုတဲ့ဗျပ်စောင်းကို စိတ်ဝင်စားတာလဲပါတယ်"

ကျူးဟိုင်မင်က သူမ၏စကားကြောင့် မျက်နှာပေါ်တွင် ခံပြင်းသည့်ဟန်မူရာများပေါ်လွင်လာလေသည်။

သူက ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး...

"ကျုပ်ရဲ့ဗျပ်စောင်းကို ဘာမှစိတ်မဝင်စားသင့်ဘူး... မင်းတကယ်စိတ်ဝင်စားမယ်ဆိုရင် မရဏာဗျပ်စောင်းကိုပဲစိတ်ဝင်စားသင့်တယ်"

အိုစမ်းကေ့ကေ့သည် ကျူးဟိုင်မင်အနေဖြင့် ဗျပ်စောင်းလက်နက်ကိုမတီထွင်နိုင်သေးကြောင်းနားလည်လိုက်၏။

တကယ်တွင်မူ... သူမ အမှန်တကယ်စိတ်ဝင်စားသည်မှာ မရဏာဗျပ်စောင်းဖြစ်၏။



သို့သော် သူမသည် ရွှေမြားဂိုဏ်း မည်သည့်နေရာတွင်ရှိသည်ကိုမသိရသဖြင့် ယခုကဲ့သို့ မိမိသိသောကျူးဟိုင်မင်ရှိနေသည့်ယူးနန်လွင်ပြင်ဆီသို့ထွက်လာခဲ့ခြင်းဖြစ်လေသည်။ အိုစမ်းကေ့ကေ့သည် သက်ပြင်းတစ်ချက်ချကာရှင်းပြလိုက်လေသည်။

"အင်း... အမှန်အတိုင်းပြောရရင် ကျွန်တော်က အဲဒီမရဏာဗျပ်စောင်းကိုစိတ်ဝင်စားတာပါ... ဒါပေမယ့် ဘယ်လိုလိုက်ရမှန်းမသိဘူးဖြစ်နေတယ်"

ကျူးဟိုင်မင်က သူမအားမျက်မှောင်ကုပ်၍ကြည့်ကာ...

"မင်းက ရွှေမြားဂိုဏ်းရဲ့ဌာနချုပ်က ဘယ်နေရာမှာရှိတယ်ဆိုတာသိရင် သွားမှာလား"

အိုစမ်းကေ့ကေ့က စဉ်းစားခြင်းပင်မပြုဘဲ...

"ဟာ... လိုက်သွားမှာပေါ့"

ကျူးဟိုင်မင်ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... ဒါဆိုရင်ကျုပ်ပြောပြမယ်"

"တကယ်လားဗျ"

"တကယ်ပေါ့"

အိုစမ်းကေ့ကေ့က သူ့အနီးသို့တိုးကပ်ကာ ကမန်းကတန်းမေးလိုက်၏။

"သူတို့ဂိုဏ်း ဘယ်နေရာမှာရှိလဲဟင်"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျူးဟိုင်မင်က အေးတိအေးစက်လေသံဖြင့်

"ကျန်းနန်ဒေသ...."

ဟုပြောလိုက်၏။ အိုစမ်းကေ့ကေ့ထခုန်လိုက် ...

သူမကသေချာစေရန် ကျူးဟိုင်မင်အားထပ် ...

"ကျန်းနန်ဟုတ်လား"

ကျူးဟိုင်မင်ကခေါင်းညိတ်ပြလိုက်၏။

အိုစမ်းကေ့ကေ့က ဝမ်းသာအားရဖြင့်ခေါင်းညိ ...

"ဟုတ်ပြီ... ကျုပ် အဲဒီကျန်းနန်ကို ဘိုးဘိုးနဲ့ငါး ... က်

မနည်းရောက်ခဲ့ဖူးတယ်"

သူမသည် လက်နှစ်ဖက်ဆုပ်ဂါရဝပြုလိုက်ပြီး....

"ကျုပ်ကိုသွားခွင့်ပြုပါဦး... အခုလိုပြောပြတာ ကျေးဇူးတင်

ပါတယ်"

သူမသည် စကားဆုံးသည်နှင့်သစ်ပင်အောက်တွင် ချည်

နှောင်ထားသောမြင်းဖြူကြီးအား ဖြေလိုက်၏။

ထို့နောက် မြင်းပေါ်လွှားခနဲခုန်တက်ကာ ဒုန်းစိုင်းမောင်း

နှင်ထွက်ခွာသွားလေတော့၏။

*ပထမပိုင်းပြီး၏။*

*ဒု-ခေတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။*

BURMESE CLASSIC .com

www.burmeseclassic.com